# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၃၃၈)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဂျွန်နေလ်စင် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa, PVSM , AVSM , YSM , VM , ADC အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဂျွန်နေလ်စင်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယလေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa, PVSM , AVSM , YSM ,VM , ADC အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**


**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်**

စာမျက်နှာ-၃

**SMEs လုပ်ငန်းရှင်များသို့ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ-၅


## တောင်တွင်းကြီးမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် စက်တင်ဘာ ၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ယနေ့ မြန်မာစံတော်ချိန် ညနေ ၁၈ နာရီ ၀၂ မိနစ် ၁၃ စက္ကန့် အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အနောက်ဘက် ၂၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တောင်တွင်းကြီးမြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၇၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**မြန်မာ့အလင်း**




## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၄**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**




# နိုင်ငံတော်အစိုးရ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများ

ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားအကျိုးစီးပွား တိုးတက်စေရေးသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ချမှတ်ထားသည့် မျှော်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။ အဆိုပါ မျှော်မှန်းချက်အား ဆုပ်ကိုင်အကောင်အထည်ဖော်နိုင်ရေးကို ဦးတည်လျက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံတော်၏ ကုန်သွယ်မှုပမာဏသည် စဉ်ဆက်မပြတ် တိုးတက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ လေးလတာကာလအတွင်း နိုင်ငံတော်၏ ကုန်သွယ်မှုပမာဏသည် မူလလျာထားချက်၏ ၁၃၃ ရာခိုင်နှုန်းအထိ တိုးပွားမြင့်မားခဲ့ပါသည်။ ဤသည်မှာ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည့် ယခင်နှစ်ကုန်သွယ်မှုပမာဏ၏ အောင်မြင်မှုအရှိန်အဟုန်ကို လက်ဆင့်ကမ်းမြှင့်တင်လိုက်ခြင်း ဖြစ်ပါသည်။

အထက်၌ တင်ပြထားသကဲ့သို့ နိုင်ငံတော်၏ ကုန်သွယ်မှုပမာဏကို စဉ်ဆက်မပြတ် တိုးမြှင့်နိုင်ခဲ့ခြင်းသည် ကုန်သွယ်ရေးကဏ္ဍ၏ လုပ်ငန်းစဉ်များအား နိုင်ငံတော်၏စီးပွားရေးမူဝါဒများနှင့် မျှတမှန်ကန်စွာ ချိတ်ဆက်ပေးနိုင်သည့် လုပ်ငန်းစဉ် (၂၆)ရပ်ကို ချမှတ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ် (၂၆) ရပ်ကို အကောင်အထည်ဖော်ရာ၌လည်း ကုန်သွယ်မှုမြှင့်တင်ရေး(Trade Promotion)၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး (Trade Facilitation)၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး (Trade Negotiation)၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးရေး (Trade Liberalization)၊ ကုန်သွယ်မှုပညာပေးရေး (Trade Education) နှင့် စားသုံးသူအကာအကွယ်ပေးရေး (Consumer Protection) ဟူသောကဏ္ဍကြီး (၆)ရပ် ခွဲခြားသတ်မှတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် မူလရည်မှန်းချက်များကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများ ပိုမိုပေါ်လွင်စေရန် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ခြင်းလုပ်ငန်းစဉ်ကို ဥပမာပေး၍ တင်ပြလိုပါသည်။ ကမ္ဘာ့အကောက်အခွန်အဖွဲ့အစည်း (World Custom Organization -WCO)၏ ဦးဆောင်မှုဖြင့် နိုင်ငံတကာ၌ ကုန်သွယ်ကြသည့် ကုန်ပစ္စည်းတို့ကို အမျိုးအမည်ခွဲခြားသတ်မှတ်သည့်စနစ်(The Harmonized Commodity Description and Coding System - HS Code) ချမှတ်ထားပါသည်။ နိုင်ငံတော်၏ ကုန်သွယ်မှု၌ လိုင်စင်လျှောက်ရန်လိုအပ်သည့် ပို့ကုန်၊ သွင်းကုန်တို့၏ ကုန်ပစ္စည်းအမယ်စာရင်း (HS Code) ကို လျှော့ချသတ်မှတ်ထားပါသည်။ ကုန်ပစ္စည်းအမယ်စာရင်း (HS Code) လိုင်း ၁၂၄ လိုင်းအား အွန်လိုင်းမှ တစ်ဆင့်ပင် လျှောက်ထားထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်မှုအား မြှင့်တင်နိုင်ရန် ဒုတိယသမ္မတ(၁)က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ တစ်ဖက်၌လည်း နိုင်ငံတော်၏ ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရက အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိဂုံးချုပ်အားဖြင့် နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍပေါင်းစုံအား ခြုံငုံသုံးသပ်ချိတ်ဆက်လျက် ကြိုးပမ်းအကောင်အထည်ဖော်နေပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

## ဘီးလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများသို့ ထောက်ပံ့

**ဘီးလင်း စက်တင်ဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်၊ မော်လမြိုင် ခရိုင်ဦးစီးမှူး ဦးရဲဝင်းနှင့် ဝန်ထမ်းများသည် UNICEF မှ ထောက်ပံ့ပေးသော ရေနှင့် ရေသန့်ရှင်းမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ဩဂုတ်လနောက်ဆုံးပတ်က ဘီးလင်းမြို့နယ်အတွင်းရှိ နတ်ကြီးကျေးရွာအုပ်စု ရေဘေးသင့်ကျေးရွာများဖြစ်သော ရွာမ၊ ကွက်သစ်၊ ရှမ်းစု၊ ကရင်စု၊ ပြင်သာနှင့် ရွှေလောင်းအင်းကျေးရွာများသို့ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




## ကျောက်ဆည်မြို့နယ်၌ ကလေးစာပေပွဲတော်ကျင်းပရေး လုပ်ငန်းအကြို ညှိနှိုင်းစည်းဝေး

**ကျောက်ဆည် စက်တင်ဘာ ၄**

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် ကျောက်ဆည်မြို့နယ်စာကြည့်တိုက်များကွန်ရက်တို့ပူးပေါင်း၍ ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပရေးလုပ်ငန်း အကြိုညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ပြုလုပ်သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသီဟအောင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ကလေးစာပေပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် သထုံခရိုင်၌ ပြုလုပ်ခဲ့သည့် ကလေးစာပေပွဲတော် အတွေ့အကြုံများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်စာကြည့်တိုက်များကွန်ရက် နာယက ဦးဝမ်ကြည်က ကလေးစာပေပွဲတော် ကျင်းပရာတွင် မိမိတို့ စာကြည့်တိုက်များ ကွန်ရက်အနေဖြင့် လိုအပ်သည့် ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်းဦးက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအကြောင်း၊ မြို့မိမြို့ဖ ဦးစံမြက ရန်ပုံငွေကိစ္စရပ်များအကြောင်းတို့ကို ဆွေးနွေးခဲ့ကြသည်။




ယင်းနောက် မြို့နယ်စာကြည့်တိုက်များ ကွန်ရက်နာယကက စာပေပွဲတော်ကျင်းပရေးဆပ်ကော်မတီ ဖွဲ့စည်းထားမှုကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စာပေပွဲတော်ကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျောက်ဆည်)**

## ဘက်စုံသီးနှံပိုးမွှားရောဂါကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

စိုက်ပျိုးသူ တောင်သူများ စိုက်ခင်းတွင်ဖြစ်ပေါ်နေသည့် သီးနှံဖျက်ပိုးမွှားရောဂါများအတွက် ဖြေရှင်းသင့်သည့် နည်းလမ်းကောင်းကို တောင်သူများထံ ဖြန့်ဝေနိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့ဘဏ်၏ အထောက်အပံ့တစ်ခုဖြစ်သည့် Agri - cultural Development Support Project (ADSP) စီမံကိန်းဖြင့် ဘက်စုံသီးနှံပိုးမွှားရောဂါကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက အမှာစကားပြောကြားရာတွင် ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် ပြုလုပ်သည့် ဘက်စုံသီးနှံ ပိုးမွှားရောဂါကာကွယ်ရေးအလုပ်ရုံဆွေးနွေးပွဲသည် တောင်သူများ ဝင်ငွေကောင်းပြီး အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ပေးနိုင်ရန်အတွက် တက်ရောက်လာကြသည့် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် သီးနှံနှင့်ပတ်သက်သည့် ပိုးမွှားရောဂါနည်းပညာဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်ရန် ရည်ရွယ်သည့်အတွက် သေချာလေ့လာ ဆွေးနွေးမှတ်သားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အခမ်းအနားသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်လွင်ဦးနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သီးနှံအလိုက် သုတေသနပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို လေးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

**ထင်သာမြင်သာ ပြုပြင်စရာ**

## ပင်လယ်ဘူးမြို့နယ်ရှိ ကုန်းကြီးကျေးရွာနှင့် နားလုံကား ကျေးရွာချင်းဆက်လမ်း အမြန်ကောင်းစေလို

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လယ်ဘူးမြို့နယ် ကုန်းကြီးကျေးရွာနှင့် နားလုံကား ကျေးရွာချင်းဆက်လမ်းသည် ဘန့်ဘွေးကုန်းအုပ်စု ပင်လယ်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ အများပြည်သူ နေ့စဉ်သွားလာအသုံးပြုနေသော လမ်းဖြစ်သည်။

အဆိုပါလမ်းကို ကျောင်းသား ကျောင်းသူများ နေ့စဉ် စက်ဘီး၊ ဆိုင်ကယ်၊ ကားများဖြင့် တစ်ဖုံ၊ ခြေကျင်ခရီးဖြင့် တစ်မျိုး၊ လူမှုရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အချိန်တိုအတွင်း ခရီးပေါက်၍ သွားလာနေကြသော လမ်းဖြစ်သည်။



အချိန်ကြာမြင့်လာသည်နှင့်အမျှ လမ်းအသုံးပြုမှုများလာသဖြင့် အဆိုပါလမ်းမှာ ချိုင့်ခွက်၊ ရွှံ့နွံရေအိုင်များဖြင့် ပြည့်နှက်လာသည်။ ထို့ကြောင့် ဒေသခံပြည်သူများ၊ လမ်းသွားလမ်းလာ ခရီးသွားများက လမ်းအမြန်ကောင်းစေရန် မျှော်လင့်တောင့်တနေကြကြောင်း သိရသည်။ **လဘန်အောင်(ကချင်မြေ)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နန္ဒီမစ်သရ ကေနရက အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ နန္ဒီမစ်သရ ကေနရက သည် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင် တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နှစ်နိုင်ငံအကြား ဥပဒေရေးရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုင်ရာ ဒုတိယရှေ့နေချုပ် Mr. Luo Shaohua အား ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဥပဒေရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများနှင့် ပညာသင်ဆုများ ဆက်လက်ပံ့ပိုးနိုင်ရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများတွင် အတွေ့အကြုံများ ဖလှယ်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရာတွင် အပြန်အလှန် အကူအညီပေးရေး၊ ရှေ့နေချုပ်ရုံးများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရုတ်နိုင်ငံ ဝမ်တိန်မြို့၌ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**မူဆယ် စက်တင်ဘာ ၄**

တရုတ်-မြန်မာ ကုန်သွယ်မှုလုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီခန့်က တရုတ်နိုင်ငံ ဝမ်တိန်မြို့၌ ကျင်းပသည်။

အဆိုပါ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲကို မြန်မာနိုင်ငံဘက်မှ မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းနှင့် ကုန်သွယ်ရေးဝန်ထမ်းများ၊ အကောက်ခွန်ဝန်ထမ်းများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ ဥက္ကဋ္ဌ ဦးရှင်ဖူးနှင့် ချစ်ကြည်ရေးအဖွဲ့ဝင်များ၊ မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

တရုတ်နိုင်ငံ ရွှေလီမြို့မှ မြို့တော်ဝန် မစ္စတာ ရှဲ့တဖုန်း၊ ဒုတိယမြို့တော်ဝန် ဝမ့်ခွန်ဖုန်းနှင့် ပြည်ပရေးရာ ဆက်ဆံရေးဌာနမှူး ထန့်ဟွမ်းကန်း တို့ အပါအဝင် ရွှေလီအကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်များပါ နှစ်မျိုးစလုံးဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြောင်း၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်မှုတွင် မူဆယ်ရွှေလီ ကုန်သွယ်မှုသည် အကြီးမားဆုံးဖြစ်ကြောင်းနှင့် လူဝင်လူထွက်ကိစ္စ၊ ကုန်သွယ်မှု နည်းပညာရပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုလုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များ စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

ထို့နောက် နှစ်နိုင်ငံဘက်မှ တက်ရောက်လာကြသူများက တရားဝင် ကျွဲ၊ နွား တင်သွင်းမှု တရားမဝင်တင်သွင်းမှု၊ ပဲ၊ ပြောင်း၊ ဆန် တင်သွင်းမှု၊ အမှတ် (၄) ဂိတ်ဖွင့်လှစ်နိုင်ရေး၊ စမတ်ကတ်အခြေအနေ ကားဝင်ထွက်ရာတွင် အခွန်လျှော့ချစေသည့် နှစ်နိုင်ငံနယ်စပ်ဒေသတွင် ကြုံတွေ့နေသည့် ကိစ္စရပ်များ၊ သက်ဆိုင်ရာဌာနအလိုက် ဆွေးမေးမြန်းကြသည်။

နယ်စပ်ဒေသ အလုပ်သမားဝင်ရောက်မှုတွင် တရားဝင် ဝင်ရောက်လုပ်ကိုင်မှုများ လိုအပ်ကြောင်း၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ရွှေလီမြို့တော်ဝန်က ပြောသည်။

**သန့်ဇင်-မူဆယ်**




# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ရိုက်တာသတင်းထောက် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့အား ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၉/၂၀၁၈) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုသက်ဦးမောင် (ခ) ကိုဝလုံး နှင့် ကိုကျော်စိုးဦး (ခ) ကိုမိုးအောင် တို့ နှစ်ဦးအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးမှ ထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့သည်ဟု သိရှိရပါကြောင်း၊ ထိုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် မိမိတို့မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တစ်စုံတစ်ရာ မှတ်ချက်ပြုရန် မရှိပါကြောင်း၊ သို့ရာတွင် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပမှ ပြင်းထန်စွာ ဝေဖန်ကန့်ကွက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ကိုလည်း သိရှိရပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါကိစ္စကို နိုင်ငံတော်အတွက် ရှုထောင့်ပေါင်းစုံမှ အလေးထား စဉ်းစားပေးပါရန်နှင့် အယူခံတက်ခွင့်၊ ရှေ့နေနှင့် တွေ့ဆုံခွင့် အပါအဝင် ၎င်းတို့၏ လူ့အခွင့်အရေးများကို ရရှိခံစားနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦးက သိန်းငှက်စစ်ဆင်ရေးစီမံချက်တွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

**မန္တလေး စက်တင်ဘာ ၄**

မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ယနေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦးက မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ ဌာနစိတ်မှူးများ၊ မန္တလေးခရိုင်လက်အောက်ရှိ မြို့နယ်ခုနစ်မြို့နယ်မှ မြို့နယ်မှူးများ၊ စခန်းမှူးများနှင့် သိန်းငှက်စစ်ဆင်ရေးတွင် ပါဝင်သည့် လှုပ်ရှားရဲကင်းမှူးများ စုစုပေါင်း ၉၀ ကျော်တို့နှင့် တွေ့ဆုံ၍ သိန်းငှက်စစ်ဆင်ရေးစီမံချက်ဆိုင်ရာ ရဲလုပ်ငန်းစဉ်များအား ဆောင်ရွက်နေရာတွင် ပိတ်ဆို့လှည့်ကင်း၊ ရပ်ကင်း၊ ပညာပေးဟောပြောမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ လုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် လစ်ဟာမှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်ရန်၊ ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန်နှင့် ဖြစ်ပွားမှုခင်းများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အစွမ်းကုန်ဆောင်ရွက်ရန်၊ မြို့နယ်မှူး၊ စခန်းမှူးများမှ မိမိနယ်မြေအတွင်း သိန်းငှက်စစ်ဆင်ရေးစီမံချက် ဆောင်ရွက်နေမှုများအား အထူးကြပ်မတ် ဆောင်ရွက်သွားကြရန် ထူးခြားမှုဖြစ်စဉ်ရှိပါက အချိန်နှင့်တစ်ပြေးညီ အလေးထား သတင်းပို့ဆောင်ရွက်သွားကြရန် မှာကြားထားရှိခဲ့ကြောင်း သိရသည်။ **အောင်စံမောင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ-၁၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ လယ်ယာကဏ္ဍတွင် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဖုန် တည်ထောင်အကောင်အထည် ဖော်ရေးအတွက် ဆောင်ရွက်သွားမည့် နေရာများကို နှစ်နိုင်ငံအကြား ညှိနှိုင်းရွေးချယ်သွားရေးနှင့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ မြန်မာနိုင်ငံမှ ပါဝင်ပြသမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# တောင်ငူဆောင်စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်တက္ကသိုလ် မြန်မာစာ ကျောင်းသားဟောင်းများအသင်းနှင့် ရန်ကုန်တက္ကသိုလ် (မြန်မာစာဌာန)တို့ ပူးပေါင်းဆောင်ရွက်သည့် မိုးရာသီစာပေလှုပ်ရှားမှုအဖြစ်လည်းကောင်း၊ အနန္တကျေးဇူးရှင်ဆရာကြီး ဦးဖေမောင်တင် ကြေးရုပ်တုဖြစ်မြောက်ရေး အတွက်လည်းကောင်း ရည်ရွယ်၍ စာပေဟောပြောပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာစာခန်းမ၊ တောင်ငူဆောင် (မြေညီထပ်)၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် **ဆရာမောင်ခင်မင်(ဓနုဖြူ)** က **"ဦးဖေမောင်တင်-တစ်ခေတ်မှာ တစ်ယောက်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **ဆရာလက်ာရည်ကျော်**က **"ကြိုးကြာတောင်ပံခတ်သံ၏ဂီတ"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောမည်ဖြစ်ပြီး စာပေဝါသနာပါသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**





# ဆေးနှင့် ဆေးပစ္စည်း ဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

ဆေးနှင့် ဆေးပစ္စည်း ဝယ်ယူဖြန့်ဖြူးရေး လုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီးက အမျိုးသားကျန်းမာရေးစီမံကိန်း၏ ပန်းတိုင်တစ်ခုဖြစ်သော လူသားအားလုံးလိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုကို အရည်အသွေးပြည့်ဝစွာနှင့် ငွေကြေးအခက်အခဲမရှိ ရယူနိုင်စွမ်းရှိရမည်ဖြစ်သော လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှုရရှိရေးကို ဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ရည်မှန်းထားသည့် ပန်းတိုင်သို့ ရောက်ရှိရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ဝိုင်းဝန်းကြိုးပမ်းနေကြရာတွင် ဆေးနှင့် ဆေးပစ္စည်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်းသည်လည်း အဓိကအကျဆုံး လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။

ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသ ကြီး / ပြည်နယ်အသီးသီးမှ ဝယ်ယူ ဖြန့်ဖြူးရေး တာဝန်ခံများအနေနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဗဟိုနှင့်ပူးပေါင်းပြီး ကောင်းမွန်သော ဝယ်ယူဖြန့်ဖြူးရေးစနစ် Model တစ်ခု တည်ဆောက်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း အလေးအနက်ထား တိုက်တွန်းပြောကြားသည်။

အခမ်းအနားကို စက်တင်ဘာ ၅ ရက်ထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဥရောပကုန်သည်ကြီးများအသင်း၏ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော်သည် ဥရောပကုန်သည်ကြီးများအသင်း၏ ဒုတိယညွှန်ကြားရေးမှူး Mr. Marc de la Fouchardiere နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ဥရောပကုန်သည်ကြီးများအသင်း၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ဉာဏပစ္စည်းဥစ္စာမူပိုင်ခွင့်၊ အခြေခံအဆောက်အအုံ လိုအပ်ချက်များနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ(၂၀၁၈)အသစ်ကို အများပြည်သူသိရှိနိုင်ရေးအတွက် ဟောပြောပွဲများ ပြုလုပ်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ(၂၀၁၈)အသစ်ကို အများပြည်သူသိရှိပြီး ဥပဒေတားမြစ်ချက်များနှင့် ပြစ်ဒဏ်များကို သိရှိနိုင်ရေးအတွက် အသိပညာပေး ဟောပြောပွဲများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် အဖွဲ့များဖွဲ့၍ ခရိုင်အလိုက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဟောပြောပွဲများ ပြုလုပ်လျက်ရှိရာ စက်တင်ဘာ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ ဒလမြို့နယ်အတွင်းရှိ ပြည်သူများ၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား သွားရောက်ဟောပြောခဲ့ကြောင်း သိရသည်။ ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒလမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်နှင့် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွေးတင်တို့က ရန်ကုန် မြို့တော်စည်ပင်သမိုင်းကြောင်းနှင့် စည်ပင်သာယာရေးဥပဒေ (၂၀၁၈) ရေးဆွဲခဲ့ပုံအဆင့်ဆင့်ကို ပြည်သူများအားရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တောင်ပိုင်းခရိုင် အသိပညာပေးရေးအဖွဲ့ ခေါင်းဆောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးစောဝင်းမောင်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေများအကြောင်းကို ပြောကြားပြီး ဒလမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးခင်မောင်ကြွေ က စည်ပင်သာယာဥပဒေတွင် ပါဝင်သော ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြသည်။

"အခုလိုဟောပြောတာက ပြည်သူတွေသိအောင် လို့ပေါ့နော်။ ပြည်သူတွေအားလုံး ပါဝင်ပြီးဆောင်ရွက်သွားမယ်ဆိုရင် ရန်ကုန်မြို့ကြီးဟာပိုပြီးတော့ သန့်ရှင်းလာမယ်၊ သပ်ရပ်လာမယ်၊ တောက်ပြောင်လာမယ်၊ လှပလာမယ်၊ အဲဒီအတွက် ကျွန်တော်တို့က ဒီဥပဒေကိုရှင်းပြတာပါ" ဟု ဥပဒေရှင်းလင်းပွဲနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးစောဝင်းမောင်က ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တောင်ပိုင်းခရိုင် အသိပညာပေးရေးအဖွဲ့အနေဖြင့် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒေါပုံ၊ သာကေတ၊ ဗိုလ်တထောင်၊ ရန်ကင်းနှင့် ဒလမြို့နယ်များတွင် ဥပဒေသစ်နှင့်ပတ်သက်၍ ရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပြီး ပုဇွန်တောင်မြို့နယ်နှင့် ဆိပ်ကြီးခနောင်တို မြို့နယ်များတွင်လည်း အလားတူရှင်းလင်းပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အသိပညာပေးရေးအဖွဲ့အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈)နှင့် ပတ်သက်၍ ကော်မတီဖွဲ့စည်းခြင်း၊ ရွေးကောက်တင်မြှောက်ခြင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များ၊ ကော်မတီ၏ လုပ်ပိုင်ခွင့်များ၊ မြို့ပြစီမံကိန်းနှင့် မြေများစီမံခန့်ခွဲခြင်းဆိုင်ရာ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဆိုင်ရာ၊ အဆောက်အအုံဆိုင်ရာ၊ အခွန်အခစည်းကြပ်ကောက်ခံခြင်းဆိုင်ရာ၊ လမ်းတံတားစကြံနှင့် ရေမြောင်းများဆိုင်ရာ၊ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းဆိုင်ရာ၊ ရေနုတ်မြောင်းများဆိုင်ရာ၊ မိလ္လာနှင့် ရေဆိုးသိမ်းဆည်းသန့်စင် စွန့်ပစ်ခြင်းဆိုင်ရာ၊ ကျန်းမာရေးနှင့် ဈေးများဆိုင်ရာ၊ တိရစ္ဆာန်မွေးမြူခြင်း၊ အသားထုတ်လုပ်ခြင်း၊ ရောင်းချခြင်းဆိုင်ရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာတားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို အဓိကထား ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲအပြီးတွင် အသိပညာပေးရေးအဖွဲ့ဝင်များက ဒလမြို့နယ် သဘော်ဆိပ်ကမ်းတွင် ဥပဒေအသစ်၏ သိကောင်းစရာများအကြောင်း ပါဝင်သောလက်ကမ်းစာစောင်များကို ပြည်သူများထံ ဝေငှခဲ့ကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ(၂၀၁၈)အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း က ဇွန်လ ၂၈ ရက်နေ့က အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**





ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် အိန္ဒိယတပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa, PVSM, AVSM, YSM, VM, ADC တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

ဓာတ်ပုံ-တပ်မတော်သတင်းစဉ်

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော် အိန္ဒိယတပ်မတော် လေတပ် ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၄**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ အိန္ဒိယတပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa, PVSM, AVSM, YSM, VM, ADC အား ယနေ့ နံနက် ပိုင်းတွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် အိန္ဒိယတပ်မတော် လေတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံရာ မြန်မာ-အိန္ဒိယ လေတပ်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ သင်တန်းသားများ စေလွှတ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာများ အပြန်အလှန်ဖလှယ်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ထွန်းအောင်နှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော် လေတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Naveen Mahajan နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း တပ်မတော်သတင်းစဉ်မှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလျှားစာကြည့်တိုက်သို့ လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်

မန္တလေး စက်တင်ဘာ ၄

**ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလျှားစာကြည့်တိုက်သို့ လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ကင်းဝေဘယာအောင်ချမ်းသာ တောဝေးတန်းဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။**

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အမှာစကားပြောကြားပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလျှားစာကြည့်တိုက်ဖြင့် မန္တလေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ရပ်ကွက်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ ကွင်းဆင်း၍ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေ ပြည်သူများ ၊ ဝန်ထမ်းများကို သုတ၊ ရသ စာအုပ်၊ စာပေများ ငှားရမ်းပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြား၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မောရဂီဝါရပ်ကွက် အမျိုးသမီးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်တင်တင်မာနှင့် ရပ်မိရပ်ဖ ဦးလှဝင်းတို့က ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလျှားစာကြည့်တိုက်လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူရှင် ဦးညီညီထွန်း - ဒေါ်နန်းလှခင်၊ သား မောင်ကျန်စစ်ရှင်၊ သမီး မနန်းမြူမှန်ဖွေး (ရွှေအား ဓာတ်မြေသြဇာဖြန့်ချိရေး) မိသားစုက အလှူငွေကျပ် သိန်း ၃၀ နှင့် အလှူရှင် ဦးထွန်းထွန်းနိုင်-ဒေါ်ဦးသာဝင်း (စိုးဝင်း လက်ဖက်ခြောက်) မိသားစုတို့က အလှူငွေကျပ် ငါးသောင်းတို့ကို လှူဒါန်းပေးမှုအတွက် တိုင်းဒေသကြီး ဝန်ကြီး ဒေါက်တာစိုးသန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်စံမောင်**



**✻ ကျောဖုံးမှ**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော် လေတပ်ဦးစီးချုပ်နှင့်အတူ အိန္ဒိယတပ်မတော် လေတပ်မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Naveen Mahajan နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း တပ်မတော်သတင်းစဉ်မှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ကိုယ်စားလှယ်များရွေးချယ်ရေး ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၄**

ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိ ကောင်စီတွင် ပါဝင်မည့် အဖွဲ့ဝင်ကိုယ်စားလှယ်များ ရွေးချယ်ရေး လုပ်ထုံးလုပ်နည်း(မူကြမ်း) ဆွေးနွေးပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Inya Lake Hotel ၌ ကျင်းပခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အိုင်အယ်လ်အို (ရန်ကုန်ရုံး)မှ Mr. Rory Mungoven (ILO, Liaison Officer)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (AFFM-IUF)၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF) တို့မှ ကိုယ်စားလှယ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များမှ အတွင်းရေးမှူးများနှင့် အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၅၄ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ယခင်က အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များတွင် ပါဝင်မည့် ကိုယ်စားလှယ်များ ရွေးချယ်ရေးနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်း သတ်မှတ်ပြဋ္ဌာန်းထားမှုမရှိသည့်အပေါ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလုပ်ထုံးလုပ်နည်းကို ရေးဆွဲသတ်မှတ်ခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားများကို ကိုယ်စားပြုသည့် စစ်မှန်သော ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရေးနှင့် ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် စနစ်တကျ ရွေးချယ်နိုင်ရေးအတွက် ကိုယ်စားလှယ်များရွေးချယ်ရေး လုပ်ထုံးလုပ်နည်း(မူကြမ်း) အပေါ် တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**ခင်ရတနာ**

# မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် စက်တင်ဘာ ၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၆ ဒသမ ၂၂ လက်မ၊ တောင်ကုတ်မြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ကျိုက်မရောမြို့တွင် ၄ ဒသမ ၂၀ လက်မ၊ ပုသိမ်ကြီးမြို့တွင် ၃ ဒသမ ၉၅ လက်မ၊ ဇန်းမော်မြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ကိုကိုးကျွန်းမြို့နှင့် ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တို့တွင် ၃ ဒသမ ၀၈ လက်မစီနှင့် ပေါင်မြို့တွင် ၂ ဒသမ ၉၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# SMEs လုပ်ငန်းရှင်များသို့ သတင်းထုတ်ပြန်ချက်

မြန်မာ့စီးပွားရေးဘဏ်သည် SMEs လုပ်ငန်းများအား ဘဏ္ဍာငွေ ပံ့ပိုးကူညီရန် JICA မှ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (ODA) ချေးငွေရယူ၍ SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်-၁(Phase-1)နှင့် အဆင့်-၂ (Phase-2) တို့တွင် စီမံကိန်းစီမံခန့်ခွဲသူ (Executing Agency) အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် အကျုံးဝင်သော SMEs လုပ်ငန်းများ**

၂၀၁၅ ခုနှစ် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ-၂(က)၊(ခ) တွင် ပါရှိသည့် SME သတ်မှတ်ချက်နှင့် ညီညွတ်သည့် အောက်ဖော်ပြပါ SME လုပ်ငန်းများ ချေးငွေရယူနိုင်ပါသည် -

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း
(ခ) လုပ်သားအခြေပြုလုပ်ငန်း
(ဂ) လက်လီရောင်းဝယ်ရေးလုပ်ငန်း
(ဃ) လက္ကားရောင်းဝယ်ရေးလုပ်ငန်း
(င) ဝန်ဆောင်မှုလုပ်ငန်း
(စ) အခြား

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် အကျုံးမဝင်သောလုပ်ငန်းများ**

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရန် အရည်အသွေးပြည့်မီမှုရှိသော လယ်သမားများ
(ခ) အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ
(ဂ) ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်း
(ဃ) အဖိုးတန်သတ္တုရောင်းဝယ်ရေးလုပ်ငန်းများ
(င) အရက်ဆိုင်များနှင့် ပျော်ပွဲစားရုံလုပ်ငန်း
(စ) ဖြေဖျော်မှု၊ တင်ဆက်မှု (နိုင်ငံခြားခရီးသွားလုပ်ငန်းမပါ) လုပ်ငန်း
(ဆ) လက်နက်၊ ခဲယမ်းထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းစသည့် လုပ်ငန်းများအား ငွေထုတ်မချေးပါ။

| စဉ် | JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း ချေးငွေထုတ်ချေးခြင်းအတွက် သတ်မှတ်ချက် | |
|---|---|---|
| ၁ | SME လုပ်ငန်းတစ်ခုသို့ ထုတ်ချေးနိုင်သည့် ငွေပမာဏ | အများဆုံး ကျပ်(၅၀၀) သန်း |
| ၂ | ချေးငွေအား အသုံးပြုရာတွင် သတ်မှတ်ချက် | Fixed Capital အတွက် ၈၀% |
| | | Working Capital အတွက် ၂၀ % |
| ၄ | ချေးငွေအတိုးနှုန်း | ၁ နှစ်လျှင် ၈.၅ % |
| ၅ | ချေးငွေသက်တမ်း | ၁ နှစ် အထက်မှ ၅ နှစ်ထိ |

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၁ (Phase-1) တွင် ချေးငွေရယူရန် ဆက်သွယ်လျှောက်ထားနိုင်သည့်ဘဏ်များမှာ -**

(၁) အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်
(၂) မြန်မာ့ရှေ့ဆောင်ဘဏ်
(၃) မြန်မာနိုင်ငံသားများဘဏ်
(၄) ရောဝတီဘဏ်
(၅) ကမ္ဘောဇဘဏ်
(၆) သမဝါယမဘဏ်

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၂ (Phase-2) ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်**

JICA SME Two-Step Loan စီမံကိန်း ဒုတိယအဆင့် (Phase-2) တွင် ချေးငွေဂျပန်ယန်း (၁၄၉၄၉)သန်းချေးယူရန် (၂၂-၂-၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး နဝမနေ့၌ အတည်ပြုခဲ့ပြီးဖြစ်ပါသဖြင့် ချေးငွေစာချုပ် (Loan Agreement)အား (၂၉-၃-၂၀၁၈) ရက်နေ့တွင် ချုပ်ဆိုခဲ့ပါသည်။ ယခုအခါ စီမံကိန်းအဆင့်-၂ အကောင်အထည်ဖော်ဆောင်ရွက်ရန် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်း Participating Financial Institutions(PFIs) ဘဏ်များအဖြစ် (၁) မြန်မာနိုင်ငံသားများဘဏ်၊ (၂)ကမ္ဘောဇဘဏ်၊ (၃) မြန်မာ့စီးပွားရေးဘဏ်၊ (၄) သမဝါယမဘဏ်၊ (၅) ရောဝတီဘဏ်၊ (၆) ပထမပုဂ္ဂလိကဘဏ်နှင့် (၇) ယူနိုက်တက်အမရာဘဏ်တို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ (၂-၈-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ချေးငွေရရှိရေးလုပ်ငန်း (Working Committee)က အတည်ပြုရွေးချယ်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွင်း ချေးငွေ ဂျပန်ယန်း ၃ ဘီလီယံနှင့် ညီမျှသော မြန်မာကျပ် ၃၆ ဘီလီယံခန့်အား ရွေးချယ်ထားသည့် PFIs ဘဏ်(၇)ခုမှတစ်ဆင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (SMEs)များသို့ ထုတ်ချေးသွားမည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဂျပန်ယန်း (၁၁.၅)ဘီလီယံ **(မြန်မာကျပ် (၁၅၁.၆၈၅) ဘီလီယံခန့်) ကို** ချေးငွေထုတ်ချေးသွားရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# မြန်မာ့ယဉ်ကျေးမှု လက်မှုအတတ်ဗိသုကာပညာဖြင့် ပြာသာဒ် တည်ဆောက်မှုများကို လေ့လာမိသမျှ

မြမဥ္ဇူဝေ(ကျုံမငေး)

မြန်မာ့ရိုးရာ လက်မှုအတတ်ပညာ ဗိသုကာလက်ရာဖြင့် အဆောက်အအုံတို့၏ အထွတ်အထိပ်တွင် ဘုံအဆင့်ဆင့်ဖြင့် မွမ်းမံတည်ထားလေ့ရှိသော အဆောက်အအုံကို "ပြာသာဒ်" ဟူ၍ ခေါ်ခဲ့ကြသည်။

"ပြာသာဒ်" ဆိုသော စကားလုံးသည် ပါဠိဘာသာ "ပါသာဒ" မှ မြန်မာဘာသာ "ပြာသာဒ်" အဖြစ် ပြောင်းလဲလာသော စကားဖြစ်သည်ဟု သိရပြီး သသံကရိုက်ဘာသာ "ပြသာဒ်" မှ မြန်မာဘာသာ "ပြာသာဒ်" ဖြစ်လာသည်ဟုလည်း ဆိုထား၏။ စာပေအထောက်အထားများတွင်လည်း "ပြာသာဒ"မှ ပြောင်းလဲလာသော "ပြာသာဒ်" ဟု ဆိုထားသည်။ မြန်မာစာ အဘိဓာန်တွင် "ဘုံအဆင့်ဆင့် ထုပိကာတင်သော အဆောက်အအုံ" ဟု ဆိုသည်။

ရှေးအခါက "ပြာသာဒ်အစ ဝေဇယန္တာက" ဟူသော စကားလည်းရှိသောကြောင့် လေ့လာလိုက်သောအခါ ဘုံအဆင့်ဆင့်ပါသော အဆောင်၊ အဆောက်အအုံများကို တည်ဆောက်ရာတွင် အမိုးဘုံအဆင့်ဆင့်နှင့် လေးမျက်နှာပါရှိသော အဆောက်အအုံမျိုးဖြစ်၍ သာသနာ့ထွတ်ခေါင် ဗုဒ္ဓဘုရားရှင်နှင့် သက်ဆိုင်သည့် အဆောက်အအုံများ၊ ပြည့်ဦးသျှောင်ဘုရင်များ နေထိုင်ရာ တစ်နည်းအားဖြင့် အသုံးပြုစီးနင်းကြသော ရေယာဉ်များတွင် ဆောက်လုပ်တတ်ကြ၏။ ထိုအခါ အဆင့်ဆင့်သော ဘုံကို ဘုံသုံးဆင့်၊ ဘုံငါးဆင့်၊ ဘုံကိုးဆင့်ပါများဖြင့် တည်ဆောက်တတ်ကြ၏။ ထို့ကြောင့် မြန်မာ့ဗိသုကာ နယ်တွင် "ပြာသာဒ်" ဟူသော အဆောက်အအုံများသည် အဆင့်အမြင့်ဆုံး ထိပ်တန်းဆင့် အဆောက်အအုံမျိုးဖြစ်သည်ဟု ဆိုရမည်။

**ပြာသာဒ်ဆောက်နည်း နှစ်မျိုးရှိ**

ပြာသာဒ်ဆောက်လုပ်ရာတွင် မြန်မာဗိသုကာနယ်အရ "တင်း" သော အဖြောင့်ပြာသာဒ်နှင့် "ပျော့" သော အကွေးပြာသာဒ် ဟူ၍ ရှိကြောင်း သိရသည်။ တင်းလွန်း၊ ပျော့လွန်းလျှင်လည်း ပြာသာဒ်မှာ မလှဘဲ ရှိတတ်ကြောင်း၊ သို့သော် အခြေအနေပေါ်မူတည်၍ နှစ်မျိုးစလုံး သူ့နေရာနှင့်သူ ဆောက်လေ့ရှိကြပြီး ဘုံသုံးဆင့်၊ ဘုံငါးဆင့် ပြာသာဒ်တို့၌ တင်းလွန်းသော အချိုးကိုသုံးပြီး ဘုံ ၁၁ ဆင့် ပြာသာဒ် ဆောက်လုပ်ရာတွင် ပျော့လွန်းသောအချိုးကို အသုံးပြုတတ်ကြောင်းလည်း မှတ်သားရသည်။

ရှေးအခါက အဆောက်အအုံတစ်ခုဆောက်လုပ်ပါက ငွေပေါများ ချမ်းသာသည်ဆိုပြီး ဆောက်ခွင့်မရှိ။ ဘုရင့်ခွင့်ပြုချက်ရမှသာ ဆောက်ခွင့်ရ၏။ ထို့ကြောင့် ထိုခေတ် အခါက အဆောက်အအုံကို မြင်ရုံနှင့် ရတနာသုံးပါးနှင့် ဆိုင်သော၊ ထီးနန်းနှင့်ဆိုင်သော၊ မှူးမတ်နှင့်ဆိုင်သော အဆောက်အအုံဟု ခွဲခြားသိနိုင်၏။ ထို့အပြင် အလှူရှင် မည်သူ မည်ဝါဟု ခွဲခြားသိမြင်နိုင်၏။

**ပြာသာဒ် သုံးဆောင်ကို ဆောက်စေခဲ့**

ဂေါတမဘုရားရှင် သိဒ္ဓတ္ထမင်းသားဘဝ သက်တော်တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်လာသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်စံမြန်းရန်အတွက် နေပြည်တော်တွင်းရှိ ဗိသုကာ လက်သမား၊ ပန်းရန်၊ ပန်းပု၊ ပန်းချီ၊ ပညာကျွမ်းကျင်သူတို့ကို ခေါ်စေပြီး ကောင်းမြတ်သော မင်္ဂလာအခါ၌ ပြုဖွယ်ကိစ္စတို့ကို ပြုပြီးနောက် နွေအခါ၌ ဘုံငါးဆင့်၊ မိုးအခါ၌ ဘုံခုနစ်ဆင့်၊ ဆောင်းအခါ၌ ဘုံကိုးဆင့်ပါ ပြာသာဒ် သုံးဆောင်ကို ဆောက်စေခဲ့သည်ဟုလည်း မှတ်သားရသည်။



"ပြာသာဒ်တွင် အဖြူထည်ပြာသာဒ်ကို နန်းရိုးပြာသာဒ်ဟုခေါ်၍ အမြောက်တည်ပြာသာဒ်ကိုသာလျှင် ပြာသာဒ်ဟုခေါ်၍ ပြာသာဒ်အင်္ဂါအပြည့်အစုံပါဝင်၏။ ပြာသာဒ်တွင် နဖူးစည်း၊ လင်းနို့တောင်၊ ထုပ်၊ ဘုံလုံတိုင်၊ ညှပ်၊ လည်သီး၊ လည်သီးထောင်ပိတ်၊ အုန်းလက်၊ မြားတန်၊ ဘဲတောင်ခံ၊ ဘုံ၊ တုရင်၊ ပန်းထက်ခြင်ပိတ်ပန်း၊ ထောင့်ဖုံး၊ ပန်းဆွဲ၊ ကြာဖတ်၊ ကလပ်၊ တင်း၊ ထုပိကာ၊ ကြက်သွန်ခေါင်း၊ ရာမလက်ညှိုး၊ ဖောင်း၊ ပိန္နဲတိုင်၊ ကြံ့ စသည့် အင်္ဂါရပ်များပါဝင်"

မြန်မာတို့အတွက် အမြတ်ထားရာ ပြာသာဒ်ကိုလည်း အချိုးအစားအားဖြင့် သုံးမျိုးရှိသည်ဟု ကျမ်းဂန်များက ဆိုပါသည်။ ထိုသုံးမျိုးမှာ-

၁။ ဘုံငါးဆင့် ပါသော "ရမ္မ"

၂။ ဘုံခုနစ်ဆင့်ပါသော "သုဘ"

၃။ ဘုံကိုးဆင့်ပါသော "သုရမ္မ"

ဟု ခွဲခြားထားသည်။ ထိုဘုံအဆင့်များနှင့် "ပြာသာဒ်" များပါ အဆောက်အအုံများကို လေ့လာလိုက်သောအခါ

- မုခ်လိုဏ်ဂူပါ စေတီများအထွတ်တင် အဆောက်အအုံများတွင် အများအားဖြင့် ဂန္ဓကုဋီတိုက်၏ အထွတ်သည် ဘုံငါးဆင့်ပါများအဖြစ်တွေ့ရပြီး "ရမ္မ"ဟု အမည်တပ် နိုင်၏။

- မန္တလေးမြနန်းစံကျော်ရွှေနန်းတော်ကြီး၏ ပြာသာဒ်တော်ကြီးသည် ဘုံခုနစ်ဆင့် ပါသောကြောင့် "သုဘ" မည်သော ပြာသာဒ်ဟု ဆိုရပါမည်။

- ဗုဒ္ဓဘုရားရှင်သီတင်းသုံးစံပယ်ရာ ဂန္ဓကုဋီတိုက်ကျောင်းများကို ဘုံကိုးဆင့်နှင့် "သုရမ္မ" အမည်ဖြင့် တည်ထား၏။ ထိုအဆောက်အအုံများတွင် မန္တလေးမဟာမြတ်မုနိဘုရားကြီး စံရာ ဂန္ဓကုဋီတိုက်ကြီးကို ကြည့်ရှုနိုင်သည်။

**အဆင်တန်ဆာအမျိုးမျိုးဖြင့် ပြုလုပ်**

ပုဂံ၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်ခေတ်များအထိ "ပြာသာဒ်" များကိုအဆင် တန်ဆာအမျိုးမျိုးဖြင့် ပြုလုပ်ခဲ့ကြပြီး နောက်ပိုင်းကာလ ကုန်းဘောင်ခေတ်အခါနှင့် မန္တလေး ရတနာပုံခေတ်တွင် ပေါ်ထွန်းလာသော "ပြာသာဒ်" များသည် အချိုးအစားပြေပြစ်သည့် အသွင်တွေ့ရပြီး အမရပူရမြို့တော် မြနန်းဘုံစံနန်းမြို့အတွင်း၌လည်း ထူးခြားသော လက်ရာများနှင့် တွေ့ရကြောင်း စာပေများတွင် မှတ်တမ်းတင်ထားသည်ကိုလည်း မှတ်သားရသည်။

မြန်မာ့ဗိသုကာပညာရှင်များသည် မြန်မာမှုအမွေအနှစ် ပညာရပ်များကို စဉ်ဆက်မပြတ် ထိန်းသိမ်းခဲ့ကြသောကြောင့် ကိုလိုနီခေတ်သို့ရောက်ခဲ့ရသော်လည်း "ပြာသာဒ်" တည်ဆောက်ရေးလုပ်ငန်းစဉ်များကို တလေးတစားရှိကြပြီး မန္တလေး အိမ်တော်ရာ စောင်းတန်းဦးပြာသာဒ်၊ မဟာသကျသီဟ ဘုရားကြီးပြာသာဒ်၊ မဟာမြတ်မုနိဘုရားကြီးပြာသာဒ် စသည်တို့ကို တည်ဆောက်ခဲ့ခြင်းသည် နောင်အရှည်ကာလများတွင် မြန်မာတို့၏ အနုသုခုမလက်ရာဟောင်းများအဖြစ် ဂုဏ်ဝင်စံဝင် အမွေအနှစ်များ ဖြစ်လာမှာသေချာသည်။

မန္တလေးရွှေမြို့တော်၏ လေးဘက်မျက်နှာစာ ဈေးချိုတော်နာရီစင်ကြီးသည် အနောက်တိုင်းပညာဗိသုကာလက်ရာ အဆောက်အအုံဖြစ်သော်လည်း အမိုးမျက်နှာပြင်တွင် ဘုံငါးဆင့်ပါ ပြာသာဒ်ဖြင့် တည်ဆောက်ထားကြောင်း အလွယ်တကူ တွေ့မြင်နိုင်သည်။

ရှေးပညာရှင်များထားခဲ့သော ပြာသာဒ်တည်ဆောက်မှု ပုံဟန်များကို အမျိုးမျိုးသောလက်ရာ၊ ပုံဟန်သဏ္ဌာန်များနှင့် တည်ဆောက်ခဲ့ကြသည့်အတွက် ပြာသာဒ်တည်ဆောက်မှု အစိတ်အပိုင်းများကို လေ့လာကြည့်သောအခါ အတန်းအစား လေးမျိုးကို တွေ့ရသည်။ ထိုလေးမျိုးမှာ-

**ခေတ်အဆက်ဆက် ပြာသာဒ်တည်ဆောက်မှု**

၁။ ပုံသဏ္ဌာန်ပေါ်မူတည်သော ပြာသာဒ်များကိုကြည့်လျှင် "ပြာသာဒ်ချွန်၊ ပြာသာဒ်ရှည်၊ ပြာသာဒ်ဦးပြည်း၊ ပြာသာဒ်လုံး" တို့ ပါဝင်သည်။

၂။ ခေတ်အလိုက် တည်ဆောက်မှုပေါ်မူတည်သော ပြာသာဒ်များကိုကြည့်လျှင် "ပုဂံ၊ အင်းဝ၊ ပထမအင်းဝ၊ ဒုတိယအင်းဝ၊ ဟံသာဝတီ၊ ကုန်းဘောင်ခေတ်များတွင် တည်ဆောက်ခဲ့သောပြာသာဒ်" များကို ကြည့်ရှုနိုင်သည်။

၃။ မူလအထည်ကိုယ်ပေါ် မူတည်သော ပြာသာဒ်မျိုးကို ကြည့်လျှင် "သစ်သား၊ သံ၊ အုတ်၊ ကြေးပြားဆိုသော အမျိုးအစားကို လိုက်၍တည်ခဲ့သော ပြာသာဒ်"များကို ကြည့်နိုင်သည်။

၄။ အသုံးပြုသော နေရာဌာနအပေါ်မူတည်သော ပြာသာဒ်များကို ကြည့်လျှင် "နန်းပြာသာဒ်၊ ကျောင်းပြာသာဒ်၊ တန်ဆောင်း ပြာသာဒ်၊ မုခ်ဦးပြာသာဒ်၊ ယဉ်ပြာသာဒ်၊ ပန်းချီပြာသာဒ်" တို့ကို ကြည့်နိုင်သည်။

ပြာသာဒ်တွင် အဖြူထည်ပြာသာဒ်ကို နန်းရိုးပြာသာဒ်ဟု ခေါ်၍ အမြောက်တည်ပြာသာဒ်ကိုသာလျှင် ပြာသာဒ်ဟုခေါ်၍ ပြာသာဒ်အင်္ဂါအပြည့်အစုံ ပါဝင်၏။ ပြာသာဒ်တွင် နဖူးစည်း၊ လင်းနို့တောင်၊ ထုပ်၊ ဘုံလုံတိုင်၊ ညှပ်၊ လည်သီး၊ လည်သီးထောင်ပိတ်၊ အုန်းလက်၊ မြားတန်၊ ဘဲတောင်ခံ၊ ဘုံ၊ တုရင်၊ ပန်းထက်ခြင်ပိတ်ပန်း၊ ထောင့်ဖုံး၊ ပန်းဆွဲ၊ ကြာဖတ်၊ ကလပ်၊ တင်း၊ ထုပိကာ၊ ကြက်သွန်ခေါင်း၊ ရာမလက်ညှိုး၊ ဖောင်း၊ ပိန္နဲတိုင်၊ ကြံ့ စသည့် အင်္ဂါရပ်များပါဝင်သည်ကို လေ့လာသိရှိရသည်။

မြန်မာ့လက်မှုအတတ်ပညာများဖြင့် ပြုလုပ်အပ်သည့် အမျိုးမျိုးသော ပစ္စည်းများ၊ အသုံးအဆောင်၊ အဆောက်အအုံများသည် ကမ္ဘာ့အလယ်တွင်နေရာရ မျက်နှာပန်းလှနေပြီး ဖြစ်သည်။ စာရေးသူတို့သည် ဤမြေမှာမွေးဖွား၊ ဤမြေမှာပင်မှီတင်းနေထိုင်သူများဖြစ်၍ မိမိနိုင်ငံ၏ ကိုယ်ပိုင်အမွေအနှစ်များမတိမ်ကော မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။ စာရေးသူအနေဖြင့် မြန်မာ့ဦးကင်းဖြစ်သော "ပြာသာဒ်" နှင့်ဆိုင်သော သိမှတ်စရာများကို လေ့လာမိသမျှ ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။ ထို့ထက်မက ကျန်ရှိနေမှုများလည်း ရှိနိုင်ပါသေးသည်။ ။

---

## မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကျိုင်းတုံ-တောင်ကြီးသွားလမ်းမကြီး လမ်းသားပဲ့ကျမှုဖြစ်ပေါ်

**မိုင်းပျဉ်း စက်တင်ဘာ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ဆင်မောင်းကျေးရွာအုပ်စု ပလောင်ချိုင့်ကျေးရွာအနီးရှိ တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးသည် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယမန်နေ့က အရှည်ပေ ၁၀၀ ခန့်နှင့် အနက်ငါးပေခန့်အထိ လမ်းသားများ ပဲ့ကျမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



အဆိုပါ လမ်းသားပဲ့ကျသွားသည့် နေရာအား တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့ (၃) မှ AE ဦးလေဝိ ဦးဆောင်၍ လမ်းလုပ်သား ၂၀ ခန့်ဖြင့် သွားရောက်ဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီခွဲတွင် ယာဉ်ငယ်များ စတင်ဖြတ်သန်းသွားနိုင်ပြီဖြစ်ပြီး ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် စက်ယန္တရားများဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

---

## ကျောက်မဲ၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြု

**ကျောက်မဲ စက်တင်ဘာ ၄**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများ၊ ဂုဏ်ထူးရဘာသာရပ်သင် ဆရာ ဆရာမများ၊ ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်မဲခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုဦးက အမှာစကားပြောကြားပြီး ကျောက်မဲမြို့နယ် အထက ခုနစ်ကျောင်း၊ အထက(ခွဲ)လေးကျောင်းတို့မှ ငါးဘာသာ တစ်ဦး၊ လေးဘာသာ ၁၆ ဦး၊ သုံးဘာသာ ၁၇ ဦး၊ နှစ်ဘာသာ ၃၁ ဦး၊ တစ်ဘာသာ ၁၃၇ ဦးတို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦး၊ ခရိုင်ပညာရေးမှူး ဒေါ်ချိုနွယ်ဦး၊ မြို့မိမြို့ဖဦးတင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တစ်ဦးချင်းဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**
ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းတစ်ခုဆွေးနွေးခြင်းနှင့် ချေးငွေနှစ်ခု ရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ၂၀၁၈-၂၀၁၉ ခုနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်က မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲတိုင်းပြည်ဖြစ်သည့်အတွက် စီးပွားရေးအခြေခံအဆောက်အအုံများကို လိုငွေပြဘတ်ဂျက်နှင့် တည်ဆောက်နေရခြင်း ဖြစ်ပါကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့ လူမှုရေးအခြေခံအဆောက်အအုံအပြင် တိုင်းပြည်၌လိုအပ်နေသည့် လျှပ်စစ်မီးလင်းရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ရန် ဘတ်ဂျက်လိုငွေများကို နိုင်ငံပိုင်သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းမှ ရရှိသည့် ငွေကြေးအမြောက်အမြားကို အသုံးပြုခြင်းဖြင့် ဘတ်ဂျက်လိုငွေကို လျှော့နည်းစေပြီး တိုင်းပြည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်းကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

## နိုင်ငံတော်ပိုင် စီးပွားရေးအခန်းကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် အလုံးစုံပြုပြင် ပြောင်းလဲမှုစီမံချက်တစ်ရပ် ရေးဆွဲအကောင် အထည်ဖော် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေထွက်ငွေနှင့် အမြတ်ရရှိငွေစုဆောင်းထားရှိမှု အခြေအနေကို ခြုံငုံသုံးသပ်ကြည့်ပါက အမြတ်ရရှိသည့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများသည် အမြတ်၏ ၂၀ ရာခိုင်နှုန်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲ ထည့်ဝင်ကြပြီး အမြတ်၏ ၈၀ ရာခိုင်နှုန်းကို မိမိတို့လုပ်ငန်းတစ်ခုစီ၏ ကိုယ်ပိုင်ဘဏ်စာရင်းတွင် စုဆောင်းထားရှိနိုင်ကာ အရှုံးပေါ်နေသည့် လုပ်ငန်းများ၏ လိုအပ်ငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနေရခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ သိမ်းဆည်းထားရှိနိုင်သည့် ငွေပမာဏနှင့် နိုင်ငံတော်မှ စိုက်ထုတ်ပေးမည့် ငွေပမာဏကို လုပ်ငန်းတစ်ခုစီ၏ မဟာဗျူဟာလိုအပ်ချက်အပေါ်မူတည်ပြီး ဆုံးဖြတ်သင့်ပါကြောင်း၊ ၁၉၈၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေကို ခေတ်စနစ်နှင့်အညီ ပြန်လည်သုံးသပ်ခြင်း အပါအဝင် နိုင်ငံတော်ပိုင် စီးပွားရေးအခန်းကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် အလုံးစုံပြုပြင်ပြောင်းလဲမှုစီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းအကြံပြုပါကြောင်း ဆွေးနွေးသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက ယခုနှစ်တွင် ပြည်ထောင်စု၏ သုံးစွဲငွေသည် ငွေကျပ် ၂၄၉၅၄ ဘီလီယံကျော် ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ငွေနှင့် ချေးငွေသည် ၂၁၆၀ ဘီလီယံကျော်သာရှိခြင်းကြောင့် ပြည်ထောင်စုအသုံးစရိတ်၏ ၈ ဒသမ ၆၅ ရာခိုင်နှုန်းခန့်သာ ရှိသည်ကိုတွေ့ရပါကြောင်း၊ နှစ်စဉ်လည်း ၁၀ ရာခိုင်နှုန်း အောက်၌သာရှိသည်ကို လေ့လာသိရှိရပါကြောင်း၊ ယခုကဲ့သို့ အခြေအနေများကြောင့် ပြည်နယ်နှင့် ပြည်မဖွံ့ဖြိုးတိုးတက်မှုသည် အလှမ်းပိုကွာဝေးလာသည်ကို မြင်တွေ့ရပါကြောင်း။

ပြည်ထောင်စုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ဘတ်ဂျက်ခွဲဝေမှု မညီမျှမှုဖြစ်ရသည့် အကြောင်းအရင်းတစ်ခုမှာ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဗဟိုချုပ်ကိုင်မှုများလွန်းနေခြင်းကြောင့်ဟု ယူဆပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေး၊ လယ်ယာနှင့်ဆည်မြောင်း၊ နယ်စပ်ရေးရာ စသည့်ဝန်ကြီးဌာနများသည် မူလတန်းကျောင်းများ၊ ဆေးပေးခန်းများ၊ ကျေးရွာချင်းဆက်လမ်း၊ ရေတွင်းရေကန်များ အပါအဝင် ငွေကျပ်သိန်း ၁၀၀ အောက် လုပ်ငန်းအသေးလေးများပါ ဝန်ကြီးဌာန၏ဘတ်ဂျက်တွင် ထည့်သွင်းတောင်းခံကြသည်ကို တွေ့ရပါကြောင်း ဆွေးနွေးသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးတင်အောင်ထွန်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၊ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်ဗဲလ် (ခေါ်) ဆလိုင်းရန်းဗယ်နှင့် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးတို့ကလည်း ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ (IFAD)ထံမှ အမေရိကန် ဒေါ်လာ ၈ ဒသမ ၉၈၄ သန်း ချေးငွေရယူရန် ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## စီမံကိန်းသည် ချေးငွေအပါအဝင် စီမံကိန်းတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၅ သန်း ကုန်ကျမည်ဟု သိရှိရ

မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်က ဖွံ့ဖြိုးမှုနည်းပါးသည့် မြို့နယ်များအတွက် ယခုကဲ့သို့ချေးငွေဖြင့် စီမံကိန်းများဖော်ဆောင်ပေးသည့် နိုင်ငံတော် အစိုးရကို ကျေးဇူးတင်ပါကြောင်း၊ ယခုချေးငွေသည် အတိုးမဲ့ချေးငွေဖြစ်ပြီး ဝန်ဆောင်ခ ၀ ဒသမ ၇၅ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလ ၁၀ နှစ်နှင့် ပြန်ဆပ်ကာလနှစ် ၃၀ ဖြစ်သည့်အတွက် ချေးငွေသက်တမ်းနှစ် ၄၀ ဖြစ်ပါကြောင်း၊ စီမံကိန်းသည် ချေးငွေအပါအဝင် စီမံကိန်းတန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၅ သန်း ကုန်ကျမည်ဟု သိရှိရပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ယခုချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန် လိုမည်ဖြစ်ပါကြောင်း၊ဝန်ဆောင်ခအား မည်သည့်အဖွဲ့အစည်းကို ပေးဆောင်ရမည်ကို ပြည်သူများကို အသိပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်က စီမံကိန်းဖော်ဆောင်ရာတွင် အလေအလွင့်မရှိရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ပါကြောင်း၊ စီမံကိန်းကို သတ်မှတ်ချက်ကာလအတွင်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးပြီးစီးအောင် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ စီမံကိန်းချေးငွေမှာ အတိုးနှုန်းသက်သာပြီး ဝန်ဆောင်မှုစရိတ်နည်းပါးသည့်အတွက် ကောင်းမွန်ပါကြောင်း၊ စီမံကိန်းကြောင့် လူမှုစီးပွားဘဝတိုးတက်လာမည်ဖြစ်ပြီး အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသဖြင့် ချေးငွေရယူခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဒေါက်တာကျော်ငွေတို့ကလည်း ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ EXIM Bank of Korea ထံမှ EDCF ချေးငွေ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၈၁၆ သန်း ချေးငွေရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်နိုင်ရန်၊ စက်မှုကဏ္ဍတိုးတက်စေရန် မြေဧက ၆၀၀ ခန့်ပေါ်တွင် ဆောင်ရွက်မည့် ညောင်နှစ်ပင်သင်တန်းကျောင်းစီမံကိန်းသည် ကိုရီးယားနိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေရာတွင် အရေးပါသည့် အခန်းကဏ္ဍပုံစံအတိုင်း အတုယူ ဖော်ဆောင်မည့်စီမံကိန်းဖြစ်သည့်အတွက် အခြားစီမံကိန်းကြီးအချို့ကဲ့သို့ ကြန့်ကြာမှုများ မဖြစ်စေလိုပါကြောင်း။

အဆိုပါစီမံကိန်းသည် လူဦးရေ ၆ သန်းနေထိုင်သည့် ရန်ကုန်မြို့နှင့် နီးကပ်စွာတည်ရှိရုံသာမက မြန်မာနိုင်ငံ၏ အချက်အချာဖြစ်သည့် နေပြည်တော်၊ မန္တလေးတို့ကို သွားရောက်ရာလမ်းနှင့် အဆင်ပြေအောင် စီမံဆောင်ရွက်မည်ဆိုလျှင် ရန်ကုန်လေဆိပ်သို့ နာရီဝက်ဖြင့်ရောက်ရှိနိုင်ပါကြောင်း၊ ရန်ကုန်ဆိပ်ကမ်းသို့ ၁ နာရီကျော်အတွင်း ရောက်ရှိနိုင်သည့် ခရီးအကွာအဝေးဖြစ်သည့်အတွက် ကိုရီးယားနှင့် မြန်မာပြည်ရှိ ကုမ္ပဏီများ အပြန်အလှန်ဈေးကွက်ထဲ ဝင်ရောက်လာနိုင်ခြေရှိသောကြောင့် အကောင်အထည်ဖော်သင့်သည့် စီမံကိန်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တိုးလွင်က စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ၃ နှစ်ခွဲ၍ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဟု တွေ့ရပါကြောင်း၊ တင်ဒါခေါ် ယူဆောင်ရွက်ရာတွင် ပြည်တွင်းမှ အလုပ်အကိုင်ရရှိရေးနှင့် ပြည်တွင်းမှ ထုတ်လုပ်သည့် ပစ္စည်းများ အသုံးပြုရေးအတွက် ပြည်တွင်းကုမ္ပဏီများဖြင့်သာ ဦးစားပေး ဆောင်ရွက်သင့်ပါကြောင်း။

## စီမံကိန်းတွင် ပါဝင်သည့် စက်ရုံ ၂၀၀ ခန့်မှ နှစ်စဉ်အခွန်ရငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် ရရှိနိုင်ခြင်း စသည့်လူမှုရေး၊ စီးပွားရေးအကျိုးအမြတ်များ ရရှိနိုင်သည်ကို တွေ့ရသည့်အတွက် ကောင်းမွန်သည့် စီမံကိန်းဖြစ်

စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ကိုရီးယားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်လမ်း ငါးသောင်းမှ တစ်သိန်းခန့်အထိ ဖန်တီးပေးနိုင်ခြင်း၊ လှည်းကူးမြို့နယ်ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးမှု အထောက်အကူဖြစ်စေနိုင်ခြင်းအပြင် နိုင်ငံခြားပို့ကုန်များတိုးမြှင့် ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ပြီး စီမံကိန်းတွင် ပါဝင်သည့် စက်ရုံ ၂၀၀ ခန့်မှ နှစ်စဉ်အခွန်ရငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်ရရှိနိုင်ခြင်း စသည့်လူမှုရေး၊ စီးပွားရေးအကျိုးအမြတ်များ ရရှိနိုင်သည်ကို တွေ့ရသည့်အတွက် ကောင်းမွန်သည့်စီမံကိန်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် လှည်းကူးမြို့နယ်မှ ဦးသိန်းတန်တို့ကလည်း ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို စက်တင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**

# ASEAN National Trainers သင်တန်းဖွင့်ပွဲအခမ်းအနား မန္တလေး၌ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေပြီး အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်နှင့် ဒေသအတွင်း ဆင်းရဲမွဲတေမှု လျှော့ချစေရန် ရည်ရွယ်၍ အာဆီယံခရီးသွားလုပ်ငန်း အေဂျင်စီများနှင့် ခရီးလှည့်လည်ရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများအတွက် (ASEAN National Trainers) သင်တန်းဖွင့်ပွဲ အခမ်းအနားအား စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ၂၉ လမ်း၊ ၈၄×၈၅ လမ်းကြားရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲ သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲ တာဝန်ခံညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းနည်းပြဆရာများ၊ အာဆီယံခရီးသွားလုပ်ငန်းအေဂျင်စီများနှင့် ခရီးလှည့်လည်ရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသည့် (ASEAN National Trainers) သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန မန္တလေးရုံးခွဲ တာဝန်ခံညွှန်ကြားရေးမှူး၊ နိုင်ငံတကာနှင့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားခဲ့သည်။

အာဆီယံခရီးသွားလုပ်ငန်း အေဂျင်စီများနှင့် ခရီးလှည့်လည်ရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်နေသူများအတွက် (ASEAN National Trainers) သင်တန်းကို သင်တန်းသား သင်တန်းသူ ၂၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၃ ရက်မှ ၇ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး ယင်းသင်တန်းကို မန္တလေးမြို့တွင် ပထမဆုံးအကြိမ် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် တပ်ကုန်းမြို့နယ် တောင်ပို့သာနယ်မြေရဲစခန်းမှူး ရဲအုပ် ဆန်းမင်းနှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၄ ရက်က တောင်ပို့သာကျေးရွာ ကျေးလက်ကျန်းမာရေးဆေးခန်းဝင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

တင်ထွန်းတာ(တပ်ကုန်း)

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၄** - မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၂)၊ အမှတ်(၁) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲ၊ အောင်ဇေ့ နယ်မြေရဲစခန်းမှ ဒုတိယရဲမှူး ထွန်းထွန်းစိုး ဦးစီးသည့်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် (၁၁) BGB တပ်ရင်း Nikuchari ကင်းစခန်းမှ Naib Subedar Md. Abul Kalam ဦးစီးတပ်ဖွဲ့ဝင် ၁၅ ဦး၊ စကားပြန်/လမ်းပြ လေးဦးတို့သည် စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်မှ မွန်းတည့် ၁၂ နာရီအထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၄၂ မှ ၄၃ ထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**




ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
အခြေခံပညာဦးစီးဌာနနှင့် ကျောက်ဆည်မြို့ပြည်သူလူထုတို့
ပူးပေါင်းကျင်းပသော
က လေး စာ ပေ ပွဲ တော်
ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲတော်
(ကျောက်ဆည်မြို့)
၂၀၁၈-ခုနှစ်၊စက်တင်ဘာလ (၇/၈/၉)ရက် သောကြာ၊စနေ၊တနင်္ဂနွေနေ့များတွင်
နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိမည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
အထက (၁)၊ကျောက်ဆည်မြို့။


# တောင်ငူခရိုင်အတွင်း ရေဘေးသင့်တိရစ္ဆာန်များအား ကာကွယ်ကုသရေးပြုလုပ်

**တောင်ငူ စက်တင်ဘာ ၄**

တောင်ငူခရိုင်အတွင်း မြစ်ရေကြီးမှုကြောင့် ရေဘေးသင့် ကျွဲ၊ နွား တိရစ္ဆာန်များကို ယမန်နေ့က ကာကွယ်ကုသရေးပြုလုပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းနိုင်ထွန်း၊ တောင်ငူ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနေစိုးနှင့်အဖွဲ့တို့သည် ရေဘေးကယ်ဆယ်ရေးစခန်းသို့ အဝတ်အထည်များ လှူဒါန်းခြင်း၊ ရေဘေးသင့် တိရစ္ဆာန်များအား ကာကွယ်ကုသဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျွဲ၊ နွား၊ ဝက်၊ ဆိတ် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် လည်ချောင်းကွဲရောဂါ၊ ထောင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများကို ထိုးပေးပြီး ကျွဲ ၄၄၂ ကောင်၊ နွားအကောင်ရေ ၇၀၀၊ ဆိတ် ၄၈ ကောင်၊ ဝက် ၅၃၅ ကောင်တို့ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**သူရ (တောင်ငူ)**

# တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေကြသည့် နေရပ်စွန့်ခွာသူ ခြောက်ဦး တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်

**မောင်တော စက်တင်ဘာ ၄**

တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေကြသည့် နေရပ်စွန့်ခွာသူခြောက်ဦးသည် ယနေ့နံနက် ၈ နာရီတွင် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာကြကြောင်း တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းမှ သိရသည်။

ပြန်လည်ဝင်ရောက်လာကြသည့် မာမတ်ရှော်ရိပ်နှင့် မိသားစုဝင်ငါးဦးကို တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း စခန်းတာဝန်ခံနှင့် တာဝန်ရှိသူတို့က ပြန်လည်စိစစ်လက်ခံရေး လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မွန်းလွဲပိုင်းတွင် ပြန်လည်ဝင်ရောက်လာသူ မာမတ်ရှော်ရိပ်နှင့် မိသားစုဝင်ငါးဦးတို့သည် လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းသို့ ရောက်ရှိရာ စခန်းတာဝန်ခံ ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ကို ပေးအပ်ပြီး ၎င်းတို့ခြောက်ဦးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ၎င်းတို့၏ ဆွေမျိုးများထံသို့ ပြန်လည်လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူ ခြောက်ဦးတွင် အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦး ပါဝင်ပြီး ယခင်က မောင်တောမြို့နယ် မီးတိုက်ကျေးရွာအုပ်စု ရဲအောင်ချောင်းကျေးရွာတွင် နေထိုင်ခဲ့ကြသူများဖြစ်ကြကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ - ရာမညာ၊ မျိုးသူဟိန်း**



# ပြည်တော်သာကျေးရွာ ဆယ်မာအူးအွန်ဒွန်းစီမံကိန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းခင်း

**ပဲခူး စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပြည်တော်သာကျေးရွာတွင် KOICA ၏ ကူညီထောက်ပံ့မှုဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးလမ်းခင်းခြင်း ဆောင်ရွက်ရာတွင် စီမံကိန်းရန်ပုံငွေကျပ် ၁၀၉၈၅၄၈၊ ကျေးရွာထည့်ဝင် ငွေကျပ် ၃၁၈၁၀၅၂၊ နှင်းဆီလမ်းမိသားစုမှ ထည့်ဝင် ငွေကျပ် ၅၉၃၀၀၀၀၊ ခရေလမ်းမိသားစုမှထည့်ဝင်ငွေကျပ် ၁၁၁၄၇၀၀၀ နှင့် လုပ်အားပါဝင်မှု ၂၆၆၄၀၀၀ စုစုပေါင်း ငွေကျပ် ၃၃၈၂၀၆၀၀ အကုန်အကျခံ၍ လမ်းအရှည် ၂၄၁၃ ပေ ပြီးစီးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘားအံ-အိန္ဒူ-ကော့ကရိတ်-မြဝတီ လမ်းပေါ်ရှိ ဂျိုင်းမြစ်ကူးတံတားသစ် တည်ဆောက်မည်

**ဘားအံ စက်တင်ဘာ ၄**

ထိုင်းနိုင်ငံနှင့် စီးပွားရေးစင်္ကြံလမ်းမကြီးဖြစ်သော ကရင်ပြည်နယ်အတွင်းရှိ ဘားအံ-အိန္ဒူ-ကော့ကရိတ်-မြဝတီ လမ်းပေါ်တွင်ရှိသည့် ဂျိုင်းမြစ်ကူးတံတားကို တန် ၆၀ ခံနိုင်ဝန်ရှိသော လေးလမ်းသွားတံတားသစ်အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်စိုး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ဂျိုင်းမြစ်ကူးတံတားသစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်ဆောက်လုပ်သွားမည်ဖြစ်ပြီး သုံးနှစ်စီမံကိန်းဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တံတားကို JICA ၏ ချေးငွေရယူပြီး တန် ၆၀ ခံနိုင်ဝန်ရှိသော PC Extradosed Bridge တံတားအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း၊ ချဉ်းကပ်လမ်းမပါဘဲ အရှည် မီတာ ၃၈၀ ရှိမည်ဖြစ်ကာ အကျယ် ၂၂ ဒသမ ၆၉ မီတာရှိ လေးလမ်းသွားတံတားဖြစ်ကြောင်း သိရသည်။

"ဘားအံ-ကော့ကရိတ်-မြဝတီ စီးပွားရေးစင်္ကြံ အာရှလမ်းမကြီးမှာရှိတဲ့ ဂျိုင်းတံတားဟောင်းနေရာနဲ့ အခုအသုံးပြုနေတဲ့ ပွန်တွန်းတံတားကြားနေရာမှာ တန် ၆၀ ခံနိုင်ဝန်ရှိတဲ့ လေးလမ်းသွားတံတားအသစ် တည်ဆောက်သွားမယ်။ အခုတော့ မြေပြင်ကွင်းဆင်းစစ်ဆေးမှုတွေလုပ်ပြီး ထိခိုက်နစ်နာတဲ့ မြေယာတွေ လျော်ကြေးပေးဖို့အတွက် စီစဉ်ထားပြီးပါပြီ။ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ JICA နားလည်မှုစာချွန်လွှာလည်း လက်မှတ်ရေးထိုးပြီးသွားပြီ။ အခု JICA က တံတားတည်ဆောက်ဖို့အတွက် တင်ဒါခေါ်နေတယ်။ ပြီးတာနဲ့ စတင်ဆောက်လုပ်သွားမှာပါ"ဟု ၎င်းက ပြောသည်။



ဂျိုင်းပွန်တွန်းတံတား၌ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းနေစဉ်။

ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးပေါ်ရှိ ဂျိုင်းကြိုးတံတားကို ၁၉၉၅ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်၍ ကြိုးပြတ်ကျခဲ့သော မြောင်းမြကြိုးတံတားနှင့် တည်ဆောက်ခဲ့သည့်နှစ်ချင်းတူနေသည့်အတွက် တံတားခံနိုင်ဝန်ကို စစ်ဆေးကြည့်ရာ ၁၃ တန်အောက်ယာဉ်များသာ ခံနိုင်တော့သည့်အတွက် တန် ၆၀ ကုန်တင်ယာဉ်နှင့် ယာဉ်ကြီးယာဉ်ငယ်များ အလွယ်တကူသွားလာနိုင်ရန်အတွက် တံတားအသစ်ကို ထပ်မံတည်ဆောက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

အသစ်တည်ဆောက်မည့် ဂျိုင်းတံတားသည် အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမပေါ်တွင်ရှိပြီး ကရင်ပြည်နယ်အတွက် အဓိကကျသလို မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ကုန်စည်စီးဆင်းမှုအတွက်လည်း အဓိကထားအသုံးပြုမည့် တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ လက်ရှိအသုံးပြုနေသော တံတားဟောင်းမှာ ၁၃ တန်အောက်ယာဉ်များကိုသာ သွားလာခွင့်ပြုထားနိုင်သဖြင့် ကုန်စည်စီးဆင်းမှုတွင် ကြန့်ကြာမှုများ ရှိနေကြောင်းလည်း ညွှန်ကြားရေးမှူးက ပြောသည်။

"တံတားအသစ်ဆောက်ပေးတာ လိုချင်တာပေါ့။ အခုက ၂၇ တန်ဆိုရင် ပွန်တွန်းတံတားကနေဖြတ်သန်းခ ငွေကျပ် ၁၅၀၀၀ ပေးပြီး ဖြတ်ရတယ်၊ ဈေးများတယ်၊ အသစ်ဆောက်ပေးရင် ဖြတ်သန်းခ ဈေးလည်းသက်သာမယ်၊ သွားလာရတာလည်း လွယ်ကူသွားမယ်၊ အချိန်လည်းကြန့်ကြာမှု မရှိတော့ဘူးပေ့ါ၊ တံတားအသစ်ဆောက်ပြီးသွားရင် ကားသမားတွေအတွက် ပိုပြီးအဆင်ပြေမယ်"ဟု ၁၂ ဘီးကုန်ကားမောင်းသမား ကိုသန်းဌေးက ပြောသည်။

လက်ရှိ တံတားသစ်တည်ဆောက်မှု မပြီးခင်အတွင်း တန်ချိန် ၁၃ တန်ကျော် တင်ဆောင်သည့်ယာဉ်များ သွားလာနိုင်ရန်အတွက် ကရင်ပြည်နယ်အစိုးရ၏ ငွေကျပ်သိန်း ၆၀၀ မတည်မှုဖြင့် ကျန်ကုန်ကျသည့်ငွေကို လေလံအောင်မြင်သည့် မြန်မာ့သစ်တောက်ငှက်ကုမ္ပဏီမှ အကုန်အကျခံကာ ပွန်တွန်းတံတားကို ဆောက်လုပ်ထားပြီး ၂၅ တန်မှ တန် ၃၀ အထိကို ၁၅၀၀၀ ငွေကျပ်၊ တန် ၃၀ မှ ၃၅ တန်ကို ငွေကျပ် ၂၀၀၀၀ နှင့် ၃၅ တန်မှ တန် ၄၀ ယာဉ်ကြီးများကို ငွေကျပ် ၂၅၀၀၀ ဖြင့် ဖြတ်သန်းသွားလာခ သတ်မှတ်ကောက်ခံလျက်ရှိသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၄

**ဒီမိုကရက်တစ်ပါတီ(မြန်မာ) အတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနုက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ဒီမိုကရက်တစ်ပါတီ(မြန်မာ)အတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနု

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

အခုပထမဦးဆုံး ကျွန်မတို့ရဲ့ ဒီမိုကရက်တစ်ပါတီ(မြန်မာ) ရွေးကောက်ပွဲဝင်ရခြင်းအကြောင်းကို တင်ပြလိုပါတယ်။ နိုင်ငံရေးပါတီ ဖွဲ့စည်းထူထောင်ထားတယ်ဆိုရင် ရွေးကောက်ပွဲကျင်းပတိုင်း မလွဲမသွေဝင်ရောက်ယှဉ်ပြိုင်ကြရစမြဲပါ။ အဲဒီလို ရွေးကောက်ပွဲ ဝင်ကြတဲ့အခါမှာလည်း နိုင်ငံနှင့် ပြည်သူအတွက် ဦးထိပ်ထားပြီး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချမှတ်ထားရမှာဖြစ်သလို အဲဒီလိုဆောင်ရွက်ပေးနိုင်တဲ့ အရည်အချင်းရှိအောင်လည်း လေ့ကျင့်သင်ယူထားရမှာ ဖြစ်ပါတယ်။

ကျွန်မငယ်စဉ်ကလေးဘဝကတည်းက ကျွန်မမိဘနှစ်ပါး အမြဲတစေ ဆိုဆုံးမခဲ့တဲ့ စကားတစ်ခုရှိပါတယ်။ ရှင်တော်မြတ်ဘုရားရဲ့အဆုံးအမပဲ ဖြစ်ပါတယ်။ လူတော်ရုံမက လူကောင်းဖြစ်အောင်ပါ စောင့်ထိန်းကြဖို့ ဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ နိုင်ငံရေးသမား လူတော်တွေ အများကြီးရှိပါတယ်။ ဒါပေမယ့် အာဏာ၊ ငွေ၊ အရက်၊ လောင်းကစား အစရှိတဲ့ ဒုစရိုက်အာရုံလိုက်စားမိတာကြောင့် လူကောင်းဖြစ်မလာတဲ့ နိုင်ငံရေးသမားတွေ အများကြီးရှိနေပါတယ်။ နိုင်ငံရေးသမားတွေအနေနဲ့ လူတော်အဖြစ်ရော၊ လူကောင်းအဖြစ်ပါ ရပ်တည်နိုင်ပါမှ ပြည်သူအများလည်း လိုက်နာအောင် လမ်းညွှန်နိုင်မှာဖြစ်သလို နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်မှာလည်း ဖြစ်ပါတယ်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူ မောင်နှမအပေါင်းတို့ရှင်-**

ရွေးကောက်ပွဲတွေ ကျင်းပတဲ့အခါတိုင်း ပြောလေ့ပြောထရှိတဲ့ စကားရပ်တစ်ခုရှိပါတယ်။ အဲဒါကို ကျွန်မ အမှတ်ရနေမိပါတယ်။ “ရွေးကောက်ပွဲ မဲဆွယ်ချိန်မှာ ပြည်သူကို ဘာလုပ်ပေးမယ်လို့ ကတိတွေ မပေးပါနဲ့၊ ပြည်သူတွေ ဘာအလိုရှိတယ်ဆိုတာကိုသာ မေးပါ” လို့ အမတ်လောင်း သိကောင်းစရာအဖြစ် ပြောစမှတ်ပြုကြပါတယ်။ အမှန်စင်စစ် ကျွန်မတို့ပြည်သူတွေ ဘာလိုအပ်တယ်၊ ဘာတွေ ဖြည့်ဆည်းပေးရမယ်ဆိုတာ ပြည်သူတွေကို မေးဖို့တောင် မလိုပါဘူး။ မိမိပတ်ဝန်းကျင်ကို လေ့လာလိုက်မယ်ဆိုရင် ပျက်နေတဲ့လမ်းတွေ၊ ရေမဆင်းတဲ့ လမ်းဘေးရေမြောင်းတွေ၊ အမှိုက်မသိမ်းလို့ အမှိုက်တွေလျှံကျနေပြီး အနံ့မျိုးစုံထွက်နေတဲ့ အမှိုက်ပုံးတွေ၊ လူနေအိမ်မှ ဟုတ်ပါလေစလို့ တွေးထင်ရလောက်အောင် ရေမြောင်းပုပ်ပေါ် ဝါးလုံးထောင်ပြီးဆောက်ထားတဲ့ ကျူးကျော်တဲတွေ၊ လမ်းဝဲယာတစ်လျှောက် လျှပ်စစ်ဓာတ်တိုင်တွေပေါ်မှာ ဓာတ်လိုက်ချင်စဖွယ် ရှုပ်ထွေးပွေလီနေတဲ့ ဓာတ်ကြိုးတွေ၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူတွေ၊ ကွမ်းတံတွေးနေရာအနှံ့ထွေးနေကြလို့ အစွန်းအထင်းဖြစ်ခဲ့ရတဲ့ အဆောက်အအုံနံရံတွေ၊ လေ့ကားထစ်တွေ နေရာအနှံ့တွေ့မြင်နေရပါတယ်။ ဒီကိစ္စတွေကို အသေးအဖွဲတွေပဲလို့ ပြောလို့မဖြစ်ပါဘူး။ ဒီကိစ္စတွေအားလုံး ပြေလည်ရေးအတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိသလို ကျွန်မတို့နိုင်ငံရေးသမားတွေမှာ ပိုပြီးတာဝန်ရှိပါတယ်။

စာသင်ကျောင်းတွေမှာ ပြည်သူ့နီတိသင်ကြားပို့ချမှု အားနည်းနေတာကြောင့်လည်း မလိုလားအပ်တဲ့ စည်းကမ်းပျက်မှုတွေ ပေါ်ပေါက်ရတာ ဖြစ်ပါတယ်။ ဒါဟာ ပညာရေးနဲ့ပတ်သက်မှုဖြစ်တာကြောင့် ပညာရေးစနစ်ပြောင်းလဲရေးအတွက် ကော်မတီတစ်ခုပြီးတစ်ခု ဖွဲ့စည်းနေတာထက် အောက်ခြေမှအထက်သို့ လိုအပ်ချက်တွေ ဖြည့်စွက်တာမျိုး၊ ပြောင်းလဲပေးတာမျိုးလုပ်ခြင်းအားဖြင့် ပညာရေးစနစ်သစ်တစ်ရပ် အကောင်အထည်ဖော်ပေးသွားရမှာဖြစ်ပါတယ်။ မူလတန်းပညာ မသင်မနေရစနစ်ကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးဖို့ လိုအပ်ပါတယ်။ တချို့ရွာတွေမှာ မူလတန်းရဲ့ အမြင့်ဆုံးဖြစ်တဲ့ စတုတ္ထတန်းမှာ ကလေးငါးယောက်ပဲ ကျောင်းနေတာတွေ့ရပါတယ်။ ဒီဖြစ်ရပ်တွေကို နိုင်ငံအနှံ့မှာ တွေ့မြင်နိုင်ပါတယ်။ ဒီထက်ဆိုးတဲ့ဖြစ်ရပ်က မြန်မာတစ်နိုင်ငံလုံးမှာ မူးယစ်ဆေးဝါးသုံးစွဲသူ များသထက်များလာတာပဲ ဖြစ်ပါတယ်။ နယ်စပ်ဒေသတချို့က အသိမိတ်ဆွေများ အဆိုအရ မူးယစ်ဆေးဝါးထုတ်လုပ်သူအရေအတွက် များသထက်များလာပြီး ချမ်းသာနေကြသလို မူးယစ်ဆေးဝါးလုပ်ငန်းထဲ ပါဝင်ပတ်သက်သွားရင်ဝင်ငွေလမ်းဖြောင့်တယ်လို့ ယူဆကြတာကြောင့် မူးယစ်ဆေးဝါးလောကမှာ ကျင်လည်ကျက်စားသူတွေ များသထက်များလာတာလည်း တွေ့ရပါတယ်လို့ ပြောပြကြပါတယ်။ ရင်နာစရာကောင်းတာက အိမ်တိုင်းလိုလိုမှာ မူးယစ်ဆေးစွဲသူတစ်ယောက် ရှိနေတာပါပဲလို့ စိတ်မကောင်းကြီးစွာ ပြောရှာပါတယ်။ အနာဂတ်မြန်မာနိုင်ငံကြီးအတွက် တုန်လှုပ်ချောက်ချားဖွယ် အဓိကအန္တရာယ်ကြီးလို့ပြောရင် မှားမယ်မထင်ပါ။ ဒီအန္တရာယ်ဆိုးကြီးကို နှိမ်နင်းဖယ်ရှားရေးအတွက် နိုင်ငံရေးသမားများက ဦးဆောင်သွားရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ် ပီပီပြင်ပြင်ကျင့်သုံးတဲ့ နိုင်ငံတွေမှာ နိုင်ငံသားတွေ စည်းကမ်းရှိအောင် လမ်းညွှန်ပေးရသလို၊ လွှတ်တော်မှာ ဥပဒေပြုမယ့် ကိုယ်စားလှယ်တွေက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကြေညက်အောင် လေ့လာထားဖို့လိုပါတယ်။ အုပ်ချုပ်ရေးအဖွဲ့ကလည်း ဥပဒေအတိုင်းပဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဥပဒေပြုရေးအဖွဲ့နဲ့ အုပ်ချုပ်ရေးအဖွဲ့က စည်းကမ်းဖောက်ဖျက်ကျူးလွန်ခြင်းမရှိအောင် အပြန်အလှန်ထိန်းကျောင်းပေးဖို့ လိုအပ်ပါတယ်။ ဒါမှ တိုင်းပြည်ဟာ တည်တည်ငြိမ်ငြိမ်နဲ့ ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ဒီဦးတည်ချက်ဟာလည်း ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ရဲ့ မျှော်မှန်းချက်ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ရဲ့ လူမှုရေးလုပ်ဆောင်ချက် အချို့ကို တင်ပြလိုပါတယ်။ ဒီမိုကရေစီ မိတ်ဆွေများအဖွဲ့အနေနဲ့ ကျွန်မတို့ ပါတီမှ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ရပ်ကွက်အချို့မီးလောင်စဉ်က မီးဘေးကူညီမှုများ ဆောင်ရွက်ခဲ့ပါတယ်။ ဒီမိုကရက်တစ်ပါတီ(မြန်မာ)အနေနဲ့ ဒလမြို့နယ်၊ ကော့မှူးမြို့နယ်များမှာ နွေရာသီရေရှားပါးသောအချိန်တွင် ရေပေးဝေခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ပါတယ်။ အလားတူပဲ ရွှေကျင်မြို့နယ်ရှိ မဟာပညာ့ဗိမာန် ဘုန်းတော်ကြီးသင်ကျောင်းမှာလည်း အလှူငွေများ ထောက်ပံ့ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်ထိ မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများမှာ လိုအပ်တဲ့ ပစ္စည်းများလည်း ထောက်ပံ့ကူညီခဲ့ပါတယ်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူမောင်နှမအပေါင်းတို့ရှင်-**

ဒီမိုကရက်တစ်ပါတီ(မြန်မာ)ခေါင်းဆောင်ပိုင်းအနေနဲ့ မိမိတို့ ဝါသနာသန်သလို အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၊ ဘာသာရပ် တစ်မျိုးမျိုးရွေးပြီး အာရုံစိုက်လေ့လာထားဖို့ ပါတီဝင်တွေကို ပြောကြားထားပါတယ်။ နိုင်ငံနှင့်ပြည်သူကို ထိထိရောက်ရောက် အကျိုးပြုနိုင်ဖို့ ဖြစ်ပါတယ်။

ကျွန်မမိဘနှစ်ပါးနှင့် မိဘများရဲ့နိုင်ငံရေးလုပ်ဖော်လုပ်ဖက်များက တိုင်းပြုပြည်ပြုစိတ်ဓာတ်မွေးမြူကြပုံတွေ၊ နိုင်ငံ့အန္တရာယ်ကာကွယ်ဖို့ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပုံတွေ၊ အရှေ့တောင်အာရှမှာ စီးပွားရေးထိပ်ဆုံးအခြေအနေရောက်အောင် စွမ်းဆောင်ခဲ့တာတွေ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက် ချမှတ်ရာမှ ခေါင်းဆောင် ပါဝင်ခဲ့ပုံတွေ၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဘက်မလိုက် နိုင်ငံများအစုအဖွဲ့ရဲ့အခြေခံဖြစ်တဲ့ အာရှ-အာဖရိကနိုင်ငံများကို စုစည်းပေးခဲ့ပုံတွေ၊ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် စွမ်းဆောင်ချက်တွေ၊ ဆဋ္ဌ သင်္ဂါယနာတင်ပြီး ကမ္ဘာ့ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့တာတွေကို ကျွန်မ အနီးကပ်မြင်တွေ့ခဲ့ရသလို ဒီကနေ့တိုင် အမှတ်ရနေမိပါတယ်။ “မျိုးချစ်စိတ်အပြည့်နဲ့ ရိုးသားကြိုးစားကြဖို့ဟာလည်း ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ (မြန်မာ)ရဲ့ အဓိက ဦးတည်ချက်တစ်ရပ်”ပါ။

အစိုးရတာဝန်ယူရတဲ့ နိုင်ငံရေး သမားတွေရော အတိုက်အခံနိုင်ငံရေး သမားတွေပါ လူတော်လူကောင်းတွေ ဖြစ်ဖို့ အရေးကြီးပါတယ်။ တိုင်းပြည် တာဝန်သိပြီး၊ တာဝန်ကျေအောင် ကြိုးစားသူများဖြစ်ဖို့ လိုအပ်ပါတယ်။ တိုင်းပြည်ကို ရှေ့ဆောင် ရှေ့ရှုက်ပြုတဲ့ ခေါင်းဆောင်တွေဟာ ကိုယ်တိုင် လမ်းကောင်းလမ်းမှန်ကို ရွေးပြီး ဖြောင့်ဖြောင့်တန်းတန်းသွားပြမှ ပြည်သူတွေလည်း လမ်းကောင်းလမ်းမှန်ပေါ် ရောက်ကြမှာဖြစ်ပါတယ်။ ဝမ်းမြောက်ကြည်နူးတဲ့ဘဝကိုရကြပြီး “လူဖြစ်လာတဲ့ ဘဝမှာ လူဖြစ်ကျိုးနပ်စေရေး” ဟာ ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ရဲ့ ပန်းတိုင်ဖြစ်ပါတယ်။



**ချစ်ခင်လေးစားရပါသော မိဘပြည်သူ မောင်နှမအပေါင်းတို့ရှင်-**

နိုင်ငံအပေါ် ကျရောက်လာမယ့် ဘယ်လို အန္တရာယ်မျိုးကိုမဆို နိုင်ငံသူနိုင်ငံသားအပေါင်းရဲ့ညီညွတ်မှုနဲ့ တွန်းလှန်ဖြိုခွဲရမှာ ဖြစ်ပါတယ်။ ညီညွတ်မှုမရှိလို့ နိုင်ငံပြိုကွဲခဲ့ရတာကို မြန်မာ့သမိုင်းမှာရော၊ ကမ္ဘာ့သမိုင်းတွေမှာပါ တွေ့မြင်ခဲ့ရပြီး ဖြစ်ပါတယ်။ ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ကို ဖွဲ့စည်းရာမှာ နိုင်ငံသားအားလုံး အယုတ်အလတ်၊ အမြတ်မရွေး၊ လူမျိုး၊ ဘာသာမရွေး၊ ကျား၊ မ တန်းတူရေးတို့အပေါ်အခြေခံပြီး ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အတိတ်က အနိဋ္ဌာရုံတွေကို ပြန်မလှည့်ဘဲ အနာဂတ်မှာ စစ်မှန်တဲ့ ဒီမိုကရေစီ ခေတ်သစ်ကို ရှေးရှုခြင်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတိုးတက်ဖွံ့ဖြိုးရေးလမ်းကြောင်းကို ဦးတည်ကြဖို့လည်း ဒီမိုကရက်တစ်ပါတီ(မြန်မာ)က သန္နိဋ္ဌာန်ချမှတ်ထားပါတယ်။ ဒါ့အပြင် ပြည်သူတို့ ဆန္ဒနဲ့အတူ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လုပ်ဆောင်ပိုင်ခွင့်အစရှိတဲ့ ဒီမိုကရေစီကျင့်စဉ်တွေကို မိမိလည်းအခွင့်အရေးရ၊ သူတစ်ပါးအခွင့်အရေးလည်း မထိခိုက်စေရအောင်ဆိုတဲ့ ဦးတည်ချက်နဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်သွားနိုင်ဖို့လည်း သန္နိဋ္ဌာန်ချမှတ်ထားပါတယ်။

အခု မျက်မှောက်ခေတ်မှာ နိုင်ငံတိုင်းဟာ မိမိတစ်နိုင်ငံတည်း ထီးထီးကြီးနေဖို့ မဖြစ်နိုင်သလို အာရှတိုက်အတွင်းမှာလည်း အာရှနိုင်ငံများ အစုအဖွဲ့အမျိုးမျိုး၊ အရှေ့တောင်အာရှနိုင်ငံတွေမှာလည်း အာဆီယံလို့ခေါ်တဲ့အစုအဖွဲ့၊ ဘက်မလိုက်နိုင်ငံများအစုအဖွဲ့စသဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်နေတာ တွေ့ကြရမှာပါ။ “ကမ္ဘာ့နိုင်ငံများလို့ခေါ်မယ့်အစား အခုဆိုရင် ကမ္ဘာ့ရွာကြီး တစ်ရွာအဖြစ် တင်စားခေါ်ဝေါ်နေကြပြီမဟုတ်ပါလား” ဒါ့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက်ဆိုရင် သူပဲ-ငါပဲ မခွဲခြားဘဲ အားလုံး ပူးပေါင်းဆောင်ရွက်ရင်း ငြိမ်းချမ်းတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ကြပါစို့။

**ကျေးဇူးတင်ပါတယ်ရှင်**

**တူညီဆန္ဒ**

**တေးရေး-ထွန်းခေါင်တင်**

**တေးဆို-စန္ဒာ**

- ရောင်နီလင်းဖြာ နေခြည်သာလှတာ နံနက်ခင်းရဲ့မင်္ဂလာပါ။ ထွန်းလင်းတောက်ပ တို့ပြည်ရွာ၊ ညီညွတ်ခြင်းနဲ့ လက်တွဲညီခါ၊ မဲရုံကိုသွားကြမယ်ကွာ။
- ရွှေရည်ဝင်းဝါ ချိန်ခါသမယမှာ အရုဏ်ဦးရဲ့ တေးသံဖြာ နိုးကြားထက်မြက် တို့ပြည်မြန်မာ၊ တူယှဉ်တွဲလို့ ပေါင်းစုညီခါ၊ မဲရုံကို သွားကြမယ်ကွာ။
- မဲပေးကြမှာ မဲပေးကြမှာ ပြည်သူ့အကျိုးပြုပြည်သူ့ပါတီ၊ ဒီမိုကရက်တစ်ပါတီအား မဲပေးကြမယ်ကွာ။
- အသည်းကြားက မဲတစ်ပြားမှာ၊ တန်ဖိုးကြီးစွာ မဲပေးကြတော့မှာ၊ ပြည်သူအတွက် အားထားရာ ဒီမိုကရက်တစ်ပါတီပါ၊ တူညီဆန္ဒမဲပေးကြမှာ ဝမ်းမြောက်ကြည်သာ၊ ပြည်သူ့အတွက် နှိုးဆော်လိုက်ပြီကွာ။

# အိမ်ရှင်အဖြစ် လက်ခံမည့် ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲအတွက် မြန်မာဘိလိယက်အဖွဲ့ ပြင်ဆင်

**ရန်ကုန် စက်တင်ဘာ ၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲအတွက် မြန်မာဘိလိယက်အဖွဲ့သည် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာဘိလိယက်အဖွဲ့သည် ကမ္ဘာ့အဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပထမဆုံး လက်ခံကျင်းပခြင်းဖြစ်ပြီး အောင်မြင်စွာကျင်းပနိုင်ရန်နှင့် အောင်မြင်မှုရယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။ မြန်မာဘိလိယက်အဖွဲ့သည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ဇူလိုင်လ နောက်ဆုံးပတ်နှင့် ဩဂုတ်လ ပထမပတ်တွင် လူရွေးပွဲများ ကျင်းပခဲ့ပြီး ကစားသမား ၂၂ ဦး ရွေးချယ်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ



မြန်မာစနူကာကစားသမား အောင်ဖြိုး

တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၄၀ နှစ်အထက် စနူကာပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ပြီး ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားနှစ်မျိုးပါဝင်မည် ဖြစ်သည်။

လူရွေးပွဲအပြီးတွင် ဘိလိယက်ပြိုင်ပွဲအတွက် ချစ်ကိုကို၊ နေသွေးဦး၊ အောင်ဌေး၊ ပေါက်စ ၊ မင်းစည်သူထွန်း၊ ခင်မောင်ဦး၊ အောင်ဆန်းဦး၊ ဇော်သန်းထိုက်၊ စနူကာ အမျိုးသားပြိုင်ပွဲအတွက် ကိုထက်၊ ဝင်းကိုကို၊ မောင်မောင်၊ နိုင်ဝင်း၊ အောင်မိုးသူ၊ မောင်မောင်(ခ) အားတီ၊ အောင်ဖြိုး၊ အောင်ညီညီမောင်၊ အမျိုးသမီးစနူကာပြိုင်ပွဲအတွက် အေမီအောင်၊ သန္တာမောင်၊ နွေးနွေးလှိုင်၊ အသက် ၄၀ နှစ်အထက် စနူကာပြိုင်ပွဲအတွက် ဇေယျာထက်၊ ဇော်ထွန်း၊ ခိုင်လေး၊ ဇော်သန်းထိုက်နှင့် နေသွေးဦးတို့ကို ရွေးချယ်ထားသည်။ နေသွေးဦးနှင့် ဇော်သန်းထိုက်သည် ဘိလိယက်ပြိုင်ပွဲအပြင် အသက် ၄၀ နှစ်အထက် စနူကာပြိုင်ပွဲတွင်ပါ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး မတ်လက အာရှဘိလိယက်ပြိုင်ပွဲနှင့် ယူ-၂၁ စနူကာပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်သောကြောင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲကို တစ်နှစ်အတွင်း ထပ်မံကျင်းပခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့သည် သုံးလနီးပါးအချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခုရွေးချယ်ထားသည့် ကစားသမားစာရင်းတွင် ၂၀၁၈ အာရှ ယူ-၂၁ စနူကာပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် မြန်မာလူငယ်စနူကာ ကစားသမား အောင်ဖြိုးပါဝင်လာကြောင်း သိရသည်။

၂၀၁၈ ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် နိုင်ငံပေါင်း ၄၀ ကျော်မှ အားကစားသမား ၂၀၀ ဝန်းကျင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကမ္ဘာ့နာမည်ကြီး ဘိလိယက်ကစားသမားများ အစုံအလင်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

# အာရှ ယူ-၂၀ ခြေစစ်ပွဲအတွက် မြန်မာအသင်း လေ့ကျင့်ပြင်ဆင်

**ရန်ကုန် စက်တင်ဘာ ၄**

ဒီဇင်ဘာလတွင် ကျင်းပမည့် အာရှ ယူ-၂၀ ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာဖူဆယ်အသင်းသည် လေ့ကျင့်ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီ ဖြစ်သည်။

မြန်မာ ယူ-၂၀ ဖူဆယ်အသင်းကို ကစားသမား ၂၀ ဖြင့် ဖွဲ့စည်းထားပြီး နည်းပြအဖြစ် ဦးတင်မောင်ဌေးက ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၂၀ ဖူဆယ်အသင်းကို ပြီးခဲ့သည့် မတ်လက ကျင်းပခဲ့သည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲမှ ခြေစွမ်းပြသည့် ကစားသမားများဖြင့် ဖွဲ့စည်းထားပြီး ကစားသမားအများစုမှာ ဖူဆယ်လိဂ်ပြိုင်ပွဲပင် ယှဉ်ပြိုင်ဖူးသည့် အတွေ့အကြုံမရှိသောကြောင့် ကစားသမားများအတွေ့အကြုံရစေရန် လက်ရှိကျင်းပနေသည့် ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှ ယူ-၂၀ ဖူဆယ်ပြိုင်ပွဲကို ၂၀၁၇ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ပထမဆုံးကျင်းပသည့်နှစ်တွင် ခြေစစ်ပွဲကျင်းပခြင်း မရှိသော်လည်း ၂၀၁၉ ခုနှစ်အတွက် ခြေစစ်ပွဲကျင်းပမည်ဖြစ်ကာ ဇုန်လေးခုခွဲ၍ ယှဉ်ပြိုင်ရမည် ဖြစ်သည်။

မြန်မာအသင်းသည် အာဆီယံဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ငါးသင်းပတ်လည် စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းနှင့်အတူ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့ ငါးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒီဇင်ဘာ ၁ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကာ ခြေစစ်ပွဲကျင်းပမည့်နိုင်ငံအား ရွေးချယ်ရခြင်း မရှိသေးပေ။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို စုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အာဆီယံဇုန်မှ သုံးသင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ **ရဲရင့်ရှိန်း**

# (၆)ကြိမ်မြောက် နိုင်ငံတကာအာရှဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲ အမှတ်တရလက်ဆောင်များ ချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့က မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် နိုင်ငံတကာအာရှဖိတ်ခေါ် (6th Asia Basketball Veteran International Tournament 2018) အသက်၄၀၊ ၅၀၊ ၆၀ နှစ်နှင့်အထက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏနှင့် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲများအပြီး စကိုင်းစတားဟိုတယ်၌ အသက် ၄၀၊ ၅၀၊ ၆၀ နှစ်နှင့်အထိ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အမျိုးသား အမျိုးသမီးအားကစားသမားများအား မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် နာယက ဒေါ်နီနီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။ "ကျွန်တော်တို့ဘတ်စကက်ဘောကို ချစ်မြတ်နိုးသူ သက်ကြီးသူများ နှစ်စဉ်တွေ့ဆုံတဲ့ပြိုင်ပွဲပါ။ ဒါ့ပြင် လက်ရွေးစင်ဘဝနဲ့ အနားယူသွားတဲ့ သက်ကြီးလက်ရွေးစင်ကစားသမားတွေ ယှဉ်ပြိုင်တဲ့ပွဲလည်း ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က ပြောသည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာ၊ တရုတ်၊ မကာအို၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နိုင်ငံ အသီးသီးမှ အသင်း ၂၇ သင်း၊ အားကစားသမား ၄၅၀ ခန့်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ ၂၀၁၉ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် အာရှဖိတ်ခေါ်သက်ကြီး ဘတ်စကက်ဘောပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်

**ရန်ကုန် စက်တင်ဘာ ၄**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အောက်တိုဘာတွင်ယှဉ်ပြိုင်ရမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲအတွက် ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဇွန်လဆန်းမှစ၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ပြည်တွင်းခြေစမ်းပွဲများ ကစားခဲ့ကာ ဩဂုတ်လကုန်ပိုင်းတွင် ပဏာမကစားသမား ၃၀ မှ လေးဦး လျှော့ချခဲ့ခြင်းဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး အမျိုးသမီးလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် YREO နှင့် အား/ကာ သိပ္ပံတို့မှ ကစားသမားအများစုဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲအဖြစ် စက်တင်ဘာ ၆ ရက်တွင် စင်ကာပူ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ခြေစစ်ပွဲမတိုင်မီ ပြည်ပနိုင်ငံများ၌ သွားရောက်လေ့ကျင့်ခွင့်ရရန် ဆောင်ရွက်လျက်ရှိသည်။ "အသင်းမှာ ရွေးချယ်ထားတဲ့ ကစားသမားအများစုက အတွေ့အကြုံမရှိပါဘူး။ သူတို့ရဲ့ ကလပ်အသင်းမှာတောင် ပုံမှန်ပွဲထွက်ခွင့်မရတဲ့ သူတွေ များပါတယ်။ ဒါကြောင့် သူတို့အတွက် ပွဲအတွေ့အကြုံလိုအပ်ပါတယ်။ နိုင်ငံတကာခြေစမ်းပွဲတွေ ကစားဖို့လိုပြီး ခြေစစ်ပွဲမတိုင်မီ တရုတ် သို့မဟုတ် ထိုင်းမှာ လေ့ကျင့်ခွင့်ရဖို့ တင်ပြထားပါတယ်။ ခြေစမ်းပွဲ လေးပွဲ၊ ငါးပွဲလောက် ကစားချင်ပါတယ်"ဟု မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနည်းပြချုပ် ဒေါ်သက်သက်ဝင်းက ပြောကြားသည်။

မြန်မာအမျိုးသမီး အသင်းယှဉ်ပြိုင်မည့် ၂၀၁၉ အာရှ ယူ-၁၉ ခြေစစ်ပွဲ ပထမအဆင့်အုပ်စု(စ)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ သုဝဏ္ဏကွင်း၌ ကျင်းပမည် ဖြစ်သည်။ မြန်မာအသင်းသည် ယင်းအုပ်စုတွင် အီရန်၊ ပါလက်စတိုင်း၊ လာအိုတို့နှင့် ကျရောက်နေသည်။

ခြေစစ်ပွဲအတွက် ရွေးချယ်ထားသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် **ဂိုးသမား**-ဇူးလဲ့နဒီ၊ စိုးစန္ဒာအောင်၊ သရဖီအောင်၊ ထက်အိန္ဒြာလင်း၊ **နောက်တန်း**-နန်းဇူးဇူးထက်၊ ဇင်ယော်ခင်၊ မိုးမိုးသန်း၊ ကြည်ပြာလင်း၊ သီတာဝင်း၊ အိအိကျော်၊ ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ အေးအေးထွေး၊ သဇင်အောင်၊ **အလယ်တန်း**-မေဖူးကို၊ လင်းလဲ့ဦး၊ ဘွဲ့လျန်ကိန်း၊ ခင်နှင်းဝေ၊ နှင်းမြသဇင်၊ ဝင်းစန္ဒာထွန်း၊ မိုးမမစိုး၊ **ရှေ့တန်း**-စမ်းသော်သော်၊ လှိုင်လှိုင်မြင့်၊ ချိုချိုမြင့်၊ နွယ်နီဝင်း၊ လင်းမြင့်မိုရ်တို့ ပါဝင်ကြသည်။ **သတင်း-ညီမြတ်သော်တာ ဓာတ်ပုံ-စိုးညွန့်**



မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း နည်းပြချုပ် ဒေါ်သက်သက်ဝင်း

# တရုတ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲပထမနေ့တွင် မြန်မာအသင်း ရှုံးပွဲကြုံတွေ့

**ပေကျင်း စက်တင်ဘာ ၄**

တရုတ်ဖိတ်ခေါ် ယူ-၂၁ ပြိုင်ပွဲ ပထမနေ့ကို ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာ ယူ-၂၁ အသင်း ရှုံးပွဲကြုံတွေ့ခဲ့ပြီး အိမ်ရှင်တရုတ်နှင့် ဥဇဘက်ကစ္စတန် အသင်း အနိုင်ရခဲ့သည်။

ပထမနေ့တွင် အိမ်ရှင်တရုတ်အသင်းက မြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဥဇဘက်ကစ္စတန်အသင်းက တာဂျစ်ကစ္စတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပွဲအစ ၁၁ မိနစ်တွင် ပေးလိုက်ရသည့်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး နိုင်ငံတကာ အတွေ့အကြုံနည်းသည့် ကစားသမားများဖြင့် ဖွဲ့စည်းထားသော်လည်း ပထမပွဲတွင် အိမ်ရှင်အသင်းကို တစ်ဂိုးဖြင့်သာ ကပ်၍ရှုံးအောင် ကစားနိုင်ခဲ့သည်။ မြန်မာ ယူ-၂၁ အသင်း၏ ပွဲထွက်လူစာရင်းတွင် စိုးအာကာ(ဂိုး)၊ သက်ပိုင်ထွေး၊ ဇင်ရဲနောင်၊ ကျော်သက်ဦး၊ ကျော်မျိုးနိုင်၊ နန်းထိုက်ဇော်၊ အောင်နိုင်ဝင်း၊ အောင်ဇော်မြင့်၊ ချမ်းငြိမ်း၊ ထက်အာကာလင်းနှင့် ဇော်ဝင်းမောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်တရုတ်အသင်းအပါအဝင် မြန်မာ၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်နေပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည် ဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် စက်တင်ဘာ ၆ ရက်တွင် ဥဇဘက်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိန်း**

◆ *ကျောဖုံးမှ*

မြန်မာ ယူ-၁၆ အသင်းသည် မေလက ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲယှဉ်ပြိုင်ပြီး နောက်ပိုင်း ပြည်ပအသင်းများနှင့် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအဖြစ် ယှဉ်ပြိုင်ကစားခြင်း ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့်အသင်းမှ အမာခံကစားသမားများ ဖြစ်သည့် မြတ်နိုးခင်၊ ဆွေမာအောင်၊ ဝင်းဝင်းတို့ကို အမာခံထားကာ လူစုံအသုံးပြုခဲ့သည်။ နိုင်ငံတကာပြိုင်ပွဲများနှင့် လေးလကျော် အဆက်ပြတ်နေသည့် မြန်မာ ယူ-၁၆ အသင်းသည် ပွဲအစတွင် ကစားကွက်တည်မရဖြစ်နေပြီး ဂိုးရပြီးနောက်ပိုင်းမှသာ ကစားပုံ တည်ငြိမ်သွားခြင်း ဖြစ်သည်။ ၁၄ မိနစ်တွင် တိုက်စစ်မှူး ဆွေမာအောင်က ဂိုးစတင်သွင်းယူပြီး ၂ မိနစ်အကြာတွင် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ၁၉ မိနစ်တွင် စင်ကာပူတိုက်စစ်မှူး ဒါနာလီက ချေပဂိုးတစ်ဂိုး ပြန်သွင်းသော်လည်း မြန်မာအသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၂၃ မိနစ်နှင့် ၃၆ မိနစ်တွင် မြတ်နိုးခင်၊ မိနစ် ၄၀ တွင် ဝင်းဝင်းတို့က ဂိုးများထပ်မံသွင်းယူခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းကသာ ဖိကစားနိုင်သော်လည်း တောင်ပံတိုက်စစ်ကစားပုံ အားနည်းသောကြောင့် မြန်မာအသင်းတိုက်စစ်မှာ ထင်သလောက် မထိရောက်ခဲ့ပေ။ အထူးသဖြင့် မြန်မာအသင်းခံစစ်နှင့် ဂိုးသမားတို့မှာ အားနည်းချက် များရှိသေးပြီး ၅၆ မိနစ်တွင် အာဒီနီက စင်ကာပူအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကိုမူ ၅၂ မိနစ်တွင် ဝင်းဝင်း၊ ၆၀၊ ၈၇ မိနစ်တွင် ဆွေမာအောင်၊ ၇၃ မိနစ်တွင် မြတ်နိုးခင်တို့က သွင်းယူခဲ့သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်း၏ ဒုတိယခြေစမ်းပွဲကို စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ရေကြီးမှုကြောင့် ဆွာမြို့ အထက်တန်းကျောင်း၌ ရေနှင့် သင်ထောက်ကူပစ္စည်းများ လိုအပ်

**ရေတာရှည် စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်း ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်းပေါင်း ၁၁၇ ကျောင်း ယာယီပိတ်ခဲ့ရပြီး စက်တင်ဘာ ၄ ရက်အထိ ကျောင်းပေါင်း ၂၅ ကျောင်း ပိတ်ထားရဆဲဖြစ်ကာ စာသင်ကျောင်း ၂၇ ကျောင်း ထိခိုက်ပျက်စီးခဲ့ကြောင်း မြို့နယ်ပညာရေးမှူး၏ မှတ်တမ်းများအရ သိရသည်။

ဩဂုတ် ၂၉ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်က ဆွာချောင်းရေများ စတင်ဝင်ခဲ့သည့် ဆွာမြို့ အထက်တန်းကျောင်းမှ ရှေ့မျက်နှာစာ အုတ်တံတိုင်းအားလုံး ပြိုကျပျက်စီးသွားခဲ့ရကြောင်း၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ သုံးစွဲသည့် ရေသန့်စက်မော်တာများနှင့် သင်ထောက်ကူသုံး ကွန်ပျူတာများ၊ စာအုပ်များပါ ပျက်စီးဆုံးရှုံးခဲ့ရကြောင်းနှင့် ကျောင်းဖွင့်သည့်အခါ ကျောင်းသား ကျောင်းသူများသုံးစွဲရန် သောက်သုံးရေအတွက် အခက်အခဲရှိနေကြောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်စောက ပြောသည်။

ဆွာမြို့အထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများက သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကျောင်းတွင်း ကျောင်းပြင်လမ်းများ ပြုပြင်ခြင်းတို့ကို နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့နံနက်ပိုင်းမှ စတင်၍ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းတို့တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို ကျောင်းတက်ကြရန်နှင့် ကျောင်းသားအားလုံး ရေသန့်ဘူးများ ယူဆောင်လာကြရန် သင်ပုန်းဖြင့် ကြော်ငြာထားသည်ကို တွေ့ရသည်။

**ကိုလွင် (ဆွာ)**

# ရေယာဉ်များပေါ် မကြာခဏလုယက်သူများက ဓားဖြင့်ခုခံသဖြင့် ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီး

ရန်ကုန် စက်တင်ဘာ ၄

**ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ည ၉ နာရီက တွံတေးတူးမြောင်းအတွင်း၌ ရပ်ထားသော ရေယာဉ်များပေါ်တွင် မကြာခဏ လုယက်ခံရလေ့ရှိကြောင်း သတင်းအရ သက်သေများနှင့်အတူ ခနောင်တို အရှေ့ရပ်ကွက်ပိုင် တွံတေးတူးမြောင်းရှိ ဦးစံသိန်း ကျောက်ကြီးကွင်းအနီး၌ ကျောက်ချ ရပ်နားထားသည့် စက်လှေတစ်စင်းပေါ်တွင် ကင်းပုန်းဝပ်စောင့်ဆိုင်းခဲ့သည်။**

ယနေ့နံနက် ၁ နာရီခန့်တွင် မသင်္ကာဖွယ် အမျိုးသားသုံးဦး စီးနင်းလာသော ဘောက်တူစက်လှေတစ်စင်းက ရဲတပ်ဖွဲ့ဝင်များစောင့်ဆိုင်းနေသည့် သင်္ဘောအနီး ချဉ်းကပ်ကာ အမျိုးသားနှစ်ဦးက ဓားရှည်များကိုင်ဆောင်ပြီး သင်္ဘောပေါ်သို့ တက်ရောက်ခဲ့သည်။ ထို့နောက် ကင်းပုန်းဝပ်နေသည့် ရဲတပ်ဖွဲ့ဝင်များက လက်နက်ချ အဖမ်းခံရန်ပြောဆိုစဉ် ဓားရှည်ကိုင်ဆောင်ထားသူနှစ်ဦးက ဓားဖြင့် ပြေးဝင်ခုတ်ခဲ့သောကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးတွင် ဒဏ်ရာတစ်ချက်ရရှိခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အဆိုပါအမျိုးသားနှစ်ဦးအား ထိမှန်သေဆုံးသွားကာ လှေပေါ်ရှိ ကျန်တစ်ဦးမှာ ရေထဲသို့ခုန်ချထွက်ပြေးသွားခဲ့သည်။ ၎င်းတို့ထံမှ သက်သေခံပစ္စည်းများအဖြစ် ၄က်ကြီးတောင်ဓားတစ်ချောင်း၊ ဓားဦးချွန် ဓားရှည်တစ်ချောင်း၊ ဘောက်တူစက်လှေတစ်စင်း၊ လက်ကိုင်ဖုန်း တစ်လုံး၊ လေးခွနှစ်လက်၊ ကျောက်စရစ်ခဲ ၁၀ လုံးတို့ သိမ်းဆည်းရမိခဲ့သောကြောင့် ၎င်းတို့သုံးဦးကို ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



## သက်ငယ်မုဒိမ်းမှုကျူးလွန်သူအား အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ပြစ်ဒဏ်ချမှတ်

**မိတ္ထီလာ စက်တင်ဘာ ၄**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် စွန်ချောင်းကျေးရွာတွင် သက်ငယ်မုဒိမ်းမှု ကျူးလွန်ခဲ့သူ အမျိုးသားတစ်ဦးအား အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ (တစ်သက်တစ်ကျွန်း) ပြစ်ဒဏ်ကျခံစေရန် စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီက မိတ္ထီလာခရိုင်တရားရုံး ခရိုင်တရားသူကြီး ဦးသိန်းဇော်က ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

အမှုဖြစ်စဉ်မှာ ဝမ်းတွင်းမြို့နယ် ရိုးစုံကျေးရွာအုပ်စု စွန်ချောင်းကျေးရွာနေ ဒေါ်စန်းအေး (ခ) ဒေါ်ကုလားမ၏ သမီးဖြစ်သူ မ----(၁၅နှစ်)နှင့် ဖခင်ဖြစ်သူ ဦးစိန်အောင်တို့နှစ်ဦး အလှူပြုလုပ်မည့်အိမ်သို့ ဇန်နဝါရီ ၃ ရက်က သွားရောက်ခဲ့ကြောင်း၊ ဦးစိန်အောင်က သမီးဖြစ်သူကို အလှူအိမ်တွင်ထားပြီး နေအိမ်သို့ပြန်သွားခဲ့ကြောင်း၊ ယင်းနေ့ ညနေ ၄ နာရီခန့်တွင် သမီးဖြစ်သူ မ----မှာ ထမင်းပို့ရန် အလှူအိမ်မှ ဒေါ်ညွှန့်ခင်အိမ်သို့သွားခဲ့ရာ လမ်းတွင် တစ်ရွာတည်းနေ မောင်ကြံ (၂၁ နှစ်)က သားမယားအဖြစ် သုံးကြိမ်ပြုကျင့်ခဲ့ကြောင်း သိရသဖြင့် မ----၏ မိခင်ဖြစ်သူ ဒေါ်စန်းအေး (ခ) ဒေါ်ကုလားမက ဝမ်းတွင်းမြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ခဲ့သည်။ အဆိုပါအမှုအား မိတ္ထီလာခရိုင်တရားရုံးမှ စစ်ဆေးဆောင်ရွက်ခဲ့ပြီး မောင်ကြံ (၂၁ နှစ်)သည် ပြစ်မှုကျူးလွန်ကြောင်းထင်ရှား၍ ၎င်းအား အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ပြစ်ဒဏ်ကျခံစေရန် ခရိုင်တရားသူကြီးက ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**၀၄၇**

## ဘိုကလေးမြို့နယ်၌ ရေလုပ်သားတစ်ဦး မိကျောင်းဆွဲခံရ

**ဘိုကလေး စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ချောင်းဖြဲကြီးကျေးရွာအုပ်စု လှေလုံးကွဲကျေးရွာ၌ ယနေ့နံနက် ၆ နာရီတွင် ရေလုပ်သားတစ်ဦး မိကျောင်းဆွဲခံရသည်။

မိကျောင်းဆွဲခံရသူမှာ ဦးကျော်ဆန်း (၄၂နှစ်) ချောင်းဖြဲကြီးကျေးရွာအုပ်စု လှေလုံးကွဲကျေးရွာနေသူဖြစ်ပြီး ရေလုပ်ငန်းနှင့် လယ်ယာလုပ်ငန်း လုပ်ကိုင်သူဖြစ်ကြောင်း၊ လှေလုံးကွဲချောင်းအတွင်းရှိ တံတားတွင် ခြေဆေးနေစဉ် မိကျောင်းက ပုတ်ချပြီး လက်ကိုကိုက်ခဲ့ရာ ၎င်းကရုန်းကန်သဖြင့် ခြေထောက်ကိုကိုက်ရန် ကြိုးစားခဲ့ကြောင်း၊ ကာယကံရှင်နှင့် ၎င်း၏ဇနီးတို့က ဝိုင်းဝန်းခြောက်လှန့်သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်းနှင့် လက်နှင့် ခြေထောက်တို့တွင် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## မန္တလေးမှ ပုဂံသို့ ထွက်ခွာလာသော အစုန်အမြန်ရထား လမ်းချော်

**နွားထိုးကြီး စက်တင်ဘာ ၄**

မန္တလေးမှ ပုဂံသို့ စက်တင်ဘာ ၂ ရက်က ထွက်ခွာလာသော ပုဂံအစုန်အမြန်ရထားသည် တံတားဦးဘူတာအနီးတွင် လမ်းချော်မှုဖြစ်ပွား၍ ပုံမှန်ဆိုက်ရောက်ရမည်ထက် ၅ နာရီကျော် နောက်ကျသွားကြောင်း ခရီးသွားများထံမှ သိရသည်။

ပုဂံအမြန်အစုန်ရထားလမ်းချော်၍ အဆန်ပုဂံရထားဖြင့် ရှိန်တန်ခရီးသည်များ ပြောင်း၍ ပြေးဆွဲကြရသည်ဆိုသည်။ မန္တလေးရထား တိုင်း(၃)က လမ်းချော်နေရာကို ပြင်ဆင်ကြရာ ပုဂံလော်ကယ်ရထားများ ပုံမှန်ထက် လေးနာရီ နောက်ကျသွားကြောင်း သိရသည်။ပုဂံ-မန္တလေးရထားများ လမ်းချော်ကျမှုစိပ်လာ၍ ခရီးသွားများ စိုးရိမ်လာပြီး မော်တော်ကားသို့ ပြောင်းလဲစီးနေကြောင်း ပုဂံရထားစီးနင်းလိုက်ပါသူတို့က ပြောသည်။

**ဌေးမြင့်မောင်**

## တပ်ကုန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်များပြိုလဲ

**တပ်ကုန်း စက်တင်ဘာ ၄**

နေပြည်တော် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် နယ်မြေ ၁၁ သီရိလမ်းနေ ဒေါ်ခင်နွဲ့မိသားစုပိုင်ဆိုင်သော နှစ်တစ်ရာခန့်သက်တမ်းရှိ မန်ကျည်းပင်ကြီးသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီခန့်က သီရိလမ်းနှင့် သီရိလမ်းတစ်ဖက်ခြမ်း ကုန်စုံဆိုင်ရှေ့ခြမ်းပေါ်သို့ ပြိုလဲခဲ့ကြောင်းနှင့် အနော်ရထာ ရပ်ကွက် နယ်မြေ ၄ တွင်လည်း ဘောစကိုင်းပင်ပြိုလဲ၍ လျှပ်စစ်မီးကြိုးများ အနည်းငယ်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုလဲသစ်ပင်များအား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါသစ်ပင်များ ပြိုလဲမှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ကော့သောင်း၊ မန္တလေး၊ ကျောက်မဲနှင့် တောင်ကြီးမြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၄**

မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက် ည ၉ နာရီခန့်က ကော့သောင်းမြို့ ရွှေပြည်စိုးရပ်ကွက် မြို့ပတ်(၃)လမ်းနေ ဇော်မျိုးထွန်း(ခ) အာနီး၏ နေအိမ်ကိုရှာဖွေရာ ဘိန်းစာမှုန့် ၅ ဒသမ ၀၄ ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် တန်ဖိုးနည်းအိမ်ရာ ၄၆ လမ်းနှင့် ၄၇ လမ်းကြား သံလမ်းနှင့် စံပယ်လမ်းကြား၌ မအိသန္တာကျော်(ခ) မဖြူစင်အိအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပြည့်ဖြိုးအောင်(ခ)ကိုပြည့်နှင့် ချမ်းမြေ့သူ(ခ)ဖိုးချမ်းတို့၏ အခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅ ပြား၊ ငွေကျပ် ၁၁၉၀၀၀ နှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကိုလည်းကောင်း၊ ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ် ဒူးကြား လမ်းတွင် နေထိုင်သူ မသက်သက်ဖြိုး(ခ)မသက်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၂၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁ နာရီခွဲကလည်း ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့ အမှတ်(၉)ရပ်ကွက်တွင် စိုင်းသန်းထွန်းကို ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀ တို့ကို လည်းကောင်း၊ အလားတူ နံနက် ၃ နာရီခွဲက မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် အလယ်ကျေးရွာနှင့် ပွဲစမိတ်ကျေးရွာသွားလမ်းတွင် လူနှစ်ဦးပါရှိပြီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်သည် စစ်ဆေးနေသည့်အဖွဲ့ကို တွေ့မြင်၍ ဆိုင်ကယ်ကိုလှဲချပြီး တောထဲသို့ ထွက်ပြေးသွားသဖြင့် ကျန်ရှိသည့် ဆိုင်ကယ်ကို သွားရောက်စစ်ဆေးရာ ဘိန်းဖြူဆပ်ပြာခွက် ၅၄ ခွက် (ဘိန်းဖြူ အလေးချိန် ၅၄ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၂၀၀ တို့ကို လည်းကောင်း။

ထိုနေ့ ည ၇ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့ တုံခမ်းရပ်ကွက် နယ်မြေ(၃)၊ အရက်ဖိုလမ်းနေ တုံစိန်ခိုင်(ခ)မောင်ခိုင်၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၇၅ ဂရမ်၊ ဘိန်းစိမ်းတစ်ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ဘားအံမြို့နယ်၌ ဓားရှည်ကိုင်ဆောင်ရမ်းကားသူကို အမှုဖွင့်အရေးယူထား

**ဘားအံ စက်တင်ဘာ ၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု တန် ၉၀၀ စက်ရုံကွက်သစ်လမ်းမပေါ်တွင် စက်တင်ဘာ ၃ ရက် ဓားရှည်တစ်လက်နှင့် သောင်းကျန်းနေသူကို ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

စက်တင်ဘာ ၃ ရက် ည ၁၀ နာရီက မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ် ဇော်လင်း၊ ဒုရဲအုပ် မျိုးဇင်ယုနှင့် အဖွဲ့သည် လှည့်ကင်းဆောင်ရွက်နေစဉ် တန် ၉၀၀ စက်ရုံကွက်သစ်လမ်းမပေါ်တွင် အရိုးအသွား နှစ်ပေ လေးလက်မခန့်ရှိ ဓားကိုင် သောင်းကျန်းနေသဖြင့် ထိန်းသိမ်းစစ်ဆေးခဲ့ရာ ထွန်းထွန်းဝင်း (၃၂ နှစ်)တန် ၉၀၀ စက်ရုံဝင်းအတွင်း လှာကာကျေးရွာအုပ်စု ဘားအံမြို့နယ် နေသူဖြစ်ကြောင်း စစ်ဆေးသိရသည်။

ထို့ကြောင့် ဓားရှည်ကိုင်ဆောင်ရမ်းကားသူ ထွန်းထွန်းဝင်းကို ဘားအံမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## မော်လိုက်မြို့နယ်၌ မူးယစ်ဆေးဝါးရောင်းချသူများ ဖမ်းဆီးရမိ

**မော်လိုက် စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် တောင်ကုန်းကျေးရွာအနီး လူမနေသည့် လယ်တဲတွင် မူးယစ်ဆေးဝါးများနှင့်အတူ သုံးစွဲရောင်းချနေသူနှစ်ဦးအား စက်တင်ဘာ ၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်းအင်နယ်မြေရဲကင်းမှ ရဲအုပ်လှဇော်နှင့် ရဲတပ်ဖွဲ့ဝင်များသည် မော်လိုက်မြို့နယ် တောင်ကုန်းကျေးရွာ အရှေ့မြောက်ဘက် နှစ်ဖာလုံခန့်အကွာ ရာဇမုနိ ဘုရားကုန်းအနီး လူမနေသည့် လယ်တဲ၌ မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးရာ တောင်ကုန်းကျေးရွာနေ ဦးလှထွန်းနှင့် အုတ်ဖိုကျေးရွာနေ အောင်ထွန်းကြိုင်တို့ကို ဘိန်းဖြူ အလေးချိန် ၅ ဒသမ ၆ဂရမ် (တန်ဖိုးငွေကျပ် ၅၆၀၀၀၀)၊ မူးယစ်ဆေးဝါးရောင်းချငွေနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိသူနှစ်ဦးကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မော်လိုက်သားလေး**

## မြန်မာ့ရုပ်မြင်သံကြား

၅ -၉- ၂၀၁၈(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ - “စီးပွားရေးစကားဝိုင်း” (နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ သစ်တောကဏ္ဍ မြှင့်တင်စို့) (ပထမပိုင်း)
- ၁၀း၃၅ - ပြည်သူ့နီတိ “ကိုယ်စီအသိစိတ်”
- ၁၁း၂၅ - “ကယားရိုးရာအစားအစာ” (မုန်ညင်းချဉ်နှင့်ဝက်ရိုးဟင်း)
- ၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း- ၄၀)

**ညပိုင်း**

- ၁၆း၄၀ - “ရာသီတုပ်ကွေးကင်းစင်ရေး ဆင်ခြင်မနေ့း လိုက်နာပေး”
- ၁၇း၀၅ - အနုပညာခန်းရိပ်သာ “ဆရာမောင်သွေးသစ်နှင့် တွေ့ဆုံခန်း”
- ၁၇း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် " Special 9 " မြင့်မြတ်၊ ယုန်လေး၊ နိုင်းဝမ်း၊ ဆူဇီ၊ စိုးနန္ဒာကျော်၊ ခိုင်မြတ်သဇင်၊ ပန်းနု)
- ၁၈း၂၀ - Football Magazine
- ၁၈း၃၅ - ဘ၀ထဲကဝတ္ထု၊ ဝတ္ထုထဲကဘ၀ “အဖြူရောင်ပွင့်သစ်”
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ “နေရယ်လရယ် အမှန်တရားရယ်”(အပိုင်း- ၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်** “ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ”
- - “စီးပွားရေးစကားဝိုင်း” (နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုး တိုးတက်ဖို့ သစ်တောကဏ္ဍ မြှင့်တင်စို့) (ဒုတိယပိုင်း)

## ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ပိတောက်ဓားရှေများ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၇၉၄ စီး၊ သွင်းကုန် ၆၇၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉ စီး၊ သွင်းကုန် ၃၃၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇ ဒသမ ၀၀၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၆၉၅ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၁မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈ ဒသမ ၇၀၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ DONGFENG ယာဉ်တစ်စီးနှင့် NISSAN UD ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်သိုဝှက်သယ်ဆောင်လာသည့် ပိတောက်ဓားရှေ ၅ ဒသမ ၈၁၆၄ တန်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆ ဒသမ ၀၂၄ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချီကာဂိုပြည်နယ်တွင် လမ်းမကြီးပေါ် ပိတ်ဆို့ဆန္ဒပြသူ ၁၂ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီး

**ချီကာဂို စက်တင်ဘာ ၄**

အမေရိကန်ပြည်ထောင်စု ချီကာဂိုပြည်နယ် အိုဟာရီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့သွားလာရာ အဝေးပြေးလမ်းမကြီးကို ပိတ်ဆို့ရန် ကြိုးပမ်းကြသော ဆန္ဒပြသူ ၁၂ ဦးကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့သည်။ အီလီနွိုက်ပြည်နယ် ရဲတပ်ဖွဲ့၏ အဆိုအရ ဖမ်းဆီးခံရသူများမှာ အမျိုးသား ရှစ်ဦး၊ အမျိုးသမီးလေးဦးတို့ ဖြစ်ကြောင်း၊ ဒေသခံ တက်ကြွလှုပ်ရှားသူများ အပါအဝင် အတိုက်အခံ ခေါင်းဆောင် ဂရီဂေါ်ရီအက်စ်လစ်ဗင်းစတုန်းလည်း ပါဝင်ခဲ့သည်။

အဝေးပြေးလမ်းမကြီးပေါ်တွင် ပိတ်ဆို့မှု မပြုလုပ်ရန် ရဲများက လော်စပီကာဖြင့် အော်ဟစ်ခဲ့သည်။ အဝေးပြေးလမ်းမကြီးတစ်လျှောက် ချီတက်ဆန္ဒပြနေသော ဆန္ဒပြသူများကို တားဆီးရန် ဒေသခံနှင့် ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၀၀ကျော်ခန့် တားဆီးခဲ့သည်။ တက်ကြွလှုပ်ရှားသူ ကျောင်းဆရာ တစ်ဦးဖြစ်သူ အော်ဒရီဒွေ့ဗ်က ၎င်းသည် အခြားသော ဆန္ဒပြသူများ ကဲ့သို့ပင် မြို့အတွင်း အကြမ်းဖက်သူများ တဖြည်းဖြည်း များလာသည်ကို စိုးရိမ်မိကြောင်း၊ လူဖြူများနှင့် ယှဉ်လျှင် လူမည်းများမှာ အခွင့်အရေး မျှတမှုမရှိကြောင်းပြောကြားခဲ့သည်။

ချီကာဂိုပြည်နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အာဖရိကန် အမေရိကန်များကို လုပ်ကိုင်ခွင့်ပေးရန်၊ လူမည်းများအပေါ်အကြမ်းဖက်မှုများမပြုရန်၊ အာဖရိကန် အမေရိကန်များနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်ရန်၊ မြို့တော်ဝန် နုတ်ထွက်ပေးရန် အစရှိသည်တို့ကို တောင်းဆိုခဲ့သည်။ အဆိုပါ ဆန္ဒပြမှုမှာ ချီကာဂို ရဲအရာရှိ ဂျေဆန် ဗန် ဒိုင်ကီ အတွက် တရားခွင် စစ်ဆေးမှုမတိုင်မီတစ်ရက်အလိုတွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ရဲအရာရှိသည် ၂၀၁၄ ခုနှစ်က အသက် ၁၇ နှစ်အရွယ် လူမည်းတစ်ဦးဖြစ်သည့် Laquan Mc Donald ကို သေနတ်ဖြင့် ပစ်သတ်ခဲ့သည့်အတွက် တရားစွဲခဲ့သည်။ အဆိုပါ တရား စွဲဆိုမှုကို ဗုဒ္ဓဟူးနေ့တွင် ပြန်လည်စတင်မည်ဖြစ်သည်။ ချီကာဂိုပြည်နယ်တွင် သေနတ်ဖြင့် အကြမ်းဖက်မှုများ ခဏခဏပေါ်ပေါက်လာပြီး အပြည်ပြည်ဆိုင်ရာ၏အာရုံစိုက်မှုကို ခံနေရသည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစကာ အသက် ၁၇ နှစ်အောက် သေနတ်ဖြင့် အကြမ်းဖက်တိုက်ခိုက်ခံရသူဦးရေမှာ ၁၇၄ ဦး ရှိလာကြောင်း The Chicago Tribune ကဖော်ပြသော စာရင်းဇယားများအရသိရသည်။ **ဆင်ဟွာ**




# ဖိလစ်ပိုင်သမ္မတ ဒူတာတေး အစ္စရေးသို့ချစ်ကြည်ရေးခရီးသွားရောက်

**ဂျေရုဆလင် စက်တင်ဘာ ၄**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးသည် တနင်္လာနေ့က အစ္စရေးနိုင်ငံသို့ သွားရောက်ခဲ့ရာ အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုက လှိုက်လှဲစွာကြိုဆိုခဲ့သည်။ ဖိလစ်ပိုင်သမ္မတ၏ ပထမဦးဆုံး အစ္စရေးခရီးစဉ်တွင် ခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ သဘောတူညီချက်ထဲမှ တစ်ခုမှာ အစ္စရေးတွင် ဖိလစ်ပိုင်လုပ်သားများ၏ အခြေအနေတိုးတက်ရန်ဖြစ်ပြီး အစ္စရေးနိုင်ငံရောက် ဖိလစ်ပိုင်လုပ်သားများမှာ ကျန်းမာရေးအကူများ ဖြစ်ကြသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုများနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ကြရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ လက်နက်စာချုပ်မှာ ဒူတာတေး အစ္စရေးသို့ လာရောက်ရသည့် အဓိကအကြောင်းအရာလည်း ဖြစ်သည်။ ဖိလစ်ပိုင်အစိုးရသည် အစ္စရေးနိုင်ငံထုတ် လက်နက်များကို မကြာသေးခင်ကမှ ဝယ်ယူထားခဲ့ပြီး အစ္စရေးနိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးဆုံးလက်နက်ရောင်းချသည့် နိုင်ငံများထဲမှ တစ်ခုပင် ဖြစ်သည်။ အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ အစ္စရေးနိုင်ငံမှ လက်နက် ၆၀ ရာခိုင်နှုန်းသည် အာရှပစိဖိတ်ဒေသသို့ တင်ပို့ရောင်းချကြောင်း သိရသည်။ ဖိလစ်ပိုင်သမ္မတဒူတာတေးသည် အစ္စရေးနိုင်ငံသို့ တနင်္ဂနွေနေ့က ထွက်ခွာခဲ့ခြင်းဖြစ်ပြီး ချစ်ကြည်ရေးခရီးမှာ လေးရက်ကြာမြင့်မည်ဟုလည်း သိရသည်။ **ဆင်ဟွာ**

# ယူကရိန်းက အမေရိကန်၊ နေတိုးမဟာမိတ်များနှင့် ပူးတွဲစစ်ရေး လေ့ကျင့်မှု ပြုလုပ်

**စတာချီ စက်တင်ဘာ ၄**

ယူကရိန်းအရှေ့ပိုင်းတွင် အကြမ်းဖက်မှုများ ဖြစ်ပွားနေသည့်ကိစ္စနှင့် ပတ်သက်ပြီး ရုရှားနှင့် တင်းမာမှု မြင့်တက်နေလင့်ကစား ယူကရိန်းသည် အမေရိကန်ပြည်ထောင်စုနှင့် သာမက နေတိုးမဟာမိတ်များနှင့် ပူးတွဲစစ်ရေး လေ့ကျင့်မှု တစ်ရပ် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

Rapid Trident ခေါ် အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ယူကရိန်း အနောက်ပိုင်းကျေးရွာတစ်ရွာဖြစ်သည့် စတာချီတွင် စက်တင်ဘာ ၁၅ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ တပ်ဖွဲ့ဝင်ပေါင်း ၂၂၀၀ ခန့်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်သူများသည် ယူကရိန်းနှင့်ညီညွတ်စွာရှိကြောင်း၊ ယူကရိန်းလုံခြုံရေးအတွက် ဖြစ်ကြောင်း၊ ယူကရိန်း အချုပ်အခြာပိုင်ဆိုင်မှုအတွက် ဖြစ်ကြောင်း၊ ယူကရိန်းပိုင်နက် နယ်မြေ တည်တံ့ခိုင်မြဲမှုရှိရေးအတွက် ဖြစ်ကြောင်း ယူကရိန်းနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မာရီယိုဗန်နိုဗစ်ချ်က ပြောကြားခဲ့သည်။

စစ်အေးကာလကတည်းမှစကာ ရုရှားနိုင်ငံက ၎င်း၏အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုကို စတင်မကျင်းပမီ တစ်ပတ်ခန့်အလိုတွင် ယခုကဲ့သို့ ယူကရိန်း စစ်ရေးလေ့ကျင့်မှုကို စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူကရိန်း စစ်ရေးလေ့ကျင့်မှုဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တာရက်စ်ဂရင်က ယူကရိန်း ပူးတွဲစစ်ရေး လေ့ကျင့်မှုအတွင်း စစ်ဘက်ဆိုင်ရာ ပစ္စည်းပေါင်း ၃၅၀ ခန့် အသုံးပြုသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ထို့အတူ ယူကရိန်း နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့နှင့် အမျိုးသားကာကွယ်ရေး တပ်ဖွဲ့များအနေဖြင့်လည်း ပထမဆုံး အကြိမ်အနေဖြင့် ယခုကျင်းပသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

ယူကရိန်း အရှေ့ပိုင်းရှိ သူပုန်များကို ပြန်လည်တိုက်ထုတ်ရန် အကူအညီပေးသည့်အနေဖြင့် အမေရိကန်တပ်ဖွဲ့ဝင်ရာပေါင်းများစွာသည် ၂၀၁၅ ခုနှစ်ကတည်းက ယူကရိန်း တပ်ဖွဲ့ဝင်များကို သင်တန်းများပေးပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အပစ်ရပ် သဘောတူညီချက်အသစ်တစ်ခု လွန်ခဲ့သည့် ရက်သတ္တပတ်က စတင် သက်ရောက်ခဲ့သည်ဆိုသော်လည်း လွန်ခဲ့သော တစ်ရက်က သူပုန်များနှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် ယူကရိန်း တပ်ဖွဲ့ဝင် ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်း စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံသို့ အင်အားပြင်းထန်သည့် တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်

**တိုကျို စက်တင်ဘာ ၄**

နှစ်ပေါင်း ၂၅ နှစ်အတွင်း အင်အားအပြင်းဆုံး တိုင်ဖုန်းမုန်တိုင်း အင်္ဂါနေ့က စတင်ဝင်ရောက်ခဲ့သည်။ လူပေါင်းတစ်သန်းခန့်နီးပါးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန် တိုက်တွန်းခဲ့သည်။

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် လေပြင်းမုန်တိုင်းများ တိုက်ခတ်နေပြီး မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည်။ တိုင်ဖွန်းမုန်တိုင်း Jebi သည် တစ်နာရီလျှင် လေတိုက်နှုန်း ၂၁၆ ကီလိုမီတာဖြင့် တိုက်ခတ်ခဲ့ပြီး အိုဆာကာ ပင်လယ်အော်တွင် ကျောက်ချထားသော ရေနံတင်သင်္ဘော မျောပါသွားခဲ့သည်။

ခန်စီ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နေသည်။ ထိခိုက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကိုမူ အတိအကျမသိရသေးပေ။

အပြည်ပြည်ဆိုင်ရာလေဆိပ်အောက်ထပ် ရေလွှမ်းမိုးခဲ့ပြီးနောက် လေယာဉ်ခရီးစဉ်များအားလုံးကို ရပ်နားထားခဲ့ရသည်ဟု ဒေသတွင်းမီဒီယာများက ဖော်ပြကြသည်။

တိုင်ဖုန်းမုန်တိုင်း Jebi သည် အရှေ့မြောက်ဘက်သို့ လျင်မြန်စွာ ရွေ့လျားနေပြီး ဂျပန်နိုင်ငံအတွင်းဝင်ရောက်ကာ အားပျော့ပျက်ပြယ်သွားမည်ဟုခန့်မှန်းရသည်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် အသိပေးထားပြီး အစိုးရအဖွဲ့ကိုလည်း ဒေသခံများအတွက် လိုအပ်သည်များ လုပ်ဆောင်ပေးရန်ညွှန်ကြားထားသည်။ ဂျပန်မိုးလေဝသဌာနမှ မြေပြိုမှု၊ ရေကြီးမှု၊ လေပြင်းတိုက်ခတ်မှု၊ ဒီရေမြင့်တက်လာနိုင်မှုတို့အတွက် သတိပေးချက်ထုတ်ပြန်ထားသည်။ **အေအက်ဖ်ပီ**

# ဆီးရီးယားတပ်ဖွဲ့ဝင်များ အီဒလစ်မြို့ကို တိုက်ခိုက်မှုမပြုရန် အမေရိကန်သမ္မတ ထရန့်တောင်းဆို

**ဒမတ်စကတ် စက်တင်ဘာ ၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဆီးရီးယားသမ္မတက ဘတ်ရှာ အယ်အာဆတ်၏တပ်ဖွဲ့ဝင်များ အီဒလစ်ပြည်နယ်ကို အဆင်ခြင်မဲ့ တိုက်ခိုက်ခြင်းမပြုရန် ပြောကြားခဲ့သည်။ ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များက ပြည်နယ်အနောက်မြောက်ပိုင်းတွင် ပြင်းထန်သော ထိုးစစ်ဆင်မှုများ ပြုလုပ်နေပြီးနောက် ယင်းကဲ့သို့ မှတ်ချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။ ရုရှားနှင့် အီရန်တပ်ဖွဲ့ဝင်များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အမှားကျူးလွန်မှုတွင် ပါဝင်ကြောင်း တနင်္လာနေ့တွင် သမ္မတ ထရန့်က တွစ်တာပေါ်၌ ရေးသားခဲ့သည်။ ပြင်းထန်သော ထိုးစစ်ဆင်တိုက်ပွဲများအတွင်း လူပေါင်းရာနှင့် ထောင်နှင့်ချီပြီး သေဆုံးနိုင်ကြောင်းလည်း ၎င်းကရေးသားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဆီးရီးယားအတိုက်အခံအုပ်စုကို ထောက်ခံအားပေးပြီး ယခုတိုက်ပွဲအတွင်း ဆီးရီးယားအစိုးရမှ ဓာတုလက်နက် အသုံးပြုမည်ကိုစိုးရိမ်နေသည်။ ဧပြီလအတွင်းကလည်း ဆီးရီးယားအစိုးရသည် ဓာတုလက်နက် အသုံးပြုသည်ဟူသော စွပ်စွဲချက်များ ထွက်ပေါ်လာသည့်အတွက် အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်တို့မှ မဟာမိတ်တပ်များပူးပေါင်း၍ ဆီးရီးယားကို ထိုးစစ်ဆင်တိုက်ပွဲဆင်နွှဲခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံ အဝတ်လျှော်လုပ်ငန်းတစ်ခုတွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရာ ရှစ်ဦး ဒဏ်ရာရရှိ

**ဗန်ကောက် စက်တင်ဘာ ၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြို့လယ်ကောင်ရှိ အဝတ်လျှော်လုပ်ငန်းတစ်ခုတွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရာမှ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုသည် ကိုယ်တိုင်လျှော် အဝတ်လျှော်လုပ်ငန်းတစ်ခုတွင် ယမန်နေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ အဝတ်လျှော်စက်များ အသုံးပြုရန် လူအများစောင့်ဆိုင်းနေစဉ် ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသော အမျိုးသားသုံးဦးနှင့် အမျိုးသမီး ငါးဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

ယင်းအဝတ်လျှော်လုပ်ငန်းကို သုံးထပ်တိုက်အဆောက်အအုံနှင့် ကပ်လျက်ဖွင့်ထားကြောင်းသိရသည်။ ထိုပေါက်ကွဲမှုကြောင့် ၎င်းနှင့်ကပ်လျက်ရှိသော ဆိုင်ခန်းများနှင့် လက်တွန်းလှည်းဆိုင်ခန်းများလည်း ပျက်စီးခဲ့ရကြောင်း သိရသည်။

၎င်းအဝတ်လျှော်လုပ်ငန်းပိုင်ရှင်က ဆိုင်ခန်းဖွင့်လှစ်ထားသည်မှာ သုံးရက်သာ ရှိသေးသောကြောင့် ဖောက်သည်များအား ဆွဲဆောင်ရန် အခမဲ့လျှော်ခွင့်ပေးထားကြောင်း ပြောကြားခဲ့သည်။

အဆိုပါပေါက်ကွဲမှုကြောင့် အဝတ်လျှော်လုပ်ငန်း ဆိုင်ပိုင်ရှင်အနေဖြင့် ထောင်ဒဏ်ခြောက်လကျခံရမည့်အပြင် ထိုင်းဘတ် ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၅၁၅ ဒေါ်လာခန့် )ဒဏ်ကြေးပေးဆောင် ရနိုင်ခြေရှိကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### သီရိလင်္ကာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးရန် မြောက်ပိုင်းပြည်နယ်တွင် စီးပွားရေး မြှုပ်နှံမည်

**ကိုလံဘို စက်တင်ဘာ ၄**
သီရိလင်္ကာနိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှု အဖွဲ့က နိုင်ငံတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများကို ကြီးကြပ်ကွပ်ကဲလျက်ရှိရာ အဆိုပါအဖွဲ့က နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးပြီး အလုပ်အကိုင်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပြီး လုပ်ငန်းသစ် ၁၄ ခုကို ယခင်က စစ်ပွဲဒဏ်ကြောင့်ပျက်စီးခဲ့သည့် သီရိလင်္ကာ မြောက်ပိုင်းတွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းသစ် ၁၄ ခုတွင် နှစ်ခုမှာ စီးပွားဖြစ်လုပ်ကိုင်ရန် အချိန်အခါစောင့်နေရသော အနေအထားဖြစ်ကြောင်း၊ ငါးခုမှာ အကောင်အထည်ဖော်ရန် စောင့်ဆိုင်းနေရကြောင်း၊ နှစ်ခုမှာအတည်ပြုပြီးဖြစ်ကြောင်းနှင့် သဘောတူလက်မှတ်ရေးထိုးရန် စောင့်ဆိုင်းနေရကြောင်း၊ တခြားငါးခုမှာ အတည်ပြုချက်ရယူရန် စောင့်ဆိုင်းနေရကြောင်း နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုအဖွဲ့က ထုတ်ပြန်သော သတင်းအချက်အလက်များအရ သိရသည်။

နိုင်ငံ၏ မြောက်ပိုင်းပြည်နယ်တွင် စီးပွားရေးအခွင့်အလမ်း ပွင့်လန်းလာမည့် အနေအထားရှိနေသည်ကို အမှန်တရားအတိုင်း ပြောကြားလိုပါကြောင်း၊ အခွင့်အလမ်းများစွာ ကျန်ရှိနေသေးကြောင်း ရင်းနှီးမြှုပ်နှံမှုအဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ အချက်များကြောင့် နိုင်ငံမြောက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ထိပ်တန်းဦးစားပေး အဆင့်အနေဖြင့် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

### အာဖရိကကို အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ တရုတ် ကူညီမည်

**ပေကျင်း စက်တင်ဘာ ၄**
တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများအတွက် အာဖရိကကို အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ကူညီမည်ဖြစ်ကြောင်း ကတိပေး ပြောကြားခဲ့သည်။

တနင်္လာနေ့တွင် ပေကျင်း၌ ကျင်းပသော တရုတ်- အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်ခဲ့သည်။ အာဖရိက ၅၃ နိုင်ငံမှ ခေါင်းဆောင်များလည်း ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ အဆိုပါ အစည်းအဝေးကို သုံးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိကြောင်း သိရသည်။

အဖွင့်မိန့်ခွန်းတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ချေးငွေအဖြစ်နှင့် သာမက တခြားအကူအညီပေးမည့်ပုံစံမျိုးဖြင့်ပါ လာမည့်သုံးနှစ်အတွင်း အာဖရိကသို့ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ကူညီသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ တရုတ်နှင့် အာဖရိကတို့၏ ချစ်ကြည်ရင်းနှီးမှုကို လျှော့မတွက်ရန် တရုတ်အာဖရိက အမြဲမိတ်ဆွေဟု တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။ အနာဂတ်ကိုမျှဝေဖို့ အသိုက်အဝန်း တစ်ခု တည်ဆောက်စို့ဟူသည့် ခေါင်းစဉ်အောက်တွင် နယ်ပယ်ကဏ္ဍစုံ၌ တရုတ်နှင့် အာဖရိကနိုင်ငံများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို တရုတ်သမ္မတရှီကျင့်ဖျင်က ကြေညာခဲ့ပြီး ၂၀၁၅ အစည်းအဝေး၌လည်း အလားတူ ကမ်းလှမ်းမှုမျိုး ပြုလုပ်ခဲ့သေးကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျီနီဗာဆွေးနွေးပွဲမှာ ယီမင်အစိုးရနဲ့ ဟူသီသူပုန်တို့ မျက်နှာချင်းဆိုင်တွေ့ဆုံကြမှာလား

**ထွန်းသစ်စ**



စစ်ပွဲကြောင့် ရွှေ့ပြောင်းသွားလာနေတဲ့ ယီမင်ပြည်သူများ လခြမ်းနီအသင်းမှ ဖြန့်ဝေပေးသော အစားအစာ အထောက်အပံ့ရရှိရန် စက်တင်ဘာ ၁ ရက်က တန်းစီစောင့်ဆိုင်းနေစဉ်။

ယခုတစ်ပတ်မှာတော့ ကုလသမဂ္ဂ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တစ်ခုကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ ကျင်းပသွားမယ်လို့ သိရပါတယ်။ အဲဒီကုလသမဂ္ဂငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ ယီမင်အစိုးရနဲ့ ဟူသီသူပုန်တို့ တွေ့ဆုံဖို့ မဖြစ်နိုင်ဘူးလို့ သိထားသော်လည်း ကုလသမဂ္ဂကတော့ တစ်စုံတစ်ရာ အဖြေထွက်လာအောင် ဆောင်ကြဉ်းပေးသွားမလားဆိုတာနဲ့ ပတ်သက်ပြီး နိုင်ငံတကာရေးရာ ဗဟုသုတအနေနဲ့ ရေးသား ဖော်ပြလိုက်ပါတယ်။

အကျဉ်းသားဖလှယ်ရေး အဓိကဆွေးနွေးသွားဖွယ်ရှိတဲ့ ဂျီနီဗာမှာ ကျင်းပမယ့် ယခုအပတ် ကုလသမဂ္ဂ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ယီမင်စစ်ပွဲမှာ ပါဝင်နေတဲ့ အဖွဲ့တွေအနေနဲ့ မျက်နှာချင်းဆိုင် တွေ့ဆုံသွားမှာ မဟုတ်ဘူးလို့ အစိုးရအရာရှိတွေက မကြာသေးမီတွင် ပြောခဲ့ပါတယ်။

ကုလသမဂ္ဂအဖွဲ့ဟာ ယီမင်အစိုးရနဲ့ အီရန်ထောက်ပံ့ခံ ဟူသီသူပုန်တွေကို လာမယ့် ကြာသပတေးနေ့မှာ ဂျီနီဗာမှာ ကျင်းပမယ့် အစည်းအဝေးကို ဖိတ်မန္တကပြုခဲ့ပါတယ်။ နှစ်ဖက်စလုံးကတော့ အဲဒီဆွေးနွေးပွဲကို အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တွေ စေလွှတ်သွားမှာ ဖြစ်တယ်လို့ စကားဦးသမ်းခဲ့သော်လည်း တကယ့်ဖြစ်နိုင်ခြေကတော့ နည်းပါးလွန်းလှပါတယ်။

ဂျီနီဗာမှာ ကျင်းပမယ့် ဆွေးနွေးပွဲမှာ ၂၀၁၆ ခုနှစ်က ပျက်စီးသွားခဲ့တဲ့ ကုလသမဂ္ဂ ထောက်ပံ့ပေးခဲ့တဲ့ ညှိနှိုင်းမှုကို ပြန်လည်စတင်ဖို့ လမ်းကြောင်းပေးမယ့်သဘောဖြစ်နေတယ်လို့ ကုလသမဂ္ဂသံတမန် မာတင်ဂရစ်ဖစ်သ်က ပြောခဲ့ပါတယ်။ ယီမင်အစိုးရကတော့ အဲဒီဆွေးနွေးပွဲမှာ အကျဉ်းသားလဲလှယ်မယ့် အစီအစဉ်တွေကို ဆွေးနွေးနိုင်သလို ရန်သူလက်တွင်းမှာ ပိတ်မိနေတဲ့ ဟိုဒေးဒါရဲ့ ကံကြမ္မာကိုလည်း ဆွေးနွေးသွားနိုင်ခြေ ရှိတယ်လို့ ပြောခဲ့ပါတယ်။ ဟိုဒေးဒါဟာ အခုအခါမှာတော့ ယီမင်စစ်ပွဲမှာ ရှေ့တန်းနေရာကပါဝင်လာတာ ဖြစ်ပါတယ်။

ယီမင် နိုင်ငံခြားရေးဝန်ကြီး ခါလတ်အယ်လ် ယာမာနီက ယီမင်စစ်ပွဲမှာပါဝင်နေတဲ့ အဖွဲ့တွေအနေနဲ့ မျက်နှာချင်းဆိုင် ဆွေးနွေးမှာမဟုတ်ပါဘူး။ နှစ်ဖက်အဖွဲ့တွေကို ကုလသမဂ္ဂ သံတမန်အနေနဲ့ ဘယ်လိုကောင်းကောင်းမွန်မွန် ထိန်းကျောင်းသွားမလဲ ဆိုတဲ့အပေါ်မှာ မူတည်နေပါတယ်လို့ ပြောခဲ့ပါတယ်။

ဒွဲဒိုးသွားလို့ အဆင်မပြေနိုင်ဘူး ဆိုတာသိရင်တော့ ဆွေးနွေးတိုင်ပင်မှုတွေကိုသွယ်ဝိုက်ပြီး လိုရာရောက်အောင်သွားဖို့လိုပါတယ်လို့ ယီမင်သမ္မတရုံးမှ အကြီးအကဲလည်းဖြစ်၊ ဂျီနီဗာ ကိုယ်စားလှယ်အဖွဲ့ဝင်လည်းဖြစ်သူ အဗ္ဗဒူလာ အယ်လ်အိုလိုင်မီက ပြောပါတယ်။

### အကျဉ်းသားဖလှယ်ရေး သဘောတူညီမှု

ယီမင်အစိုးရကတော့ ငြိမ်းချမ်းရေး ဆွေးနွေးမှုအပေါ် မျှော်လင့်ချက်အနည်းငယ်သာရှိပါတယ်လို့ ပွင့်လင်းစွာပြောဆိုလိုက်ပါတယ်။ ပြီးတော့လည်း ဟူသီသူပုန်တွေအနေနဲ့အလျှော့ပေးမှု မလုပ်ဘူးဆိုပြီးတော့လည်း ပြစ်တင်လိုက်တယ်လို့ သိရပါတယ်။

“ဂျီနီဗာမှာကျင်းပမယ့် ဆွေးနွေးပွဲမှာ ၂၀၁၆ ခုနှစ်က ပျက်စီးသွားခဲ့တဲ့ ကုလသမဂ္ဂ ထောက်ပံ့ပေးခဲ့တဲ့ ညှိနှိုင်းမှုကို ပြန်လည်စတင်ဖို့ လမ်းကြောင်းပေးမယ့် သဘောဖြစ်နေတယ်လို့ ကုလသမဂ္ဂသံတမန်မာတင်ဂရစ်ဖစ်သ်က ပြောခဲ့ပါတယ်။ ယီမင်အစိုးရကတော့ အဲဒီဆွေးနွေးပွဲမှာ အကျဉ်းသားလဲလှယ်မယ့် အစီအစဉ်တွေကို ဆွေးနွေးနိုင်သလို ရန်သူလက်တွင်းမှာ ပိတ်မိနေတဲ့ ဟိုဒေးဒါရဲ့ ကံကြမ္မာကိုလည်း ဆွေးနွေးသွားနိုင်ခြေရှိတယ်လို့ ပြောခဲ့”

အကျဉ်းသားများနဲ့ ဖမ်းဆီးခံထားရသူများနဲ့ ပတ်သက်ပြီး တိုးတက်မှုမှာတော့ အနည်းငယ်မျှသော မျှော်လင့်ချက်လေးပဲရှိပါတယ်လို့ ယာမာနီကပြောခဲ့ပါတယ်။ အကျဉ်းသားတွေကို လုံခြုံဘေးကင်းစွာ ပြန်လွှတ်ပေးဖို့ ဒါဟာ အခွင့်အရေးတစ်ခုပဲလို့ ကျွန်တော်ထင်ပါတယ်။ ပြီးတော့လည်း တခြားပါတီအဖွဲ့များအနေဖြင့်လည်း အခုကိစ္စနဲ့ ပတ်သက်ပြီး အဆင်သင့်ဖြစ်နေလောက်ပြီလို့ထင်ပါတယ်လို့ ယာမာနီက ဆက်လက်ပြောကြားခဲ့ပါတယ်။

ထို့အတူပဲ ကူဝိတ်မှာ ပြုလုပ်ခဲ့တဲ့ ၂၀၁၆ ဆွေးနွေးပွဲကို ပြန်လည် အသက်သွင်းဖို့ ရက်ပေါင်း ၁၀၆ ရက်ကြာ အစိုးရနဲ့ သူပုန်တွေကြား ဆွေးနွေးမှုမှာ သဘောတူညီချက်မရဘဲ အဆုံးသတ်ခဲ့ကတည်းက ကုလသမဂ္ဂဟာ အခုဆွေးနွေးပွဲကိစ္စနဲ့ ပတ်သက်ပြီး ကန့်သတ်မှုတွေသိပ်မရှိလောက်ပါဘူး။

ပထမအကြိမ် ဆွေးနွေးညှိနှိုင်းမှုရဲ့ ရည်ရွယ်ချက်ကတော့ နှစ်ဖက်အဖွဲ့တွေ ပါဝင်တဲ့ ပုံမှန်ဆွေးနွေးပွဲအတွက် မူဘောင်တစ်ခုကို ဘယ်လိုပြန်လည်ရောက်ရှိအောင် သွားမလဲဆိုတဲ့အချက်နဲ့ ပတ်သက်ပြီး အကောင်းဆုံး နားလည်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ပြီးတော့လည်း နှစ်ဖက်အဖွဲ့တွေ ညှိနှိုင်းဆွေးနွေးမှုကို ဘယ်လိုပြန်လည် စတင်ရမလဲဆိုတဲ့ နိဂုံးချုပ် သဘောတူညီချက်တွေ ရရှိဖို့လည်း လိုအပ်ပါတယ်လို့ ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတီဖင် ဒူဂျာရစ်က ဆိုပါတယ်။ ဇူလိုင်လတုန်းကလည်း ယီမင်အစိုးရဟာ ငြိမ်းချမ်းရေး ဆွေးနွေးမှု ကနဦးခြေလှမ်းတစ်ရပ်အနေဖြင့် ဟူသီသူပုန်တွေ ဖမ်းထားတဲ့ အကျဉ်းသားတွေ အကုန်လုံးကို ပြန်လည်လွှတ်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ အမည်မဖော်လိုသူတစ်ဦးရဲ့ ပြောစကားအရတော့ အစိုးရ သတင်းအရင်းအမြစ်က ဘာပြောသလဲဆိုရင် ယီမင်ကိုယ်စားလှယ်အဖွဲ့တွေဟာ အကျဉ်းသား ၅၀၀၀ ကိုပြန်လွှတ်ပေးဖို့ တောင်းဆိုချိန်မှာ ဟူသီသူပုန်တွေဘက်ကလည်း သူတို့ရဲ့ တိုက်ခိုက်ရေးသမား အယောက် ၃၀၀၀ ကို ပြန်လည်လွှတ်ပေးမယ်လို့ မျှော်လင့်လျက်ရှိပါတယ်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Rights Group Amnesty International) က ဇူလိုင်လက ယီမင်အကျဉ်းထောင်များမှာ ဖြစ်ပွားခဲ့တဲ့ မီးခိုးကြွက်လျှောက် လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်စဉ်တွေဟာ စစ်ရာဇဝတ်မှုတွေကို ပိုပြီးဖြစ်စေနိုင်တယ်လို့ ဆိုပါတယ်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Rights Group Amnesty International) ရဲ့ အဆိုအရ ယီမင်အကျဉ်းထောင်တွေဟာ အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) ကဖွင့်လှစ်ထားတယ်လို့ သိရပါတယ်။ အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE)ဟာ တကယ့်လက်တွေ့မှာ ယီမင်အစိုးရရဲ့ အင်အားအကြီးဆုံး မိတ်ဖက်နိုင်ငံ တစ်နိုင်ငံ ဖြစ်ပါတယ်။

သို့သော်လည်း အဆိုပါ စွပ်စွဲချက်တွေအပေါ် အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) ကတော့ ငြင်းဆိုလိုက်ပါတယ်။ သူ့အနေနဲ့ ယီမင်မှာရှိတဲ့ မည်သည့်အကျဉ်းထောင်ကိစ္စမှာမှ ပါဝင်ခြင်းမရှိကြောင်း ပြောဆိုလိုက်ပါတယ်။

### ဘဏ္ဍာရေးတိုက်ပွဲ

ဂျီနီဗာဆွေးနွေးပွဲဟာ အာရပ်ကမ္ဘာရဲ့ ဆင်းရဲမွဲတေမှု အရှည်ကြာဆုံး ယီမင်နိုင်ငံရဲ့စီးပွားရေးကိုလည်း သက်ဝင်လှုပ်ရှားစေမှာဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်က အီရန်ထောက်ခံ ဟူသီသူပုန်တွေဟာ မြို့တော်မှာ သောင်းကျန်းခဲ့ပါတယ်။ သမ္မတ အဲဘီဒရက်ဘ်ဘို မန်ဆောဟာ ဒီအစိုးရအဖွဲ့ကိုလည်း တောင်ပိုင်းကို မောင်းထုတ်လိုက်ပြီး မြို့တော်ဆာနားမှာ စင်ပြိုင်အစိုးရကို ဖန်တီးခဲ့ပါတယ်။

သူပုန်အစိုးရဟာ အစိုးရဝန်ထမ်းအများအပြားကို လပေါင်းအတော်ကြာအောင် လစာမပေးနိုင်ခဲ့ဘူးလို့ မြို့တော်ဆာနား သတင်းအရင်းအမြစ်တွေအရ သိရပါတယ်။ ဒါကြောင့်မို့ ယီမင်အစိုးရဟာ ဝန်ထမ်းတွေရဲ့ ကျော်လွန်နေတဲ့လစာတွေကို ကူညီဖြေရှင်းနေရင်းက တိုင်းပြည်ရဲ့စီးပွားရေးကို ပိုမိုအင်အားတောင့်တင်းအောင် လုပ်ဆောင်နေရပါတယ်။ ဟူသီသူပုန်တွေဟာ ယီမင်စီးပွားရေးအင်အားတောင့်တင်းအောင် လုပ်ဆောင်တဲ့ နေရာမှာ အမေရိကန်ဒေါ်လာ ၁၁၃ သန်းလောက် ဖြုန်းတီးခဲ့တယ်လို့ ယီမင်နိုင်ငံခြားရေးဝန်ကြီးက စွပ်စွဲခဲ့ပါတယ်။

ဆော်ဒီနဲ့ သူ့ရဲ့မဟာမိတ်တွေ နောက်ခံပြုပြီးတဲ့ နောက်မှာတော့ ယီမင်အစိုးရဟာ ဟူသီသူပုန်တွေကို တိုက်ထုတ်နေတာဖြင့် အခုဆိုရင် သုံးနှစ် ကျော်ကာလထဲတောင် ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ်ပါတယ်။ တကယ်တော့ ဒီပွဲဟာ ရီယာ့ဒ်နဲ့ တီဟီရန်တို့ တိုက်ပွဲဆိုရင်လည်း မမှားပါဘူး။

၂၀၁၅ ခုနှစ်ကတည်းက စတင်ခဲ့တဲ့ ယီမင်စစ်ပွဲဟာ ၂၀၁၈ အထိ ရောက်လာခဲ့တဲ့ အခါမှာတော့ လူပေါင်း ၁၀၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သလို ကုလသမဂ္ဂကလည်း ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခကြီးအဖြစ် တင်စားခဲ့ပါတော့တယ်။

အနှစ်ချုပ်အားဖြင့် ဆိုရသော် ကုလသမဂ္ဂကလည်း နှစ်ဖက်အဖွဲ့တွေဖြစ်တဲ့ ယီမင်အစိုးရနဲ့ ဟူသီသူပုန်အဖွဲ့တွေကို ယခုကျင်းပပြုလုပ်မယ့် ဂျီနီဗာ ဆွေးနွေးပွဲမှာ ငြိမ်းချမ်းမှုတစ်စုံတစ်ရာ ရရှိအောင် ဆောင်ကြဉ်းပေးနိုင်မလား၊ နှစ်ဖက်အဖွဲ့တွေ မျက်နှာချင်းဆိုင် တွေ့ဆုံမှာလား ဆိုတာကတော့ ကြာသပတေးနေ့ အစည်းအဝေး အပြီးမှာ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**ကိုးကား-အေအက်ဖ်ပီ**

# ကယားပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ

**လွိုင်ကော် စက်တင်ဘာ ၄**

ကယားပြည်နယ်အတွင်း နေထိုင်ကြသည့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်ဒေသ၌ နေထိုင်ကြပြီး စိုက်ပျိုးရေး လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ ဖြစ်သည့်အတွက် ပြည်နယ်၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ၌ တာဝန် ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအလေ့အထကောင်းများ မွေးမြူနိုင်ရေး၊ စိတ်ဓာတ်ကောင်း၊ ခံယူချက်ကောင်းများဖြင့် ကြိုးစား ထမ်းဆောင်နိုင်စေရေးတို့အတွက် ဌာနအလိုက် လိုအပ်ချက်များ၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ လိုလားချက်များကို နားထောင်၍ ဖြည့်ဆည်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ကယားပြည်နယ် အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ ၁၄ ခုမှ ဝန်ထမ်းများ တွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့က လွိုင်ကော်မြို့ နောင်ယား(ခ) ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဌာနများအလိုက် လုပ်ထုံးလုပ်နည်း၊ မူဝါဒများနှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရာတွင် ဌာနများက မိသားစုအသွင်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူ့အစိုးရအနေဖြင့် ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်လက်တွဲပြီး ကြိုးစားဖော်ဆောင်လျက်ရှိကြောင်း၊ ပြောင်းလဲမှုအရွေ့တစ်ခုဖော်ဆောင်ရာတွင် အစိုးရတစ်ရပ်တည်းဖြင့်မရကြောင်း၊ ဌာနများ၏ ယုံကြည်သက်ဝင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် လိုက်ပါရန်လိုအပ်ကြောင်း၊ ယင်းသို့ လုပ်ဆောင်နိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘောစံ့ကိုက ဦးစီးဌာနများ၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများက ဌာနအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့်ကဏ္ဍများ၊ လုပ်ငန်းသုံးစက်ပစ္စည်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းသုံး မော်တော်ယာဉ်၊ ဆိုင်ကယ်များ၊ ဝေးလံသည့်ဒေသတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားရရှိရေး၊ မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးများ ထားရှိသိုလှောင်နိုင်ရန်ရေခဲသေတ္တာများ စသည်တို့ကို တင်ပြတောင်းဆိုရာ မြို့နယ်အုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်း



ဌာနဆိုင်ရာများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းပြီး သက်ဆိုင်ရာဝန်ကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေအစီအမံများ တင်ပြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# ကျောက်ကလပ်တောင်၌ (၂၂)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲ၊ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲနှင့် လှေလှော်ပြိုင်ပွဲကျင်းပ

**ဘားအံ စက်တင်ဘာ ၄**

သမိုင်းဝင်ဆံတော်ရှင် ကြောင့်ကမ်လာဘ်စေတီတော် (ကျောက်ကလပ်တောင်)၌ (၂၂)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲနှင့် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲ၊ လှေလှော်ပြိုင်ပွဲကို ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တက်ရောက်လာသူများက ပအိုဝ်းကော့ကျိုက်တိုက်ကျောင်းဆရာတော် ဦးကောဝိဒထံ ငါးပါးသီလခံယူပြီး ကျောက်ကလပ်ဆရာတော်ဦးဝိမလက ဩဝါဒစကားမြွက်ကြား၍ သဘာပတိ ဦးခင်မောင်ဦးက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဦးစောထွန်းမြင့်နှင့် ဦးသိန်းရွှေတို့က ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ ဖြစ်ပေါ်လာပုံကို ကရင်၊ မြန်မာနှစ်ဘာသာဖြင့် ပြောကြား၍ ကရင်တီးဝိုင်းမှ တိုင်းရင်းသား တိုင်းရင်းသူလေးများက ကရင်သီချင်း၊ ကရင်ရိုးရာဒုံးအကတို့ဖြင့် ဖျော်ဖြေခဲ့သည်။

ထို့နောက် ချည်ဖြူဖွဲ့ပေးမည့် ဘိုးဘွားများက ချည်ဖြူဖွဲ့များ ချည်ပေးကာကြောင့် ကမ်လာဘ်ဘုရားဝန်းကျင်ရှိ ကျေးရွာများမှ ကန်တော့ခံမည့် သက်ကြီးဘိုးဘွား ၁၀၀၀ ကျော်အား ကန်တော့ခဲ့ကြောင်း သိရသည်။



ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားအပြီး ကျောက်ကလပ်တောင် ဘေးမှ ငါးကန်အတွင်း ရိုးရာလှေလှော်ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်အမျိုးသား လှေလှော်အသင်း ၂၂ သင်း၊ အမျိုးသမီးလှေလှော်အသင်း ခြောက်သင်းတို့ ပါဝင်ကာ လှေလှော်ပြိုင်ပွဲကို စက်တင်ဘာ ၂ ရက်က စတင်၍ ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ဆုရရှိသည့် အသင်းများကို တာဝန်ရှိသူများက ဆုများချီးမြှင့်၍ အထူးပွဲစဉ်အဖြစ် အသက် ၈၇ နှစ်အရွယ် အဘိုးနှစ်ဦးတို့က တစ်ဦးချင်းလှေလှော်ပြိုင်ကြရာ ပူးတွဲပန်းဝင်ဆုကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၂၂)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲနှင့် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲ လှေလှော်ပြိုင်ပွဲတို့ကို ပအိုဝ်းကော့ကျိုက် တိုက်ကျောင်းဆရာတော်နှင့် ကျောက်ကလပ်ဆရာတော် ဦးဝိမလ၊ ကျောက်ကလပ်ဘုရား ဂေါပကအဖွဲ့ဝင်များ၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပွဲတော်ကျင်းပရေး ကော်မတီဝင်များက ဦးဆောင်ပြီး ဘားအံမြို့နယ် ရဲသာကျေးရွာအုပ်စု ကျောက်ကလပ်တောင်ချမ်းသာကြီးဘုရား ကျောင်းဆောင်တော်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မင်းသူ (ဘားအံ)**



# ချောင်းရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်းပျက်စီးသွားခဲ့သည့် ရာနိုးတံတားအား ယာယီဘေလီတံတားတည်ဆောက်မှုပြီးစီး

**မြို့သစ် စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့ နန့်အယားချောင်းပေါ်ရှိ ရာနိုးတံတားသည် ယခင်နှစ်က မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်းပျက်စီးခဲ့ရာ လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေးအတွက် တံတားအထူးအဖွဲ့မှပေ (၈၀× ၁၀) ယာယီဘေလီသံတံတားကို ဩဂုတ်လဒုတိယပတ်က စတင်တည်ဆောက်ခဲ့ရာယခုအခါ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းတံတားအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ သံကူကွန်ကရစ်တံတားဆောက်လုပ်ရန်ငွေကျပ် ၁၀၈ သန်းခွင့်ပြုထားကြောင်းသိရပြီး ပွင့်လင်းရာသီရောက်ရှိပါက သံကူကွန်ကရစ်တံတားအား ရာနှုန်းပြည့်ပြီးစီးအောင် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် မြို့သစ်မြို့နှင့် ရာနိုးကျေးရွာကို ဆက်သွယ်သွားလာနိုင်ရေးအတွက် ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်က နယ်စပ်ရေးရာဝန်ကြီးဌာနမှ တည်ဆောက်ပေးထားသော သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ဒေသခံတောင်သူများနှင့် ပြည်သူများ အဓိကအားထားသွားလာနေကြသော တံတားတစ်စင်းဖြစ်သည်။

**ထွန်းမင်းအောင် (ကဘော်မြေ)**

# အမ်းမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေးအစီအစဉ် မြို့နယ်အဆင့်သင်တန်းဖွင့်လှစ်

**အမ်း စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေးအစီအစဉ် မြို့နယ်အဆင့် သင်တန်းဖွင့်လှစ်ခြင်းနှင့် ပို့ချဆွေးနွေးခြင်းကို မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်မိုးတို့က ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေး အစီအစဉ်ကို သိမြင်နားလည်မှု မြှင့်တင်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များအတွက် ဆောင်ရွက်ရမည့် အကြောင်းများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးလက်ကျန်းမာရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ကျွေးခြင်းအားဖြင့် အာဟာရပိုမိုရရှိလာမှုအခြေအနေ အဆင့်ဆင့်တို့ကို ပို့ချဆွေးနွေးခြင်းများပြုလုပ်ခဲ့သည်။ အဆိုပါ ထောက်ပံ့ကြေးငွေကိုမြို့နယ်ကျန်းမာရေးဦးစီးဌာန၏ကျန်းမာရေး စောင့်ရှောက်မှုခံယူမှသာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၅ ရွာတွင် လျှပ်စစ်မီးရရှိပြီးဖြစ်

**အရာတော် စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၁ အုပ်စု၌ ကျေးရွာပေါင်း ၁၅၅ ရွာရှိရာ ယခုအခါတွင် ကျေးရွာပေါင်း ၃၅ ရွာမှာ နိုင်ငံတော်မှ ဖြန့်ဝေပေးလျက်ရှိသော လျှပ်စစ်မီးကို ရရှိအသုံးပြုနေပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး၏ ပြောကြားချက်အရ သိရသည်။

အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး လျှပ်စစ်မီးလင်းရေးအတွက် ပင်မလျှပ်စစ်ကြိုးလိုင်းအနီးအဝေးကိုခွဲပြီး ပထမအဆင့်တွင် ကျေးရွာ ၄၃ ရွာ၊ ဒုတိယအဆင့်အဖြစ် ကျေးရွာ ၈၉ ရွာတို့ကို လျှပ်စစ်မီးလင်းရေး လုပ်ဆောင်ပေးလျက်ရှိရာ ပထမအဆင့်တွင်ပါဝင်သည့် ကျေးရွာ ၄၃ ရွာအနက် ၃၅ ရွာသည် လျှပ်စစ်မီးရရှိပြီဖြစ်သဖြင့် ကျေးရွာနေပြည်သူ များ၏ လူနေမှုအဆင့်အတန်း မြင့်မားလာသကဲ့သို့ ကျေးရွာများတွင် လုပ်ကိုင်လျက်ရှိသော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများမှာလည်း ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

"လျှပ်စစ်မီးရရှိတဲ့ကျေးရွာတွေက ပြည်သူတွေ စနစ်တကျအသုံးပြုနိုင်ဖို့နဲ့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးကြီးနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ပါဝင်တဲ့အဖွဲ့တွေက ကျေးရွာတွေမှာသွားပြီးတော့ အသိပညာပေးဟောပြောပွဲတွေ လုပ်ပေးတယ်၊ အခုနောက်ဆုံး မီးလင်းရေးလုပ်ဆောင်ပေးတဲ့ ကျောက်ပျောက်ကျေးရွာကို စက်တင်ဘာ ၃ ရက်က သွားပြီးတော့ အသိပညာပေးဟောပြောပွဲ လုပ်ပေးခဲ့ပါတယ်၊ ကျေးရွာနေပြည်သူတွေအနေနဲ့လည်း လျှပ်စစ်မီးကို စနစ်တကျအသုံးပြုခြင်းဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်လာမှာပါ"ဟု အရာတော်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးနေစိုးအောင်က ပြောသည်။



အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၅၅ ရွာတွင် လျှပ်စစ်မီးလင်းရေးအတွက် အရာတော်မြို့နယ် (၆၆/၁၁) ကေဗွီ၊ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ တစ်ဆင့် (၃၃/၁၁)ကေဗွီ၊ ၁၀ အမ်ဗွီ ဓာတ်အားလိုင်းများဖြင့် ဖြန့်ခွဲပေးပို့လျက်ရှိကာ ယခုအခါ မီးရနေသော ကျေးရွာများအပြင် ကျန်သောကျေးရွာများတွင်လည်း အမြန်ဆုံးမီးလင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ညောင်ဦးမြို့နယ်၌ ရေချွေတာသုံးစွဲခြင်းနည်းပညာဖြင့်စိုက်ပျိုးသည့် မိုးမြေပဲမျိုးစေ့ထုတ်စိုက်ခင်း စံကွက်ရိတ်သိမ်း

**ညောင်ဦး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (WSAT)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ညောင်ဦးမြို့နယ် နပွလင်ကျေးရွာ၌ ရေချွေတာသုံးစွဲခြင်းနည်းစနစ်ဖြင့် စိုက်ပျိုးခဲ့သော မိုးမြေပဲမျိုးစေ့ထုတ်စိုက်ခင်း တောင်သူပညာပေး စံကွက်ရိတ်သိမ်းပွဲကို စက်တင်ဘာ ၃ ရက်က ပြုလုပ်ခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲတွင် ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးနိုင်က တောင်သူများ ဝင်ငွေတိုးပွားစေရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးသွားကြရန်နှင့် ညောင်ဦးမြို့နယ်သည် မိုးနည်းရေရှားဒေသဖြစ်သည့်အတွက် ယနေ့ ပညာပေးကွင်းသရုပ်ပြပွဲမှ လေ့လာတွေ့ရှိချက်များကို သင်ခန်းစာယူပြီး မိမိတို့လယ်ယာမြေများတွင် အကောင်အထည်ဖော် စိုက်ပျိုးလုပ်ကိုင်သွားကြရန် ဆွေးနွေးပြောကြားခဲ့သည်။ ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းကလည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့်တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် သမားရိုးကျ စိုက်ပျိုးနည်းစနစ်မှ မိမိဒေသနှင့်ကိုက်ညီမည့် စိုက်ပျိုးနည်းပညာများကို ပြောင်းလဲကျင့်သုံး စိုက်ပျိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခု စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည့် ရေချွေတာသုံးစွဲနည်း(WSAT)စနစ် ရေမွှားစနစ် စိုက်ပျိုးနည်းပညာများကို လေ့လာမှတ်သားပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်ဌေးရီက တောင်သူပညာပေးကွင်းသရုပ်ပြပွဲပြုလုပ်သည့် ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များအကြောင်းနှင့် မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်စေရေး၊ ရေကိုအကျိုးရှိစွာ အသုံးချရေးတို့ကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက စီမံကိန်းလုပ်ငန်း ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မိုးမြေပဲမျိုးစေ့ထုတ်စိုက်ခင်းကို စံကွက်ရိတ်သိမ်းခဲ့ရာ ပျမ်းမျှတစ်ဧကအထွက်နှုန်း ၆၆ ဒသမ ၈၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲသို့ ညောင်ဦးခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ညောင်ဦးမြို့နယ် နပွလင်ကျေးရွာမှ ဒေသခံတောင်သူများနှင့် ရေချွေတာသုံးစွဲစိုက်ပျိုးနည်းပညာကို စိတ်ဝင်စားသည့် ကျေးရွာ ၁၉ ရွာမှ ဒေသခံတောင်သူများ တက်ရောက်လေ့လာကြည့်ရှုခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# တိုင်းလိုင် / တိုင်းနိုင်း(ရှမ်းနီ)စာပေ ဆရာဖြစ်သင်တန်းဆင်း

**မိုးကောင်း စက်တင်ဘာ ၄**

စာပေယဉ်ကျေးမှုဗဟိုကော်မတီက ကြီးမှူး၍ မိုးကောင်းမြို့နယ် နတ်ကြီးကုန်းဘုန်းကြီးကျောင်း၌ သြဂုတ် ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ဖွင့်လှစ်ခဲ့သော တိုင်းလိုင်/တိုင်းနိုင်း(ရှမ်းနီ)စာပေ ဆရာဖြစ်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

အခြေခံကျောင်းများတွင် တိုင်းလိုင်(ရှမ်းနီ)စာပေကို ပညာရေးဌာနမှ ပြဋ္ဌာန်းထားသည့်အတိုင်းသင်ကြားရန်၊ စာပေနှင့် စကားကို ကျယ်ကျယ်ပြန့်ပြန့်သင်ကြားနိုင်ရန်၊ ကျောင်းများတွင် ဆရာများ၏လိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်ရန်နှင့် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးစံများကို လူငယ်လူရွယ်များ တန်ဖိုးထား၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် ရည်ရွယ်လျက် အဆိုပါသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်း၊ ရှမ်းနီစာပေ ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ပြုံးရည်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံနှင့် မြို့နယ်ပညာရေးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်ကတို့က အမှာစကားပြောကြားပြီး သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်သူများအား ဆုများကို ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ကိုယ်ဝန်ဆောင်မိခင်၊ နှစ်နှစ်အောက်ကလေးနှင့် ဘိုးဘွားများအား ထောက်ပံ့ကြေးနှင့် လူမှုရေးပင်စင်များ ပေးအပ်

**တီးတိန် စက်တင်ဘာ ၄**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်းမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂) နှစ်အောက်ကလေးများအား သတ္တမအကြိမ်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် အသက် ၉၀ နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးအေးမင်းညွန့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆွတ်ဒိုးကျင့်နှင့် ဦးထန်ဒိတ်ခုပ်တို့က အမှာစကားပြောကြားပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက်ကလေးများ၊ အသက် ၉၀ နှစ်အထက် ဘိုးဘွားများ စုစုပေါင်း ၄၉ ဦးတို့အား ထောက်ပံ့ကြေးနှင့် လူမှုရေးပင်စင်များ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# လေးမျက်နှာမြို့နယ် မြေနုမြစ်ကျိုးအင်းအတွင်း ငါးကောင်ရေ ငါးသိန်း မျိုးစိုက်ထည့်

**လေးမျက်နှာ စက်တင်ဘာ ၄**

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တွင် ငါးသယံဇာတတိုးပွားစေရေးအတွက် သခွပ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ မြေနုမြစ်ကျိုးအင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။ အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးထက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံရေလုပ်သားအစုအဖွဲ့ဝင်များတက်ရောက်၍ ငါးမြစ်ချင်း ကောင်ရေ ၂၂၀၀၀၀ နှင့် ငါးခေါင်းပွ ကောင်ရေ ၂၈၀၀၀၀ တို့ကို စုပေါင်းမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

ဒေသနေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် အဓိကရည်ရွယ်ကြောင်း၊ ငါးမျိုးသန့်ရရှိရေးနှင့် ငါးမွေးမြူမှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနကလည်း ကူညီဆောင်ရွက်ပေးနေကြောင်း၊ လုပ်ငန်းအောင်မြင်၍ ရေလုပ်သားအစုအဖွဲ့ဝင်များ၏ ဝင်ငွေတိုးတက်ရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်းဂရန်ပိုင် ဦးအောင်မြင့်ဌေးက ပြောသည်။



**မြို့နယ်(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၄-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၂၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၂၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၁၀ ကျပ် | ၁၀၃၀/၁၀၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၂၀ ကျပ် | ၁၀၄၀/၁၀၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၉၅၅/၉၈၀ ကျပ် | ၁၀၃၀/၁၀၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၀၅/၁၀၃၀ကျပ် | ၁၀၈၀/၁၁၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၇ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၆၀ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၄ . ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၅၁ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၆ . ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၁ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ . ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ . ၃၀၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ . ၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၆ . ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ . ၂၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ချစ်သူရေး၍ သီဆိုရခြင်းကြောင့် ခံစားချက်နှင့်တပ်တူကျကြောင်း နန်းဆုရတီစိုးပြောကြား



သရုပ်ဆောင်ခြင်းထက် သီချင်းသစ်များဖန်တီးသီဆိုခြင်းကို အားသန်နေသည့် နန်းဆုရတီစိုးက ရှူးအောင်ချစ်တယ်တေးသီချင်းကဲ့သို့ ပရိသတ်အကြိုက်တွေ့စေမည့် တေးသီချင်းလေးများကို ထပ်မံသီဆိုရန် ကြိုးပမ်းနေကြောင်း သိရသည်။

"သီချင်းပုံစံက ဆိုထားတာတွေ နှစ်မျိုးဖြစ်နေတယ်။ ဘယ်လိုသီချင်းမျိုးတွေကို အရင်ထွက်ရမလဲဆိုတာ နန်းဆုစဉ်းစားနေပါတယ်။ အလွမ်းသီချင်းမျိုးလား ပျော်စရာသီချင်းမျိုးလားဆိုတာပါ။ EDM ပုံစံ အမြူးတွေကို အွန်လိုင်းမှာ အရင်တင်ဖြစ်မယ်ထင်တယ်။ တေးရေးကတော့ နှစ်ဦးရှိတယ်။ ကိုဝေကြီးနဲ့ G-Fatt ပေါ့၊ G-Fatt ရေးပေးတာတွေက ပုံစံပိုစုံတယ်။ မိန်းကလေးဆန်တဲ့ သီချင်းအေးလေးတွေလည်းရှိတယ်၊ သေချာတာက သူက နန်းဆုအနားမှာ အမြဲရှိတဲ့သူမို့ ကိုယ့်ခံစားချက်၊ ကိုယ့်အကြောင်း အကုန်သိတယ်လေ။ ဒါကြောင့် သူရေးပေးတဲ့သီချင်းတွေက ကိုယ့်ခံစားချက်နဲ့ အတူတူပဲ၊ ဒါပေမယ့် ပိုအားထည့်ရတယ်၊ အမှန်ပြောရရင် သူလိုချင်တဲ့အတိုင်း မရမချင်းကြိုးစားရတော့ ပင်ပန်းတယ်"ဟု နန်းဆုရတီစိုးက ပြောကြားသည်။

**ကိုလင်း**

# အိန်ဂျယ်အလှမယ်ရွေးချယ်ပွဲအတွက် အမျိုးသမီးများ လာရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

လုပ၍ အရည်အချင်းပြည့်ဝသည့် အမျိုးသမီးများ ထွက်ပေါ်လာစေရေးအတွက် ရည်ရွယ်သည့် Sweet and Smart Fashion Collection ပွဲကို ကျင်းပရန်ရှိပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အမျိုးသမီးများ လာရောက်လျှောက်ထားနိုင်ကြောင်းနှင့် လူမှုကွန်ရက်မှတစ်ဆင့်လည်း လျှောက်ထားနိုင်ကြောင်း သိရသည်။

"အလှဆုံးချုပ်ထားတဲ့ ဝတ်စုံတွေကို စိတ်ကြိုက်ရွေးချယ်ထားရတဲ့ အမျိုးသမီးတွေကို ဝတ်ဆင်ပေးချင်တာပါ။ ဒီပွဲက ကျွန်တော့်ရဲ့ပထမဆုံးပွဲလည်းဖြစ်သလို ပင်တိုင်မော်ဒယ်လ်တစ်ဦး ရှိထားဖို့ပါ။ ဒီဇိုင်နာအလုပ်ကိုလုပ်ခဲ့တာ ခြောက်နှစ်ကျော်ခဲ့ပါပြီ။ ဒါကြောင့် မျက်နှာသစ်အလှမယ်တွေကို ဖော်ထုတ်ပေးဖို့ ဆန္ဒရှိလို့ အခုလို ရည်ရွယ်ဆောင်ရွက်တာဖြစ်တယ်"ဟု ပွဲကိုစီစဉ်ကျင်းပမည့် ဒီဇိုင်နာမင်းသက်စံက ပြောသည်။

တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းရှိ Sweet and Smart တွင် လာရောက်လျှောက်ထားနိုင်ပြီး လျှောက်ထားသူများအနက် ဆန်ခါတင် ၂၀ ကို ရွေးချယ်မည်ဖြစ်ကာ ၄င်းတို့ထဲမှ သုံးဦးကို အွန်လိုင်း Voting စနစ်ဖြင့် ဆန်ခါတင် ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။ ဆုကြေးအဖြစ် ငွေကျပ် သိန်း ၃၀ သတ်မှတ်ထားပြီး Idea Magazine တွင်လည်း မျက်နှာဖုံးအဖြစ် ဓာတ်ပုံရိုက်ကူးခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။



**ကိုလင်း**

# သစ္စာနန်းတော်အမည်ဖြင့် နှစ် ၂၀ ခန့်က ဗီဒီယိုဇာတ်ကားကို ရုပ်ရှင်ကားကြီးအဖြစ် ပြန်လည်ဆန်းသစ်ရိုက်ကူး

လွန်းထားထား၏ဝတ္ထုကို Red Radiance ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာဝင်းထွန်းထွန်း ရိုက်ကူးသည့် သစ္စာနန်းတော်ရုပ်ရှင်ဇာတ်ကားကြီးတွင် မြင့်မြတ်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ ရွှေမှုံရတီ၊ နန်းဆုဦးနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။



"သစ္စာတရားကို တန်ဖိုးထားတဲ့ မိန်းကလေးအဖြစ် ရွှေမှုံရတီပေါ့။ သစ္စာတရားကို တန်ဖိုးထားတဲ့ ယောကျ်ားလေးကတော့ မြင့်မြတ်ပါ။ ဒရမ်မာဇာတ်ကားဆိုတော့ ထုံးစံအတိုင်း ဇာတ်က အနိမ့်အမြင့်၊ အတက်အကျ စတာတွေကို အသားပေးထားတယ်။ အမေနဲ့သား၊ အစ်ကိုနဲ့ညီမ မေတ္တာတရားတွေကို ပုံဖော်ထားတယ်။ မိခင်ဆိုတာ ဘယ်လိုဆိုတာကိုတော့ စိုးမြတ်သူဇာက သရုပ်ဆောင်ထားတယ်၊ သူက အဲဒီကားမှာ ပြည့်တန်ဆာတစ်ဦးလည်း ဖြစ်တယ်။ သို့သော် ဆရာ ဘဘဦးသုခပြောသလို အမေဟာ ပြည့်တန်ဆာဖြစ်ပါစေ၊ အမေဟာ အမေဆိုတဲ့အတိုင်း အမေဆိုတာကို ပြသသွားမယ်"ဟု ဒါရိုက်တာဝင်းထွန်းထွန်းက ပြောသည်။

အဆိုပါဇာတ်လမ်းကို လွန်ခဲ့သည့် နှစ် ၂၀ ကလည်း ဗီဒီယိုအဖြစ် ရိုက်ကူးထားပြီး ယခုအခါ ပရိသတ်အတွက် ရသတစ်မျိုးခံစားရစေရန် ရည်ရွယ်လျက် ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးခဲ့ကြောင်း၊ ဇာတ်အိမ်အဖွဲ့ပိုင်း၊ ဇာတ်သိမ်းပိုင်းများတွင် ဝတ္ထုနှင့်မတူညီကြောင်း ဒါရိုက်တာက ပြောသည်။

**ကိုလင်း**

# အဆိုတော်ဖွဲ့ပြည့်၏ တတိယမြောက်စီးရီး အားကိုးပါ ထွက်ရှိမည်

အဆိုတော် ဖွဲ့ပြည့်၏ တတိယမြောက်စီးရီးဖြစ်သည့် အားကိုးပါအမည်ရ တေးစီးရီးသစ်ကို အောက်တိုဘာလကုန်တွင်ထွက်ရှိရန် ပြင်ဆင်နေကြောင်းသိရသည်။ အဆိုပါအခွေတွင် ပရိသတ်အကြိုက်တွေ့စေမည့် တေးသီချင်းများကို စဉ်းစားထည့်သွင်းထားပြီး အိပ်ရာဝင်ခါနီးနားဆင်နိုင်ရန် အိပ်မက်လှလှမက်ပါစေသီချင်းအပါအဝင် တေးသီချင်း ၁၀ ပုဒ်ခန့်ထည့်သွင်းရန် ရည်ရွယ်ထားကြောင်း ဖွဲ့ပြည့်က ဆိုသည်။

"သီချင်းတွေကတော့ လူငယ်ပုံစံလေးတွေများပါမယ်၊ ၈၀ ရာခိုင်နှုန်းလောက်ပြီးနေပါပြီ။ ပြန်ဆိုတေးတွေကတော့ ဒီအခွေမှာမပါတော့ဘူးလို့ စဉ်းစားထားတယ်။ ဒါပေမယ့် အဓိပ္ပာယ်ရှိသောလူ့သီချင်းရယ်၊ သူ့သတိရရ မရရ သီချင်းရယ် နှစ်ပုဒ်ဆိုထားတာတော့ ရှိတယ်၊ ထည့်ဖြစ်မယ်၊ မထည့်ဖြစ်ဘူးဆိုတာတော့ စဉ်းစားနေတုန်းပါပဲ။ ၁၀ လပိုင်း၊ ၁၁ လပိုင်းလောက် ထွက်ဖြစ်မယ်လို့တော့ မှန်းထားပါတယ်"ဟု ဖွဲ့ပြည့်က မြန်မာ့အလင်းသို့ ပြောကြားသည်။

**ကိုလင်း**



# ခေတ်သုံးခေတ်ဖက်ရှင်များကို ကြည့်ရှုနိုင်မည့်အစီအစဉ် စတင်

အထင်ကရ ဖက်ရှင်ခေတ်သုံးခေတ်ကို ခေါ်ဆောင်သွားမည့် Nova Fashion Challenge Web Series ကို စက်တင်ဘာ ၈ ရက်မှ စတင်ကာ အပတ်စဉ် စနေနှင့် ဗုဒ္ဓဟူးနေ့ ည ၇ နာရီ၌ Huawei Device Myanmar ၏ တရားဝင်ဖေ့စ်ဘုတ်စာမျက်နှာဖြစ်သည့် Huawei Mobile မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ အဆိုပါအစီအစဉ်တွင် အခန်းဆက်ပေါင်း ရှစ်ခန်းပါဝင်မည်ဖြစ်ပြီး အချိန်ကာလအားဖြင့် တစ်လတာကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

"မနှစ်ကလည်း Huawei Nova 2i နှင့် ခရီးသွားကြသူများလို့ခေါ်တဲ့ Web Series တစ်ခုကို ထုတ်လွှင့်ပြသခဲ့ပါသေးတယ်။ အဲ့တုန်းကကျတော့ မြန်မာနိုင်ငံရဲ့ ဖုံးကွယ်နေတဲ့အလှတရားကို ဖော်ထုတ်လိုတဲ့ရည်ရွယ်ချက်နဲ့ ပြုလုပ်ခဲ့တာပါ။ အခု Nova 3၊ Nova 3i က ဖက်ရှင်ကိုကိုယ်စားပြုတဲ့ ထုတ်ကုန်စီးရီးဖြစ်တဲ့အတွက်ကြောင့် အခုလို web series ကို စဉ်းစားမိတာပါ"ဟု Huawei Device Myanmar ၏ မားကတ်တင်းဒါရိုက်တာ မခင်ရတနာဝင်းက ပြောကြားသည်။

အစီအစဉ်တွင် ၁၉၆၀၊ ၁၉၉၀ ပြည့်နှစ်နှင့် ယခုခေတ် ဖက်ရှင်များကို တင်ဆက်ပေးမည်ဖြစ်ကာ မော်ဒယ် မေဂရေစ်၊ ဓာတ်ပုံပညာရှင် ဝေလင်း၊ မိတ်ကပ်ပညာရှင် January WeWee၊ Stylists နှစ်ဦးဖြစ်သည့် Richie Htet နှင့် Calum Minuti တို့က ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရှီလာ**

# ရေအောက်အဏ္ဏဝါထိန်းသိမ်းစောင့်ရှောက်ရေး Miss SCUBA Myanmar ပွဲပြုလုပ်မည်

ရေအောက်အဏ္ဏဝါထိန်းသိမ်းစောင့်ရှောက်ရေးအတွက် Myanmar Beauty Stars Organization က ကြီးမှူးပြီး Miss SCUBA Myanmar 2018 ပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် အဆိုပါပွဲကို တတိယအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး အလှမယ် ၅၀ အနက်မှ ဆန်ခါတင်အဆင့် နောက်ဆုံးအလှမယ် ၁၄ ဦးကို ရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံတွင် နိုဝင်ဘာ ၇ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည့်ပြိုင်ပွဲအတွက် ရွေးချယ်ခြင်းဖြစ်ပြီး ရေအောက်အဏ္ဏဝါထိန်းသိမ်းစောင့်ရှောက်မှု၊ ရေအောက်ရှိ သတ္တဝါများဘေးကင်းလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု စသည့် အချက်များကို စိတ်ပါဝင်စားမှုရှိရမည်လည်းဖြစ်ကြောင်း Myanmar Beauty Stars Organization မှ တာဝန်ခံ မင်းပိုင်ဇေက ပြောကြားသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ



### ဂျက်စတင်ဘီဘာ အယ်လ်ဘမ်အသစ်အတွက် ပြင်ဆင်နေ

ဂျက်စတင်ဘီဘာဟာ သူ့ချစ်သူ ဟေးလီအတွက်နဲ့ အလုပ်ရှုပ်နေသလို တစ်ဖက်မှာလည်း စတူဒီယိုမှာ အသံသွင်းမှုတွေပြုလုပ်နေပါတယ်။ အသက် ၂၄ နှစ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာဟာ စတူဒီယိုမှာ အသံသွင်းမှုတွေနဲ့အလုပ်ရှုပ်နေတယ်လို့ သိရပါတယ်။ လက်ထပ်ပွဲအချစ်ရေးကိစ္စတွေနဲ့ အလုပ်ရှုပ်နေပေမယ့် ဂျက်စတင်ဟာ သီချင်းရေးစပ်သီဆိုတာကိုတော့ ပစ်မထားပါဘူး။ သူ့ရဲ့ဂီတအလုပ်တွေကို ဆက်လက်လုပ်ကိုင်နေဆဲပါ။ သူ့ရဲ့ပရိသတ်တွေကတော့ သီချင်းအယ်လ်ဘမ်အသစ်ထွက်ရှိမယ့်နေ့ကို စိတ်ဝင်စားနေကြပြီး အသစ်ထွက်ရှိမယ့်အယ်လ်ဘမ်အသစ်ကတော့အားလုံးအတွက် ထူးခြားအံ့သြမှုရရှိစေလိမ့်မယ်လို့ ယူဆရပါတယ်။ ဂျက်စတင်ဘီဘာကိုယ်တိုင်လည်း အယ်လ်ဘမ်အသစ်ထွက်ရှိမယ့်နေ့ကို မပြောနိုင်သေးပေမယ့် အားလုံးအတွက် ထူးခြားမှုတစ်ခုဖြစ်စေဖို့ရည်ရွယ်ထားပါတယ်။ ဘီယွန်းစေးလ်နဲ့ အီမီနမ်တို့ သူတို့ရဲ့အယ်လ်ဘမ်မှာ ထူးခြားမှုတွေပြုလုပ်ခဲ့သလိုပဲ ဂျက်စတင်ဘီဘာဟာသူ့ရဲ့အယ်လ်ဘမ်အသစ်မှာ ထူးခြားမှုတွေကိုမျှော်လင့်ထားပါတယ်။ ဂျက်စတင်ဘီဘာဟာ ဟေးလီနဲ့စေ့စပ်ထားပေမယ့် လက်ထပ်မယ့်နေ့ကိုတော့ အသိပေးကြေညာထားခြင်း မရှိသေးပါဘူး။

**ဟောလိဝုဒ်လိုက်ဖ်**




### xXx ရုပ်ရှင်ဇာတ်ကားအသစ်တွင် ဘောလိဝုဒ် မင်းသမီး ဒီပီကာ ပြန်လည်ပါဝင်မည်

ဘောလိဝုဒ်မင်းသမီးချော ဒီပီကာပက်ဒူကုန်းဟာ ဟောလိဝုဒ်ရုပ်ရှင် ဇာတ်ကားဖြစ်တဲ့ xXx : Return of Xander Cage မှာ မင်းသား ဗင်ဒီဇယ်နဲ့အတူ ပါဝင်သရုပ်ဆောင်ခဲ့တယ်။ xXx ဇာတ်ကားရဲ့ လေးကားမြောက်မှာလည်း ဒီပီကာ ပြန်လည်ပါဝင်သရုပ်ဆောင်မယ်လို့ ဒါရိုက်တာ ဒီဂျေခရူးဆိုးက အတည်ပြု ပြောကြားခဲ့ပါတယ်။ ခရူးဆိုးရဲ့တွစ်တာစာမျက်နှာမှာလည်း တရုတ်အဆိုတော် သရုပ် ဆောင် ရေးလ်ဝေါင်ကို xXx မိသားစုဝင်ဖြစ်တဲ့အတွက် ဂုဏ်ယူတယ်လို့ ရေးသားထားပါတယ်။ အဲဒီ နောက်မှာလူမှုကွန်ရက်က ပရိသတ်တွေဟာ ဒီပီကာရော ဒီဇာတ်ကားမှာပြန်ပါမှာလားလို့ မေးမြန်းခဲ့ကြပါတယ်။ အဲဒီအခါမှာ ဒါရိုက်တာ ဒီဂျေက ဒီပီကာလည်း ဒီဇာတ်ကားမှာ ပါဝင်မှာပါလို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။

အခုအခါ ဇာတ်ညွှန်းကို စတင်ပြင်ဆင်နေပြီလို့လည်း ဒါရိုက်တာက ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒီပီကာဟာ ဟောလိဝုဒ်ရုပ်ရှင်လောကထဲကို အင်အားကောင်းကောင်းနဲ့ ဝင်ရောက်လာခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်က မင်းသားဒီဇယ်ဟာ ဒါရိုက်တာခရူးဆိုး၊ မင်းသမီး ဒီပီကာနဲ့အတူ အိန္ဒိယကိုသွားရောက်ခဲ့ပြီး xXx: Return of Xander Cage ဇာတ်ကားရုံတင်ပွဲကို သွားရောက်ခဲ့ပါတယ်။ xXx ဇာတ်ကားကို ၂၀၀၂ ခုနှစ်မှာ ရုံတင်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှာ xXx: State of the Union ဆိုတဲ့ ဇာတ်ကားကို ရုံတင် ပြသခဲ့ပါတယ်။ xXx: Return of Xander Cage ကို ၂၀၁၇ ခုနှစ်မှာ ရုံတင်ပြခဲ့ပါတယ်။

**အီးတိုင်းမ်စ်**

မြူး

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၃၇)

# သက်သေဖြစ်မှာ ကြောက်စရာလား



**ဦးဟန်ညွန့် (ဥပဒေ)**

**ငယ်စဉ်က**

ငယ်စဉ်လူငယ်ဘဝက တရားရုံးကို ကြောက်ခဲ့သည်။ လူကြီးများပြောပြ၍ တရားရုံးကိုပို၍ ကြောက်ခဲ့သည်။ ရဲစခန်းကိုလည်း မသွားရဲ။ တို့အမျိုးက ရုံးတို့၊ ဂါတ်တို့ မရောက်ဖူးတဲ့အမျိုး။ ဘာအမှုမှ မဖြစ်ခဲ့ဘူး။ သန့်စင်တယ်။ ရိုးသားတယ်။ လူကောင်းတွေကွ။ လူဆိုးတွေမှ ရုံးတို့၊ ဂါတ်တို့ ရောက်ကြစမြဲ။ သက်သေလိုက်ဖို့လည်း မလိုဘူး။ သူများအမှု ကိုယ့်အမှု ဖြစ်တတ်တယ်။ သူများအပူ ကိုယ့်အပူ မဖြစ်စေနဲ့။ သက်သေလိုက်ရမှာ ကြောက်လိုက်ပါဘိ ဟူသော အသံများကြားရစမြဲ။



**သက်သေ**

သက်သေဟူသည် အမှုတစ်မှုနှင့် စပ်လျဉ်း၍ သိသူ၊ သက်သေခံနိုင်သူဖြစ်သည်။ သိသလား၊ မြင်သလား၊ ကြားသလား၊ သက်သေခံရသည်။ တရားသူကြီးရှေ့ သက်သေထွက်ချက်ပေးရသည်။ ရဲတပ်ဖွဲ့ဝင်ရှေ့ ထွက်ချက်ပေးရသည်။ အုပ်ချုပ်ရေးတာဝန်ရှိသူရှေ့ ထွက်ချက်ပေးရသည်။ မေးသမျှဖြေ တာဝန်ကျေရသည်။ သက်သေ၏ အခန်းကဏ္ဍ အရေးကြီးလှသည်။

**ဖတ်ပြရ**

သက်သေအား စစ်မေးသူက ထွက်ချက်ကို ပြန်လည်ဖတ်ပြရသည်။ အချို့က ဖတ်မပြ။ နောင်မှ အငြင်းပွားကြသည်။ ပြန်ဖတ်ပြခြင်းက ကောင်းသည်။ မှားလျှင်ပြင်နိုင်သည်။ လိုလျှင် ဖြည့်နိုင်သည်။ တရားရုံးရှေ့ သက်သေ ထွက်ချက်မှာ အရေးကြီးသည်။ အမှုတစ်မှု၏ အနိုင်အရှုံးမှာ သက်သေထွက်ချက်များအပေါ် မူတည်သည်။ အမှုနှင့်ပတ်သက်သမျှ မှန်ကန်စွာ ထွက်ဆိုပါမည်ဟု ကတိသစ္စာပြုပြီးမှ စစ်မေးခြင်းဖြစ်ပေသည်။ (ရာဇဝတ် ကျင့်ထုံးပုဒ်မ ၃၆၀ နှင့် တရားရုံးများလက်စွဲ အပိုဒ်-၁၁၂၁)

**အခြားဘာသာစကား**

မြန်မာစကားအပြင် အခြားဘာသာစကားဖြင့် သက်သေခံသူ ရှိတတ်သည်။ လိုအပ်လျှင် စကားပြန် ခေါ်ရသည်။ စကားပြန်က ရုံးသုံးဘာသာသို့ ပြန်ဆိုပေးသည်။

**အဓိကစစ်မေးခြင်း**

စတင်စစ်ဆေးခြင်းမှာ အဓိကစစ်မေးခြင်းဖြစ်သည်။ ရုံးက ရေးမှတ်ယူသည်။ ကိုယ်တိုင်မြင်တွေ့၊ ကြားသိ အကြောင်းအရာများ၊ စပ်ဆိုင်သော အချက်များကို ထွက်ဆိုရသည်။ မစပ်ဆိုင်သောအချက်များ၊ သက်သေခံမဝင်သော အချက်များကိုမူ တရားရုံးက ရေးမှတ်မည်မဟုတ်။

**ပြန်လှန်စစ်မေးခြင်း**

အဓိကစစ်မေးပြီးလျှင် တစ်ဖက်က ပြန်လှန်စစ်မေးသည်။ နိမိတ်ပြမေးခွန်း မေးခွင့်ရသည်။

**ပြန်ရှင်းမေးခြင်း**

ထို့နောက် ပြန်ရှင်းမေးခြင်း (ပြန်လည်စစ်မေးခြင်း) ရှိမည်။ ထိုအခြေအနေများကို သက်သေများ သိထားသင့်သည်။

**ရုံးမေး**

တရားသူကြီးမေး၊ ရုံးမေးမှာ သက်သေများ၏ ထွက်ဆိုချက်အပေါ် ရုံးက နိဂုံးချုပ်မေးသည့်သဘော၊ ထွက်ချက်များ၏ အနှစ်ချုပ်အဖြစ် ရုံးမေးမေးခြင်း ဖြစ်သည်။

**ဘာကြောက်စရာရှိသလဲ**

ကိုယ်သိတာဖြေ။ မသိတာမဖြေနှင့်။ လိမ်မပြောနှင့်။ ဒီလိုဆိုရင် ဘာကြောက်စရာလိုသေးသလဲ။ မှန်ရာကို အစစ်ခံပါမည်ဟု သစ္စာပြုထားသည်ပဲ။ မလိမ်မညာ မှန်ကန်စွာ သက်သေခံသည်။ သက်သေလိုက်သည်။ သက်သေထွက်ချက်ပေးသည်။ ပြီးပြီ။

**တစ်ဖက်ရှေ့နေမေး၍**

တစ်ဖက်ရှေ့နေက ပြန်လှန်မေး၍ ယိမ်းယိုင်မသွားသင့်။ မြင်တာက မြင်တာပဲ။ မြင်သည်ကို မမြင်။ မမြင်သည်ကို မြင်။ ပြောင်းပြန်ပြင်ထွက်လျှင်မူ ကိုယ့်တာဝန်ဖြစ်မည်။ အရှိကိုအရှိအတိုင်း၊ အမြင်ကို အမြင်အတိုင်း၊ မှန်မှန်ကန်ကန် ပြော၊ မှန်မှန်ကန်ကန်ထွက်။ ဤသို့ဖြင့် တရားရုံးကို ကူညီ။ နှစ်ဖက်ကို ကူညီ။ ဘယ်သူ့ဘက်မှ မျက်နှာမလိုက်သင့်။ သက်သေ၏ ဂုဏ်သိက္ခာမြင့်မားလှပေသည်။

**သတိထားစရာ**

ဥပဒေအရာရှိ တာဝန်ထမ်းဆောင်စဉ် သက်သေအဖြစ် ဘယ်သူ့ကို သုံးမည်လဲ။ ဘယ်အမှုမှာ ဘယ်သူကို သက်သေထည့်သင့်သလဲ။ သတိထားစရာတွေ ရှိခဲ့သည်။ တရားလိုပြသက်သေရွေးဖို့ ဆိုပါစို့။

**-ဥပမာ(၁)** အသက်အရွယ်ငယ်လွန်းသော ကလေးသူငယ်။ သူ့အား သက်သေထည့်သင့်သလား။ တရားခွင်မှာ ပြောတတ်၊ ထွက်တတ်ပါ့မလား။ ရှောင်၍ ရမလား။အခြားသူမရှိတော့ဘူးလား။

**-ဥပမာ(၂)**-အလွန်အသက်ကြီးသော အိုမင်းမစွမ်း အဘိုးကြီး၊ အဘွားကြီး ဖြစ်နေလျှင် ဘယ်လိုလုပ်မလဲ။ ဘက်စုံတွေးကြည့်ပါ။

**-ဥပမာ(၃)** ဆွံ့အသူ၊ နားမကြားသူဖြစ်နေသလား၊ ရှောင်၍ရမည်လား။ မဖြစ်မနေ ရွေးချယ်မလား။ ဘာ့ကြောင့်လဲ။

**-ဥပမာ(၄)** -စာမတတ်သူနှင့် စာတတ်သူ၊ စာမတတ်သူက သက်သေခံခြင်းနှင့် စာတတ်သူက သက်သေခံခြင်းမှာ ဘယ်သူက အမှုအတွက် အကျိုးရှိမလဲ။ ဝေခွဲပါ။ ရွေးချယ်ပါ။

**-ဥပမာ(၅)** စကားအလွန်များသူနှင့် သိသမျှကို ကျစ်ကျစ်လျစ်လျစ် ထွက်နိုင်သူ။ ထိုနှစ်ဦးတွင် ဘယ်သူ့ကို ရွေးမည်လဲ။ မေးတာတခြား၊ ဖြေတာတခြား။ ရှေ့နေနှင့် တရားသူကြီးကိုပင် ဆရာလုပ်မည့် လျှာရှည်သော၊ စကားအလွန်များသူကို သက်သေ လုပ်ခိုင်းမလား။

**ရဲထံထွက်ချက်**

ရဲထံထွက်ချက်သည် သက်သေခံမဝင်။ ဤအချက်ကို ဥပဒေဗဟုသုတဝေငှကြရသည်။ အတော်များများကတော့ သိပြီးသားပါ။ ထိုအခါ ကျင့်ထုံးနှင့်အညီ၊ သက်သေခံဥပဒေနှင့်အညီ ရုံးရှေ့မှာ တာဝန်ကျေကျေ ဆောင်ရွက်ရပေသည်။ တရားလိုအကျိုးဆောင်ရော၊ တရားခံ အကျိုးဆောင်များပါ ရဲစက္ကူအသုံးပြုနည်းများ မှတ်သားကြရသည်။ အချို့က ကျမ်းမကျေ။ စာမဖတ်။ ကြားဖူးနားဝနှင့် အလုပ်လုပ်ကြသည်။ ထိုအခါ တရားသူကြီးက ထိန်းပေးမှ ဖြစ်မည်။ တရားသူကြီးကိုယ်တိုင် ကျမ်းမကျေ။ စာမဖတ် လျှင်ဖြင့်...။

**ရွာတစ်ရွာ**

ရွာတစ်ရွာက သက်သေတစ်ဦး၏ လက်ဖက်ရည်ကြမ်းဝိုင်းမှ စကားသံများ နားဆင်ကြည့်ပါဦး။

(၁)ဒီနေ့... မြို့နယ် တရားရုံးသွားပြီး သက်သေအစစ်ခံခဲ့တယ်။

(၂)ရုံးမဖွင့်ခင် ရောက်သွားပြီး ရုံးရှေ့က သစ်ပင်အောက် ခုံကလေး တစ်ခုံမှာ ထိုင်စောင့်ရတယ်။ နောက်ကျမှာ စိုးလို့။

(၃)ရုံးဖွင့်တော့ ဘယ်သူကမှ လာမခေါ်။ ဟိုမေး ဒီမေးနဲ့၊ ခဏစောင့်လို့ ပြောတယ်။

(၄)တစ်နေကုန်စောင့်တယ်။ ညနေရုံးဆင်းခါနီးမှ စစ်ခံရတယ်။ နာမည်ခေါ်တယ်။

(၅)နှစ်ဖက်မေးတယ်။ ဟိုလှည့်မေး၊ ဒီလှည့်မေး၊ မျက်စိရှုပ်၊ နားရှုပ်နဲ့။ ကိုယ်ပြောချင်တာ မပြောရ။ **မေးတာဖြေ။ မမေးတာ မဖြေနဲ့ချည်းပဲ။** ဩော်- ဘယ်လိုပါလိမ့်။

(၆)ရုံးဆင်းပြီး ဘူတာဆင်းတော့ ရထားမမီတော့ဘူး။ မီးရထားဝင်း တလင်းပြင်မှာပဲ တစ်ညအိပ်ပြီး နောက်နေ့မှ ရွာပြန်ရောက်တယ်... စသည်ဖြင့်။ [အခြားစကားသံများ နောင်တွင် အလျဉ်းသင့်သလို တင်ဆက်ပါမည်]

**စေတနာ**

သက်သေဖြစ်မှာ (သက်သေခံရမှာ) ကြောက်စရာလား။ မကြောက်ရပါဘူးဗျာ။ မကြောက်ရသော ဥပဒေ ဗဟုသုတဖြန့်ဝေကြပါစို့ဟု တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေ အတွေးမျှသာပါ...။ ။

**“သက်သေဟူသည် အမှုတစ်မှုနှင့် စပ်လျဉ်း၍ သိသူ၊ သက်သေခံနိုင်သူ ဖြစ်သည်။ သိသလား၊ မြင်သလား၊ ကြားသလား၊ သက်သေခံရသည်။ တရားသူကြီးရှေ့ သက်သေထွက်ချက်ပေးရသည်။ ရဲတပ်ဖွဲ့ဝင်ရှေ့ ထွက်ချက်ပေးရသည်။ အုပ်ချုပ်ရေးတာဝန်ရှိသူရှေ့ ထွက်ချက်ပေးရသည်။ မေးသမျှဖြေ တာဝန်ကျေရသည်။ သက်သေ၏ အခန်းကဏ္ဍ အရေးကြီးလှသည်”**

## ဖျာပုံ၌ အသက် ၂၅နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**ဖျာပုံ စက်တင်ဘာ ၄**

ဖျာပုံခရိုင်နှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်ဘောလုံးအဖွဲ့ချုပ် (ဖျာပုံ)နှင့် ပဲ့တင်သံပရဟိတ ဘောလုံး အသင်းတို့ ပူးပေါင်းကာ အသက် ၂၅ နှစ်အောက် ခရိုင်အားကစားကော်မတီဖလား အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက်က မြို့နယ်အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘို မင်းဇော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ပြိုင်ပွဲများကို တစ်လကြာ ပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၁၉သင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ ပြိုင်ပွဲမှရရှိသော အကျိုးအမြတ်အားလုံးကို ဖျာပုံမြို့ရှိ ပဲ့တင်သံပရဟိတဘောလုံးအသင်းနှင့် ပူးပေါင်း၍ မြို့နယ်အားကစားခန်းမအတွက် လိုအပ်သည်များ ပြင်ဆင်လှူဒါန်းပေးခြင်း၊ ပညာရေးဆိုင်ရာ ထောက်ပံ့မှုများပြုလုပ်ခြင်း၊ စာသင်ကျောင်းများအတွက် အားကစားပစ္စည်းများ ဝယ်ယူထောက်ပံ့ပေးခြင်း၊ အားကစားသင်တန်းများ အခမဲ့ဖွင့်လှစ်ပေးခြင်း စသည့် ပရဟိတလုပ်ငန်းများအတွက် အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) တို့မှ ၂၀၁၈-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

၂။ လိုအပ်သောအရည်အချင်း-

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် ၎င်း၏မိဘ(၂)ဦးစလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)၊ (ပြု)၊ (ဧည့်) ကိုင်ဆောင်ထားသူ ဖြစ်ရမည်။

(ခ) နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တွင် အမြဲနေထိုင်သူဖြစ်ရမည်။

(ဂ) ၂၀၁၈-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဃ) အခြေခံပညာသင်တန်း(၈-တန်း၊ ၉-တန်း၊ ၁၀-တန်း) များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ဖြစ်ရမည်။

**မှတ်ချက်။ အပိုဒ်(ခ)ပါဒေသများတွင်နေထိုင်သော်လည်း အခြေခံပညာ အထက်တန်းကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲသင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများမှ အောင်မြင်သော ကျောင်းသားများအား (၈-တန်း၊ ၉-တန်း၊ ၁၀-တန်း)ကို ခက်ခဲဒေသတွင် (၃) နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။**

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များကို ပူးတွဲတင်ပြရမည်။

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ် စာရင်း **(မူရင်း)**(၁)စောင်

(ခ) ၎င်းဒေသရှိ ကျောင်း၌ (၃) နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင် စာမေးပွဲအား ၎င်းဒေသရှိ စာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာအခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ထောက်ခံချက်။

(ဂ) အိမ်ထောင်စုစာရင်းဇယားမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက်နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ထောက်ခံချက်။

(ဃ) လျှောက်ထားသူနှင့် မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ

(င) (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်အရွယ်ရောင်စုံဓာတ်ပုံ(၂)ပုံ

(စ) ဘွဲ့ရရှိပြီးပါက မိမိဒေသတွင် **(၅)နှစ်မပျက်မကွက်** **(မပျက်မကွက်)** တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။

**မှတ်ချက်။ အထူးအခွင့်အရေးအဖြစ် ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ပြုခြင်းဖြစ်သည့်အတွက် တက်ရောက်ခွင့်ရရှိပြီး တက္ကသိုလ်သို့ သင်တန်းလာအပ်ပါက ဘွဲ့ရရှိပြီးနောက် မိမိဒေသတွင်အနည်းဆုံး(၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ပါမည်ဟု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတာဝန်ခံနှင့် ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ရှေ့တွင် လက်မှတ်ရေးထိုးထားသည့် ကတိပြုဝန်ခံချက် တင်ပြရမည်။**

၄။ အောက်ဖော်ပြပါ လျှောက်လွှာနမူနာပုံစံအတိုင်း A-4 size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို **၂၈-၉-၂၀၁၈ ရက် နောက်ဆုံးထား၍** ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

**၆။ လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် မပြည့်စုံသော လျှောက်လွှာများအား လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၇။ ရောက်ရှိလာသော လျှောက်လွှာများနှင့် အမှတ်စာရင်းများကို စိစစ်၍ ဆေးတက္ကသိုလ်ဝင်ခွင့်ပြုမည်ဖြစ်ပါသည်။

**(မှတ်ချက်။ ရွေးချယ်ခြင်းမခံရသူများအား ပြန်လည်အကြောင်းကြားမည်မဟုတ်ပါ)။**

၈။ ဆေးတက္ကသိုလ်သို့ ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တက်ရောက်ခွင့်ပြုသည့် ဝင်ခွင့်ရတက္ကသိုလ်တွင်သာ သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ရမည် ဖြစ်သည်။

၉။ အသေးစိတ်သိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၁၁၂၃၉ နှင့် ၀၆၇-၃၄၁၁၁၄၈၊ ၃၄၁၁၁၄၉၊ လိုင်းခွဲ(၈၁၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာနမူနာပုံစံ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

ဓာတ်ပုံ

**ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ**
**(၂၀၁၈-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)**

၁။ အမည် (မြန်မာ) ---------------------------------- ကျား ☐ မ ☐
(အင်္ဂလိပ်)
၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------
၃။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်) ------------------------------------------
၄။ လူမျိုး ------------------------------ ကိုးကွယ်သည့်ဘာသာ -----------------
၅။ ဖခင်အမည် ---------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် -----------------
အလုပ်အကိုင် ---------------------------------------------------------
၆။ မိခင်အမည် ----------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------
အလုပ်အကိုင်------------------------------ ------------------------------
၇။ တက္ကသိုလ်ဝင်စာမေးပွဲ ခုံအမှတ်----------------------စာစစ်ဌာန -------------
၈။ အောင်မြင်သည့်ခုနှစ်---------------------------------------------------
၉။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့် ကျောင်းနှင့်မြို့နယ် ---------------------
-----------------------------------------------------------------------
၁၀။ အမြဲနေထိုင်သောလိပ်စာ ----------------------------------------------
-----------------------------------------------------------------------
၁၁။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ် ------------------------------
-----------------------------------------------------------------------
၁၂။ **ဝန်ခံချက်**
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ------------------

------------------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ ------------------

------------------------------
မိဘ/အုပ်ထိန်းသူလက်မှတ်

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၉ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တပ်/ဌာနချုပ်များတွင် ၅-၉-၂၀၁၈ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၉-၉-၂၀၁၈ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တပ်/ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၌ ၁၄-၁၀-၂၀၁၈ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၂-၁၁-၂၀၁၈ရက်နေ့တွင် ထုတ်ပြန် ကြေငြာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂၆-၁၁-၂၀၁၈ ရက်နေ့မှ ၁-၁၂-၂၀၁၈ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ် (၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ **B.N.Sc (Bachelor of Nursing Science)**

(ခ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) **B.Med.Tech (Physiotherapy)**

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) **B.Med.Tech (Medical Imaging Technology)**

(ဃ) ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ **B.Med.Tech (Prosthetics and Orthotics)**

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု **(Nurse)**နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ **(Master of Science)** နှင့်ပါရဂူဘွဲ့ **(Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁) နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
# သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၉ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ၊ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တပ်/ဌာနချုပ်များတွင် ၅-၉-၂၀၁၈ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၉-၉-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တပ်/ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၌ ၃၁-၁၀-၂၀၁၈ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၀-၁၁-၂၀၁၈ ရက်နေ့တွင်ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂၉-၁၁-၂၀၁၈ ရက်နေ့မှ ၄-၁၂-၂၀၁၈ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ် (၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ **B.N.Sc(Bachelor of Nursing Science)**

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ **B.Pharm(Bachelor of Pharmacy)**

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ) **B.Med.Tech(Medical Laboratory Technology)**

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) **B.Med.Tech (Physiotherapy)**

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) **B.Med.Tech (Medical ImagingTechnology)**

(စ) ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ **B.Med.Tech (Prosthetics and Orthotics)**

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(**Nurse**)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ **(Master of Science)** နှင့် ပါရဂူဘွဲ့ **(Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။







## အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုသဇင်ထွန်း (ယွန်းဟေသာ Facebook)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြော်ငြာအပ်ပါသည်။

ဒေါ်ချိုသဇင်ထွန်းနှင့် (Ahzi Ei Zar Fb)အကောင့်ပိုင်ရှင်တို့ကြား၌ စုမဲအရောင်းအဝယ်အတွက် ငွေကြေးကိစ္စပတ်သက်မှုရှိပြီး ၇-၇-၂၀၁၈ ရက်တွင် ဒေါ်ချိုသဇင်ထွန်းမှ (Ahzi Ei Zar Fb) အကောင့်ပိုင်ရှင် ဒေါ်အိဇာလတ် ၁၂/ဗဟန(နိုင်)၀၉၀၉၃၂သို့ ပေးရန်ငွေအား ၇-၁၀-၂၀၁၈ရက်တွင် ပြန်လည်ပေးဆပ်ပါမည်ဟု ဝန်ခံကတိစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ဒေါ်ချိုသဇင်ထွန်းအနေဖြင့် တစ်ဖက်မှလည်း ငွေကြေးရရန်ရှိသော မဲဒိုင်ဆီ၌ ၇-၇-၂၀၁၈ရက်တွင်ပင် ဝန်ခံကတိစာချုပ်ပြုလုပ်၍ ရယူထားခဲ့ပါသည်။

သို့ဖြစ်ပါသောကြောင့် ထိုအချိန်ကာလမတိုင်မီ ဒေါ်အိဇာလတ်နှင့်အတူ ဆက်နွယ်သောသူများအားလုံးသည် ဒေါ်ချိုသဇင်ထွန်းနေအိမ်သို့လည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့်လည်းကောင်း ငွေကြေးတောင်းရမ်းခြင်း၊ Fb စာမျက်နှာပေါ်၌ ဂုဏ်သိက္ခာကျဆင်းစေရန် ပို့စ်တင်၍ အရှက်ခွဲခြင်း၊ တယ်လီဖုန်း၊ Viber Messenger မှလည်းကောင်း ဆဲဆိုခြိမ်းခြောက်ခြင်းမပြုလုပ်ရန် သက်ဆိုင်သူများသိစေရန် ကြော်ငြာအပ်ပါသည်။ အကယ်၍ ထိုအချိန်ကာလအား မစောင့်ဆိုင်းဘဲ အထက်ပါအပြုအမူများပြုလုပ်လာပါက ကျွန်ုပ်၏ မိတ်ဆွေအနေဖြင့် မလွှဲမရှောင်သာဘဲ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံ၍ ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ချိုသဇင်ထွန်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာမာထွန်း**
**LL.B,D.B.L,A.G.T.I(Civil)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၃၀)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၈၇၈၅၂၉၉၀**

## ဖခင်အမည်မှန်

ညောင်တုန်းမြို့နယ်၊ ကြိမ်ပင်ဆယ်ကျေးရွာ၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မမြင့်မြင့်စန်း၏ ဖခင်အမည်မှန်မှာ ဦးချစ်ကိုလတ် ၁၄/ညတန(နိုင်)၂၀၂၂၇၈ ဖြစ်ပါကြောင်း။

**ဦးချစ်ကိုလတ်**

## ဖခင်အမည်မှန်

ညောင်တုန်းမြို့နယ်၊ ကြိမ်ပင်ဆယ်ကျေးရွာ၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မနှင်းယုခိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးသန်း ၁၄/ညတန(နိုင်)၁၂၄၃၃၃ ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးသန်း**

## ဖခင်အမည်မှန်

အထက(ခွဲ)လက်ပံတော၊ ပေါင်မြို့နယ်မှ သတ္တမတန်းကျောင်းသူ မိအင်ကြင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးရွှေသန်း ၁၀/ပမန(နိုင်)၁၁၁၅၉၆ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/6880 HYUNDAI STAREX Mini Bus (4×2)L ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသန်း ၇/သကန(နိုင်)၀၀၉၂၁၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အထက(၅)၊ နဝမတန်း(က)မှ ကျောင်းဝင်အမှတ် (၇၄၆/၁၈) မသဲအိအိလွင်၏ ဖခင်အမည်မှန်မှာ ဦးစောအောင်ဘသိန်း ၃/လဘန(နိုင်)၀၄၅၂၄၉ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

အောင်လံမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း (B)မှ မမေသူခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်စန်းရင်နု ၈/ဆပဝ(နိုင်)၀၆၇၆၀၅ ဖြစ်ပါကြောင်း။

**ဒေါ်စန်းရင်နု**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၉ယ/၁၈၇၉၄ ယာဉ်လက်ဝယ်ရှိသူ ဦးကိုရယ် ၂/လကန(နိုင်)၀၂၉၆၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(လွိုင်ကော်)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၄၇ယ/၉၅၉၉၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လှမျိုး ၉/မထလ(နိုင်)၁၉၂၃၉၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(လွိုင်ကော်)**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နေ ဦးစောအောင်ဘသိန်း ၃/လဘန(နိုင်)၀၄၅၂၄၉၏သား အထက (၅) တက္ကသိုလ်ဝင်တန်း (C)မှ မောင်စောစိုင်းထွဋ်ခေါင် ၁၂/မဂဒ(နိုင်) ၁၉၁၇၆၁၏ အမည်မှန်မှာ မောင်ခန့်ထွဋ်ခေါင် ဖြစ်ပါ ကြောင်း။

## ဖခင်အမည်မှန်

အောင်လံမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း(C)မှ မောင်အောင်သူရမောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ဆွေ ၈/အလန(နိုင်) ၁၂၇၁၈၃ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်ဆွေ**

## ဖခင်အမည်မှန်

သန်လျင် အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မောင်မင်းရဲမာန်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၁၂/သလန(နိုင်)၁၃၆၉၇၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အောင်လံမြို့၊ ရွာထောင် အထက တက္ကသိုလ်ဝင်တန်း (D)မှ မစုးဇင်ဇာနွေး၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းထိုက် ၈/အလန(နိုင်)၁၀၆၅၄၇ ဖြစ်ပါကြောင်း။

**ဦးမင်းမင်းထိုက်**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဇင်ကိုလွင် ၈/မလန(နိုင်)၁၂၆၇၄၁၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၇၁၁၉၅၆၅**

## မိခင်အမည်မှန်

အောင်လံမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း (F)မှ မခိုင်နှင်းဝေ၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးသင်း ၈/သရန(နိုင်)၀၅၅၆၅၆ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ငြိမ်းသူ ၈/တတက(နိုင်)၂၅၈၇၆၂၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၇၁၁၉၅၆၅**

## ဖခင်အမည်မှန်

အောင်လံမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ထက်ဝေယံ၏ ဖခင်အမည်မှန်မှာ ဦးဝင်းခိုင် ၈/သရန(နိုင်)၁၂၀၅၈၈ ဖြစ်ပါကြောင်း။

**ဦးဝင်းခိုင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အထက (ပွင့်ဖြူ) တက္ကသိုလ်ဝင်တန်း(D)မှ မောင်မြတ်မင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကိုမြင့် ၈/စတရ(နိုင်) ၀၃၈၉၄၀ဖြစ်ပါကြောင်း။

**ဦးအောင်ကိုကိုမြင့်**

## ဖခင်အမည်မှန်

အောင်လံမြို့၊ ရွှေပန်းတောအထက၊ တက္ကသိုလ်ဝင်တန်း (A)မှ မောင်တင့်နိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးဘိုညို ၈/အလန(နိုင်) ၁၀၇၄၇၀ ဖြစ်ပါကြောင်း။ **ဦးဘိုညို**

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ အထက (ပွင့်ဖြူ) တက္ကသိုလ်ဝင်တန်း(D)မှ မအိသန္တာနွယ်၏ဖခင် ဦးအောင်မောင်းနှင့် ဦးကျော်တင် ၈/စတရ(နိုင်)၀၁၈၀၉၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်မောင်း(ခ)ဦးကျော်တင်**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(J)မှ မလွေးအိစန္ဒာအေး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်မူရင်းအရ ဦးတင်မောင်လွင် ၁၃/မတတ(နိုင်)၀၀၁၀၃၂ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/8703 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/11567 Circular-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမြင့်ရီ ၉/မနမ(နိုင်)၁၀၇၆၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ် (၁+၇+၈ကျောက်တောင်တိုးချဲ့)ဦးပိုင်အမှတ် (၁၁၂)၊ ဧရိယာ၀ဒသမ၀၁၃၆ဧက၊ အမှုတွဲအမှတ် ၂၉၁-၅/၁၉၉၉-၂၀၀၀(စီ)၊ ဦးအောင်မြင့်ဝင်း LSO-၀၇၆၄၀၂ အမည်ပေါက်မြေကွက်အား ဦးအောင်မြင့်ဝင်းကွယ်လွန်သွားပြီးနောက် ၎င်း၏ဇနီး ဒေါ်နန်းရွှေဟန် ၁၃/လရန(နိုင်)၀၂၁၈၈၁မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆို၍ ဒေါ်နန်းရွှေဟန်အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍ ရက်ပေါင်း၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ် (ဟော်လေးလုံးကွက်)၊ ဦးပိုင်အမှတ် (၂၀၄/က+ခ)၊ ဧရိယာ၀ဒသမ၀၄၆ဧက၊ အမှုတွဲအမှတ် ၄၈-၅/၂၀၀၆-၂၀၀၇(စီ)၊ ဒေါ်ဖြူဖြူသန်း ၁၃/နမတ(နိုင်)၀၀၀၁၂၇ အမည်ပေါက် မြေကွက်အား ဒေါ်ဖြူဖြူသန်းမှ ၎င်း၏ဖခင် ဦးမြင့်လွင်(ခ)ဦးသန်းမောင်၁၃/နမတ(နိုင်)၀၀၅၈၃၁ ထံသို့ စာချုပ်အမှတ် ၂၉၁I/၂၀၁၇ဖြင့် ပေးကမ်းစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်၍ ဦးမြင့်လွင်(ခ)သန်းမောင် အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍ ရက်ပေါင်း၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၁+၇+၈၊ ကျောက်တောင်)၊ ဦးပိုင်အမှတ်(၃၉၁)၊ ဧရိယာ ၀ ဒသမ ၀၉၆ဧက၊ အမှုတွဲအမှတ် ၃၀၃-၅/၁၉၉၈-၁၉၉၉(စီ)၊ ဦးဝင်းနိုင် တီဂျီအမ်-၁၆၇၂၇၇ အမည်ပေါက်မြေကွက်အား ဦးဝင်းနိုင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်ချယ်ရီလင်းနိုင် ၁၃/လရန(နိုင်)၁၃၅၆၀၂မှ ဦးကျော်ယျ ၇/မညန(နိုင်)၀၀၆၈၄၇သို့ စာချုပ်အမှတ် ၇၈I/၂၀၁၈ဖြင့် အပြီးအပိုင်ရောင်းချပြီးဖြစ်၍ ဦးကျော်ယျအမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ်ဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၁၁၅၂)၊ ဧရိယာ ၀ ဒသမ ၀၉၆ဧက၊ အမှုတွဲအမှတ် ၁၆-၅/၂၀၀၀-၂၀၀၁(စီ)၊ ဦးမြင့်သိန်း ၁၃/လရန(နိုင်) ၀၂၄၄၃၉ အမည်ပေါက်မြေကွက်အား ဦးမြင့်သိန်းကွယ်လွန်သွားပြီးနောက် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မာသ ၁၃/လရန(နိုင်)၀၁၉၉၂၇ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ကို ဒေါ်မာသ၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးပရေမ်ပရာဆပ် ၁၃/လရန(နိုင်)၀၉၄၂၁၁မှ စာချုပ်အမှတ် ၈၆I/၂၀၁၈ ဖြင့် ချုပ်ဆိုခဲ့ပြီးနောက်ဦးဉာဏ်ရှိန် ၁၃/နမတ(နိုင်)၀၁၂၇၀၆ ထံသို့ စာချုပ်အမှတ် ၁၁၂I/၂၀၁၈ ဖြင့် ရောင်းချပြီးဖြစ်သဖြင့် ဦးဉာဏ်ရှိန်အမည်ဖြင့် အမည်ပြောင်း၊ ထပ်မံအသစ်ဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၆)၊ ဦးပိုင်အမှတ် (၃၆)၊ မြေဧရိယာ ၀ဒသမ၀၃၈ဧကရှိပြီး ဦးတင် SBO-၀၉၅၄၈၇အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်ထိ နှစ်၃၀ဂရန်သက်တမ်းရှိ နေအိမ်မြေဂရန်ကို မူလမြေဂရန်အမည်ပေါက်သူထံမှ ၁-၂-၁၉၉၆ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးဝမ်လီရှန် ၁/မကန(နိုင်)၀၉၀၇၅၀နှင့် ဒေါ်ကော့နန် ၁/မကန(နိုင်)၀၈၇၃၁၂တို့ နှစ်ဦးကဝယ်ယူခဲ့ပြီး၊ မြစ်ကြီးနားခရိုင်ရုံး၌ အမှတ်စဉ် ၁၀၃၃/၂၀၁၆ ဖြင့် ၂၃-၁၁-၂၀၁၆ရက်စွဲပါ ကတိသစ္စာပြုလွှာအား ၄၄၆/၂၀၁၆ဖြင့် မှတ်ပုံတင်ပြုဆိုတင်ပြလျက် ဦးဝမ်လီရှန် ပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအားလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့ ရပ်ကွက်များတွင်နေထိုင်သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ မြေစာရင်းပုံစံ (၁၀၅/၁၀၆)ရေးဆွဲပြီး မြေငှားဂရန်/လိုင်စင်အသစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူများအား မြေငှားဂရန်/လိုင်စင်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | ရပ်ကွက်/ နယ်မြေ | အကွက်အမှတ် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | ပိုင်ဆိုင်မှု |
|---|---|---|---|---|---|---|
| ၁ | ဒေါ်ရွှယ်မေ ၁၃/လရန(နိုင်)၁၃၂၁၅၁ | ၈/၈ | ၂၅/လုံလော့ရပ် | ၈/က | ၀.၂၀၇ | မြေခွန်ပြေစာဖြင့် |
| ၂ | ဦးစိုးမြင့်နောင် | ၈/၂ | ၁၁-ခ/လွယ်ကန်မိန်းရပ် | ၉၃ | ၀.၁၁၀ | မြေခွန်ပြေစာဖြင့် |
| ၃ | ဦးအောင်ဇော်မြင့် | ၈/၂ | ၁၁-ခ/လွယ်ကန်မိန်းရပ် | ၁၀၀ | ၀.၁၁၀ | မြေခွန်ပြေစာဖြင့် |
| ၄ | ဦးကျော်ဇင်ထွေး | ၈/၂ | ၁၁-ခ/လွယ်ကန်မိန်းရပ် | ၉၈ | ၀.၅၈၈ | မြေခွန်ပြေစာဖြင့် |
| ၅ | ဒေါ်ရွှေရည်သဲ | ၈/၂ | ၁၁-ခ/လွယ်ကန်မိန်းရပ် | ၉၅ | ၀.၁၄၇ | မြေခွန်ပြေစာဖြင့် |
| ၆ | ဦးကောင်းထက်ကျော် ၁၂/မကန(နိုင်)၀၆၇၈၁၃ | ၁၁/၇ | အောင်စေတနာ | ၁၀/၉ | ၀.၁၈၃ | မြေခွန်ပြေစာဖြင့် |
| ၇ | ဦးတင်ယု ၈/ပခက(နိုင်)၀၄၁၁၀၄ | ၁၁/၇ | အောင်စေတနာ | ၁၀/၁ | ၀.၂၂၉ | မြေခွန်ပြေစာဖြင့် |
| ၈ | ဦးအောင်ခန့်ဇော် ၁၂/ကမတ(နိုင်)၀၇၂၄၄၃ | ၁၁/၇ | အောင်စေတနာ | ၁၀/၁၀ | ၀.၁၈၃ | မြေခွန်ပြေစာဖြင့် |
| ၉ | ဒေါ်သီတာဝင်းလှိုင် ၁၂/ကမန(နိုင်)၀၅၄၀၉၂ | ၁၁/၇ | အောင်စေတနာ | ၁၀/၁၁ | ၀.၁၁၄ | မြေခွန်ပြေစာဖြင့် |
| ၁၀ | ဒေါ်ထိုက်ထိုက်ရှိန် ၁၃/လရန(နိုင်)၀၈၂၅၁၈ | ၁၁/၇ | အောင်စေတနာ | ၅၄ | ၀.၀၈၂ | မြေခွန်ပြေစာဖြင့် |

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဦးဘစု အသက်(၉၃)နှစ်
### လမ်းဗိုလ်(ငြိမ်း)၊ မီးရထားအင်ဂျင်နီယာဌာန
### လုပ်ငန်းစစ်ဥက္ကဋ္ဌနှင့် မြို့နယ်တရားသူကြီးဟောင်း

ရန်ကုန်မြို့နှင့် ချောက်မြို့နေ (ဦးထွန်းတင်-ဒေါ်တင်မေ)တို့၏သား၊ သီပေါမြို့နေ (ဦးစံဖေ-ဒေါ်နန်းဆိ)တို့၏သားသမက်၊ ဦးအောင်သက်စု-ဒေါ်မူမူမြင့်၊ ဦးခင်မောင်စိုး-ဒေါ်သီဂီစု၊ (ဦးမြင့်စိုး)-ဒေါ်သီတာစု (အထက်တန်းကျောင်းအုပ်ကြီး၊ ဘော်တွင်း၊နမ္မတူမြို့)၊ Capt. ဦးအောင်နိုင်စု(MYANMAR MARITIME SHIPPING AGENCY CO., LTD.)-ဒေါ်မိုးသူဇာမောင်(အလယ်တန်းပြ၊ မှူလွန်-၅၊ ဗဟန်းမြို့နယ်)၊ (ဦးမော်နိုင်လင်း)-ဒေါ်စန္ဒာစု(Restaurant Manager)တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီး၊ (ဒေါ်ခင်အေးမူ)၏ချစ်လှစွာသောခင်ပွန်းသည် ၃-၉-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နောင်ချိုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၈နာရီတွင် ဘူတာရပ်၊ အကွက်(၄)၊နယ်မြေ(၇) (ဦးဘစု)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘစု အသက်(၉၃)နှစ်
### လမ်းဗိုလ်(ငြိမ်း)၊ မီးရထားအင်ဂျင်နီယာဌာန
### လုပ်ငန်းစစ်ဥက္ကဋ္ဌနှင့် မြို့နယ်တရားသူကြီးဟောင်း

ရန်ကုန်မြို့နှင့် ချောက်မြို့နေ (ဦးထွန်းတင်-ဒေါ်တင်မေ)တို့၏သား၊ သီပေါမြို့နေ (ဦးစံဖေ-ဒေါ်နန်းဆိ)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်သန်းမြင့်မြင့်၊ (ဦးခင်မောင်အေး)-ဒေါ်ခင်အေးမြင့်၊(ဗိုလ်မှူးဖေသန်းမောင်-ဒေါ်ခင်ခင်သန်း)၊(ဦးအယ်ဒီ)-ဒေါ်ခင်သန်းဆွေ၊ ဒေါက်တာကျော်စံဝင်း-ဒေါ်ရီလေးနိုင်၊ ဦးစိုးဝင်း-ဒေါ်ခင်သန့်စင်၊ နောင်ချိုမြို့နေ ဦးတင်ညွန့်-ဒေါ်ခင်အေးအေး၊ သီပေါမြို့နေ ဦးစိုင်းဖုန်းမြင့်-ဒေါ်နန်းစိုးစိုးတို့၏အစ်ကို၊ (ဒေါ်ခင်အေးမူ)၏ချစ်လှစွာသောခင်ပွန်းသည် ၃-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် နောင်ချိုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၈နာရီတွင် ဘူတာရပ်၊ အကွက်(၄)၊ နယ်မြေ(၇) (ဦးဘစု)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘစု အသက်(၉၃)နှစ်
### လမ်းဗိုလ်(ငြိမ်း)၊ မီးရထားအင်ဂျင်နီယာဌာန
### လုပ်ငန်းစစ်ဥက္ကဋ္ဌနှင့် မြို့နယ်တရားသူကြီးဟောင်း

ရန်ကုန်မြို့နှင့် ချောက်မြို့နေ (ဦးထွန်းတင်-ဒေါ်တင်မေ)တို့၏သား၊ သီပေါမြို့နေ (ဦးစံဖေ-ဒေါ်နန်းဆိ)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်ခိုင်ဇင်ဇင်(အထက်တန်းပြ Genius ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဒေါ်ဝင့်မြတ်အောင်(Project Associate, UNDP Yangon)၊ ဦးတင့်ဇော်ဟန်-ဒေါ်နီနီနိုင်၊ ဗိုလ်ကြီးဇေယျထက်၊ ဦးသက်ဇင်မျိုး-ဒေါ်နှင်းအေးယဉ်၊ မမေသက်ခိုင်၊ ကိုသက်တင်ဇော်၊ ကိုလင်းခန့်မင်း၊ ကိုထူးအောင်ဝင့်၊ မကြည်ဖြူနိုင်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီး၊ (ဒေါ်ခင်အေးမူ)၏ချစ်လှစွာသောခင်ပွန်းသည် ၃-၉-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နောင်ချိုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၈ရက်(သောကြာနေ့)နံနက် ၈နာရီတွင် ဘူတာရပ်၊ အကွက်(၄) နယ်မြေ(၇)(ဦးဘစု)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။]

ကျန်ရစ်သူမြေးမြစ်တစ်စု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးမျိုးလွင်အောင်(ငြိမ်း)
### (လေ/၁၃၁၈)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၇လမ်း(မြောက်)၊ အမှတ်(၂၉၀/A)နေ ဒေါ်ခင်စောလှိုင်၏ခင်ပွန်း၊ ဒေါက်တာကျော်သူရအောင်၏ဖခင်သည် ၃၁-၈-၂၀၁၈ရက် နံနက် ၀၀း၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ပူဆွေးဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အငြိမ်းစားလက်နက်အရာရှိကြီးများနှင့် တပည့်လက်နက်အရာရှိများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သန်းဝင်း (မိုးကုတ်)
### လက်ထောက်စက်ရုံမှူး(ငြိမ်း)
### သမိုင်းချည်မျှင်နှင့် အထည်စက်ရုံ
### အသက်(၇၂)နှစ်

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံနို့လုပ်ငန်းအသင်း၊ ဘဏ္ဍာရေးမှူး ဦးတင်ဝင်း(ငွေစင်ပုလဲ နွားနို့လုပ်ငန်း)၏ဇနီး ဒေါ်ခင်သန်းဝင်း အသက်(၇၂)နှစ်သည် ၃-၉-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၀း၂၀နာရီ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းသူ
### (B.A History)
### KBZ BANK Manager Treasury Department
### အသက်(၄၂)နှစ်

(ပန်းချီဦးဇော်ဝင်း)-ဒေါ်သန်းသန်းဆိုင်တို့၏သား၊ ဦးရှုမောင်-ဒေါ်ခင်စိုးထွေးတို့၏သားသမက်၊ မောင်သွင်သန့်သူ(TTC)၊ မောင်ဝေယံလင်းသူ(TTC) တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်စိုးအိအိမောင်(KBZ BANK ဦးဝိစာရလမ်း ဘဏ်ခွဲ)၏ခင်ပွန်းသည် ၃-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကနှင့် ဒါရိုက်တာအဖွဲ့**
**KBZ GROUP /KBZ BANK**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဒေါ်ဝင်းစိန် (ပုသိမ်)
### (မဟာစည်ယောဂီ)
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၁၆)ရပ်ကွက်၊မာလာမြိုင်လမ်း၊ဘောက်ထော်၊ အမှတ် ၇/ခနေ (ဦးမောင်ဝင်း-ဒေါ်စိန်မွေး)တို့၏သမီး၊ (ဦးရွှေလျောင်-ဒေါ်ငွေဘော်)တို့၏သမီးချွေးမ၊ (ဒေါက်တာကြည်ဝင်း)၊ ဒေါ်ဖြူဖြူဝင်း(ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)(မင်္ဂလာကုမ္ပဏီမိတက်)၊ (ဦးဉာဏ်ထွန်း)-ဒေါ်နွယ်နွယ်ဝင်း(စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၊ ဒေါက်တာမျိုးဝင်း(နှလုံးအထူးကုဆရာဝန်ကြီး)-ဒေါ်ဆွေဆွေသက်(အထွေထွေအထူးကု ဆရာဝန်ကြီး)၊ ဒေါက်တာထွန်းထွန်းလှိုင်-ဒေါက်တာအေးအေးဝင်း၊ ဦးမျိုးသန့် NIDတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၄-၉-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းအမကြီး
## ဒေါ်ကျင်ဥ(ခ)ဒေါ်ကြင်ကြင်ဦး
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၄ ရပ်ကွက်၊ သီတာရေစင်လမ်း၊ အမှတ် ၆၀၀ (က)နေ (ဦးကြီးနိုင်-ဒေါ်ငွေ)တို့၏သမီး၊ (ဦးချင်ငါး-ဒေါ်ဝမ်)တို့၏ချွေးမ၊ (ဦးတွာခင်)၏ဇနီး၊ ဦးတင်အောင်-(ဒေါ်နှင်းဆီ)၊ ဦးစိုးမြင့်-ဒေါ်ထွေးထွေး၊ ဦးထွန်းမင်း-ဒေါ်ကျင်ထွေး၊ ဦးလျှန်ငါ-ဒေါ်ခင်ယုဆွေ၊ ဒေါ်မြင့်မြင့်သန်း၊ (ဒေါ်မြင့်မြင့်သိန်း)၊ ဒေါ်ဝေဝေခင်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၆-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၈ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးမြင့်ရွှင် (မြိတ်)
### အသက်(၈၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ် ၂၇၊ ပထမထပ်နေ ဒေါ်ထွေးထွေး၏ခင်ပွန်းသည် ၃၀-၈-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးသောင်းရှိန် (မြိတ်)
### အသင်းဝင်အမှတ်(၉၁၄)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၄လမ်း၊ အမှတ် ၂၆နေ ဒေါ်ရှုမေ၏ခင်ပွန်းသည် ၃-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မြိတ်အသင်းမှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အောင်မြစိန်
### အသက်(၇၃)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ပန်းခြံလမ်းနေ အငြိမ်းစားမြို့ပိုင်ကြီး(ဦးအောင်သာနီ-အငြိမ်းစားဆရာမ ဒေါ်မစောသာ)တို့၏ သမီး၊ (ဦးအောင်ရွှေဦး၊ NTV သတင်းထောက်)၊ (ဦးအောင်သာကျော်၊ စာရေးကြီး)၊ (ဦးအောင်ကျော်လှ၊ တရားလွှတ်တော်ရှေ့နေကြီး)၊(ဦးအောင်ရွှေထွန်း၊ စာရေးဆရာ ဥက္ကာမင်းညို)၊ (ဦးအောင်ကျော်စိုး၊ Radio Officer)တို့၏ညီမ၊ ဒေါ်ရွှေနုစိန်(အလကကျောင်းအုပ်ကြီး၊ ငြိမ်း)၊ ဒေါ်ဓမ္မနန္ဒာ၊ (ဒေါ်မြသန်းရွှေ၊ လ/ထကထိက၊ ငြိမ်း)တို့၏အစ်မ၊ အင်းစိန်မြို့နယ်၊ ပေါက်တောဝရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၄၅နေ ဦးသာမြကျော်(လ/ထစက်ရုံမှူး၊ ငြိမ်း၊ သံမဏိစက်ရုံ)၏ဇနီး၊ သမီး နှစ်ယောက်တို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘောင်ရှင်သည် ၄-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉း၄၅နာရီတွင် ရွှေလမင်းဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အောင်မြစိန် (စစ်တွေ)
### (လမ်းစဉ်ပါတီဌာနချုပ်)
### (ကျောင်းဆရာမ၊ ငြိမ်း)
### အသက်(၇၃)နှစ်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ (ဦးအောင်သာနီ-ဒေါ်မစောသာ)တို့၏ သမီး၊ မြောက်ဦးမြို့နေ (ဦးစိန်ထွန်းအောင်-ဒေါ်စံလှမေ)တို့၏ သမီးချွေးမ၊ အင်းစိန်မြို့နယ်၊ ပေါက်တောဝရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၄၅နေ ဦးသာမြကျော်(လ/ထစက်ရုံမှူး၊ သံမဏိစက်ရုံ-ငြိမ်း)၏ဇနီး၊ ဦးသန်းဦး-ဒေါ်မြချိုချို (ဆုလာဘ်နိုင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)၊ ဒေါ်မြစောဝေ(MAEX Public Co.,Ltd)တို့၏မိခင်၊ ဗိုလ်ကြီးရဲဝင်းထွန်း (တပ်မတော်နည်းပညာတက္ကသိုလ်) - မနွေးအိဖြူ၊ မဝင့်အိသူ (Colliers International)၊ မခိုင်ငြိမ်းသူ(Revo Digital)တို့၏ အဘောင်ရှင်သည် ၄-၉-၂၀၁၈ရက် နံနက် ၉း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်သူ
### (သုဝဏ္ဏ)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မြဝတ်ရည်လမ်း၊ အမှတ် ၄၁နေ (ဦးမောင်မောင်-ဒေါ်သန်းသန်း)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးစိုးမောင်) - ဒေါ်စိန်စိန်တို့၏ သားသမက်၊ (ဦးထွန်းလွင်)-ဒေါ်ခင်အေးသွင်၊ ဦးမျိုးမြင့်-ဒေါက်တာယဉ်ယဉ်ဌေး၊ ဦးစည်သူ-ဒေါ်ဌေးဌေးမြင့်၊ဦးဇော်မျိုးတင့် - ဒေါ်သန်းသန်းဌေး (ဆန်းသော်တာ ယပ်လုပ်ငန်း)၊ ဦးမောင်မောင်သန်း-ဒေါ်မူမူစိုးတို့၏ညီ/မောင်၊ ဒေါ်စိုးရတနာ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝေဠု - (မနှင်းလွင်ဦး)တို့၏ ဖခင်၊ ဖိုးလပြည့်၏အဘိုးသည် ၃-၉-၂၀၁၈ရက် (တနင်္လာနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်အေး
### MPPE (ငြိမ်း)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီလမ်း၊ အမှတ် (၂၀၁/ဃ)၊လေးလွှာနေ(ဦးမောင်မောင်-ဒေါ်မြကြည်)တို့၏သမီး၊ (ဦးဘလင်း-ဒေါ်ငွေညွှန့်)တို့၏သမီးချွေးမ၊(ဦးကျော်ညွှန့်၊ MPPE-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ကိုသန့်လင်း၊ကိုနိုင်လင်း၊ ဦးပဋ္ဌင်းတိက္ခနန္ဒ၊ ကိုမင်းသိန်း-မစုစုနိုင်တို့၏ မိခင်၊ မမေဖြူစင်သွယ်၏အဘွားသည် ၃-၉-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၆ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြင်ရီ
### အကထ(၁)ပုဇွန်တောင်
### အလက(၃)တာမွေ
### အထက(၃)တောင်ညွန့်
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် (၁၃/B)၊ ပထမထပ်နေ (ဦးစိုက်ဝမ်-ဒေါ်စောမေ)တို့၏သမီး၊(ဦးအေးကျော်)၏ဇနီး၊ (ဦးစိုင်းကျော်လှ)၊ ဒေါ်မူမူ၊ ဦးအောင်သူ-ဒေါ်အေးအေးမြင့်၊ ဦးဝင်းအောင်-ဒေါ်ယုယုကျော်၊ (ဦးအေးသန့်)၊ ဦးရွှေယုကျော် - ဒေါ်မြတ်မြတ်အေး၊ ဦးနေလင်း-ဒေါ်ခင်ပပထွန်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃-၉-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၉-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းပို (ပုလောမြို့)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သီတာလမ်း၊ အမှတ် ၂၇၊ တတိယထပ်(ယာ)နေ ဦးတင်ဦး၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခိုင်ခိုင်ဦး၊ ဦးကျော်ကျော်ဦး(Third Engineer Uniteam Shipping Line)-ဒေါ်အေးအေးမာ၊ ဒေါ်မျိုးမျိုးဦး၊ ဦးထွေးကိုဝင်း-ဒေါ်အေးသန္တာဦး၊ ဒေါ်ကြူကြူတင်တို့၏မိခင်၊ မဇာဇာစန္ဒာကျော်ဦး၊ မယမင်းထက်ထက်ကျော်ဦး၊ မောင်မြင့်မြတ်ကိုကိုတို့၏ အဘွားသည် ၄-၉-၂၀၁၈ရက် နံနက် ၃း၁၅နာရီတွင် (ခုတင်-၅၀၀) အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်နု (ကျောက်ဖြူ)
### (ရခိုင်ပြည်နယ် သမဝါယမ အသင်းစု၊ ငြိမ်း)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေညောင်ပင်လမ်း၊ အမှတ် ၁၄နေ ကျောက်ဖြူမြို့၊ ဇင်ချောင်းတိုက်နယ်၊ မင်းရပ်ကျေးရွာနေ (ဦးဘိုးအောင်-ဒေါ်ခေါင်းဘုချေ)တို့၏သား၊ ဒေါ်စိန်အေး၏မောင်၊ (ဦးဖိုးနု)၏ညီ၊ (ဒေါ်သန်းသန်းအေး)၏မောင်၊ ဒေါ်မရီ၏ခင်ပွန်း၊ မရီရီမြင့်(AYA Bank)၊ မသင်းသင်းဆွေ(F1 Fithess Co.,Ltd)၊ မောင်အောင်ကျော်မြင့် - မသျှင်ထွီးမတို့၏ ဖခင်သည် ၄-၉-၂၀၁၈ရက် နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၉-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တရေဝတ
### သာသနဓဇ ဓမ္မာစရိယ
### (ပ-သုံးလုံးဝိပဿနာသင်တန်းနည်းပြ)
### သက်တော်(၅၉)နှစ်၊ သိက္ခာတော်(၃၉)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့၊ (၂)ရပ်ကွက်၊ ယာမကျောင်းတိုက်ကြီး၏ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တရေဝတ အရှင်သူမြတ်သည် (၁၃၈၀ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၈ရက်) (တနင်္လာနေ့) ည ၈း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ရက်) ၇-၉-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

## ဒေါ်သန်းကြည်
### အသက်(၉၀)

ရန်ကုန်မြို့နေ (ဦးဘတင်-ဒေါ်စောခင်)တို့၏သမီး၊ (ဦးတင်လှ)ကုန်သွယ်ရေး(၁၀)၊ ဆေးနှင့် ဆေးပစ္စည်း(ငြိမ်း)၏ဇနီး၊ (ဦးသိန်းစိုး)-ဒေါ်ခင်အေးမြင့်၊ ဦးစွမ်းမြင့်-ဒေါ်စန်းစန်းယဉ်၊ ဒေါ်ဥမ္မာကြည် (အထက-၂၊ လမ်းမတော်)၊ (ဦးကျော်ကျော်နိုင်)-ဒေါ်ဥမ္မာမြင့်၊ ဦးရဲနိုင်(Master Rassel Shipp:Co.,Ltd.)-ဒေါ်အေးမိုးဟန်တို့၏ချစ်လှစွာသောမိခင်၊ မောင်ဇော်ထက်၊ မောင်ဇာနည်ကြိုင်-မသဲစုဝင်း၊ မလေးမွန်၊ မောင်ရဲထွဋ်၊ မောင်ကောင်းထူးကျော်၊ မခင်သစ္စာစိုး၊ မောင်ဝေဖြိုးသန့်၊ မောင်ကောင်းပြည့်ထူးတို့၏အဘွား၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၄-၉-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် Grand Hantha International Hospital၌ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဗိုလ်တထောင်မြို့နယ်၊ ရာဇဒိရာဇ်လမ်း၊ အမှတ် ၂၆၁၊ အခန်း ၁၀၁ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်(၃) အသက်(၈၄)နှစ်
### (သမဝါယမဦးစီးဌာနမှူး၊ ငြိမ်း)

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ မကျည်းခွကျေးရွာနေ (ဦးချမ်းငြိမ်း-ဒေါ်စောမေ)တို့၏သား၊ မန်ကျည်းခွကျေးရွာနေ(ဦးခင်မောင်)၊ ဦးသန်းဌေးတို့၏အစ်ကို၊ ဒေါက်တာကျော်သက်မောင်-ဒေါ်ခိုင်ဇင်ဝင်း၊ ဒေါက်တာဝင်းဇင်မောင် (ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ် မွေးကုဦးစီးဌာန)-ဒေါ်သီဂီကျော် (အလယ်တန်းပြ)၊ (မသီသီမွန်)၊ ဦးအောင်ဇော်မျိုး-ဒေါ်မြတ်မြတ်မွန်(ကျော်ကြားဆေးဆိုင်)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ ၂လမ်း၊ အမှတ် ၄၃၆နေ ဒေါ်ညွှန့်ညွှန့်(အလယ်တန်းပြ၊ အထက-၄၊ မြောက်ဥက္ကလာပ)၏ခင်ပွန်းသည် ၃-၉-၂၀၁၈ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါ မြောက်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်
### အသက်(၈၄)နှစ်

သူငယ်ချင်း ဒေါက်တာဝင်းဇင်မောင် (ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ် မွေးကုဦးစီးဌာန)-ဒေါ်သီဂီကျော်တို့၏ဖခင် ဦးတင်မောင် (သ/မဦးစီးမှူး-ငြိမ်း) အသက်(၈၄)နှစ်သည် ၃-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗသက(၈၈) သီဟတပ်ခွဲမှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ချစ်ခင်လေးစားရပါသော ဆရာမကြီး ဒေါက်တာဒေါ်မြမြအေး(ကထိက-ငြိမ်း) ဆေးတက္ကသိုလ်(၁) အသက်(၈၃)နှစ်သည် ၂၅-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**
**17 th Batch (1982-1986) မှ ချစ်တပည့်များ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်စိုး (မြိတ်)
### အသက်(၇၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ နောက်လယ်(၇)လမ်း၊ အမှတ် ၃၅၈ (စိုးရေခဲစက်-ရှမ်းချောင်း)နေ ဒေါ်ရှုဟန်၏ခင်ပွန်း၊ ဦးသန်းအေး၊ ဦးမျိုးသန်း၊ ဗိုလ်မှူးကြီးဇော်မင်းအေး-ဒေါ်အေးအေးစိုး၊ ဦးကျော်ရှိန်-ဒေါ်ကေသီစိုးတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၄-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ဗိုလ်မှူးကြီး ဇော်မင်းအေး-ဒေါ်အေးအေးစိုးတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာ-အိန္ဒိယ လေတပ်များအကြား အတွေ့အကြုံများဖလှယ်ရေးနှင့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယတပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa, PVSM, AVSM, YSM, VM, ADC အား ယနေ့တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲနေမှု အခြေအနေများ၊ နှစ်နိုင်ငံ လေတပ်များအကြား အတွေ့အကြုံများ ဖလှယ်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လေပိုင်နက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုပါ ပိုမိုတိုးမြှင့်နိုင်သည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၃* ✻



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယတပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa, PVSM, AVSM, YSM, VM, ADC အား လက်ခံတွေ့စဉ်။ ဓာတ်ပုံ-တပ်မတော်သတင်းစဉ်

## ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၆ ရက် သတင်းစာများတွင် ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၄**

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၅ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၆ ရက်နေ့ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း စင်ကာပူကို ဂိုးပြတ်အနိုင်ယူ



**ရန်ကုန် စက်တင်ဘာ ၄**

အာရှ လူငယ်အမျိုးသမီးခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်းသည် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားရာ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းက ကိုးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် စခန်းဝင်လေ့ကျင့်မှု ပြုလုပ်အပြီး ပထမဆုံးနိုင်ငံတကာခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ပထမဆုံး ခြေစမ်းပွဲဖြစ်သောကြောင့် လိုအပ်ချက်များရှိနေပြီး ဂိုးပြတ်အနိုင်ရသော်လည်း အကောင်းဆုံး ပုံစံပြသနိုင်ခြင်းမရှိခဲ့ပေ။

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆

မြန်မာအသင်းတိုက်စစ်မှူး မြတ်နိုးခင်၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို စင်ကာပူဂိုးသမားကာကွယ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

## စစ်တောင်းနှင့် သံလွင်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၄**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ စာ » ၁၁

ဘိုကလေးမြို့နယ် လှေလုံးကွဲကျေးရွာ၌ ရေလုပ်သားတစ်ဦး မိကျောင်းဆွဲခံရ စာ » ၁၃

ဂျပန်နိုင်ငံသို့ အင်အားပြင်းထန်သည့် တိုင်ဖုန်းမုန်တိုင်း ဝင်ရောက် စာ » ၁၄



# ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေသစ် နှင့် မြို့တော်သူ မြို့တော်သားများ

တင်ဝင်းလေး(ကြည့်မြင်တိုင်)



ဓာတ်ပုံ-ဘော်ဂါသွေး

ယခုရက်များအတွင်း ရန်ကုန်မြို့နယ်များ၌ အသစ်ပြန်လည်ရေးဆွဲထားသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေသစ် (၂၀၁၈ ခုနှစ်)နှင့် ပတ်သက်၍ မြို့တော်သူ မြို့တော်သားများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး လိုက်နာနိုင်ကြစေရန် ရှင်းလင်းပွဲများ ပြုလုပ်လျက်ရှိနေသည်ကို တွေ့ရသည်။ "သိကောင်းစရာ" လက်ကမ်းစာစောင်ငယ်များကိုလည်း ဝေငှပေးလျက်ရှိသည်။

လက်ကမ်းစာစောင်ငယ်တွင် "ကော်မတီဖွဲ့စည်းခြင်း"၊ "ရွေးချယ်တင်မြှောက်ခြင်း"၊ "ကော်မတီ၏လုပ်ငန်းတာဝန်များ"နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဖောက်ဖျက်ကျူးလွန်ပါက "ပြစ်မှု- ပြစ်ဒဏ်" များကို ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

ဒဏ်ငွေအားဖြင့် ငွေကျပ်တစ်သောင်း အနိမ့်ဆုံးမှသည် ငွေကျပ်သိန်း ၅၀ အထိ ပေးဆောင်ရမည့် ပြစ်ဒဏ်များကို တွေ့ရှိရသကဲ့သို့ အနိမ့်ဆုံး ထောင်ဒဏ်သုံးလမှ အမြင့်ဆုံးထောင်ဒဏ် တစ်နှစ်အထိ အပြစ်ပေးနိုင်ပေး အရေးယူနိုင်သော ပြစ်မှုပြစ်ဒဏ်များကို တွေ့ရသည်။ အချို့သောပြစ်မှုများ၌ ထောင်ဒဏ်၊ ငွေဒဏ် နှစ်ရပ်စလုံးကိုဖြစ်စေ ပေးနိုင်ကြောင်း ဖော်ပြထားမှုအရ သိရသည်။

ဥပမာ-"အများပြည်သူနှင့် သက်ဆိုင်သောနေရာနှင့် လမ်းများပေါ်သို့ ကွမ်းတံတွေးထွေးခြင်း၊ အညစ်အကြေးစွန့်ပစ်ခြင်းနှင့် အိမ်မွေးတိရစ္ဆာန် အညစ်အကြေးများ စွန့်ပစ်ခြင်း"က အစ ပြစ်ဒဏ်များရှိသည်။ ထိုပြစ်မှုများကျူးလွန်ပါက ငွေဒဏ် ကျပ်သုံးသောင်းမှ ကျပ်ငါးသောင်းအထိ ချမှတ်အပြစ်ပေးနိုင်သည်ကို တွေ့ရသည်။

"ခြံထွက်အမှိုက်နှင့် မီးဖိုချောင်ထွက် အမှိုက်မဟုတ်သော အိမ်သုံးစွန့်ပစ်ပစ္စည်းများကို ကော်မတီက သီးသန့်သတ်မှတ်ထားသည့် ညွှန်ကြားချက်အတိုင်း စွန့်ပစ်ခြင်းမှအပ သာမန်အမှိုက်စွန့်ပစ်ရန် စီမံထားရှိသည့် အမှိုက်ပုံး၊ အမှိုက်ကန်နှင့် အမှိုက်ပုံရန် သတ်မှတ်ထားသည့် နေရာတွင် လည်းကောင်း၊ အခြားနေရာတွင် လည်းကောင်း စွန့်ပစ်ခြင်း မပြုရ" ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

၎င်းပြစ်မှုကို ကျူးလွန်ပါက ငွေဒဏ်ကျပ် ငါးသောင်းမှ ကျပ်သုံးသိန်းအထိ ချမှတ်နိုင်သည်ကို တွေ့ရသည်။

ထို့အပြင် "အဆောက်အအုံမြေညီထပ်နှင့် အထပ်အလွှာအဆင့်ဆင့်မှ အမှိုက် သို့မဟုတ် စက်ဆုပ်ဖွယ်အရာကို ရေမြောင်းအတွင်းသို့ဖြစ်စေ၊ အများပြည်သူနှင့် သက်ဆိုင်သော လမ်းပေါ်သို့ ဖြစ်စေ၊ ခြံဝင်းအတွင်းသို့ ဖြစ်စေ၊ နောက်ဖေးလမ်းကြားသို့ ဖြစ်စေ လှဲချခြင်း၊ ပစ်ချခြင်း၊ သွန်ချခြင်း၊ ကျရောက်စေခြင်း သို့မဟုတ် စွန့်ပစ်ခြင်းကိုလည်း ငွေဒဏ်ကျပ် သုံးသောင်းမှ သုံးသိန်းအထိ ဖြစ်စေ၊ ထောင်ဒဏ်သုံးလအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်ရမည်"ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

ထပ်မံ၍ "လမ်းဘေးရေမြောင်းငယ်၊ ရေမြောင်းကြီး၊ မြစ်နှင့် မြစ်ထွက်ပေါက်များ၊ ချောင်းများအတွင်းသို့ စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများ စီးဝင်စေခြင်း၊ စွန့်ပစ်ခြင်း၊ ပိတ်ဆို့ခြင်း" ပြုလုပ်ပါက ငွေဒဏ် ကျပ်ငါးသောင်းမှ ကျပ်သုံးသိန်းအထိ ပြစ်ဒဏ်များပေးနိုင်သည်ကို တွေ့ရသည်။

ထို့အပြင် "မြို့ပြ စီမံကိန်းနှင့် မြေများ စီမံခန့်ခွဲခြင်းဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်ဒဏ်များ"၊ "ပန်းဥယျာဉ်နှင့်

**အချပ်ပို (ဃ) သို့**



# မြို့ပြခရီးသွားကဏ္ဍ ကတ်စနစ်တစ်ခု ပါဝင်မှု

ထင်ပေါ်ဝင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ရန်ကုန်မြို့ရှိ ပြည်သူများအား သွားလာရေးအဆင်ပြေစေရန် မြို့တွင်းပြေးဆွဲပေးနေသည့် ဝိုင်ဘီအက်စ်ယာဉ်များ။

**ကားမှတ်တိုင်တွင် ရပ်တန့်ထားသော ဝိုင်ဘီအက်စ်တစ်စီးပေါ်တက်ရင်း ယာဉ်ပေါ်မှ အသံတစ်သံကြောင့် လက်ထဲတွင် ဆုပ်ကိုင်ထားသော နှစ်ရာတန်ကို အသံရှင်၏လက်တွင်းသို့ အလိုက်သင့် ထည့်ပေးလိုက်မိသည်။ အသံရှင်က လက်ထဲတွင် တစ်ထောင်တန် ငွေစက္ကူကို လက်တွင်ကိုင်ရင်း မိမိနောက်မှ ကားပေါ်လိုက်တက်လာသူထံမှ ငွေနှစ်ရာကျပ်ကို ထပ်မံတောင်းယူလိုက်သည်။ ဤကား ဝိုင်ဘီအက်စ်ကို နေ့စဉ်စီးနေသူတို့ ကြုံတွေ့နေရသော ငွေအကြွေအခက်အခဲပင်ဖြစ်သည်။**

ဝိုင်ဘီအက်စ်၏ ရပ်တည်မှုက အချိန်ကာလတစ်ခုရောက်သည့်တိုင်အောင် ငွေအကြွေပြဿနာက အခက်အခဲရှိနေဆဲပင် ဖြစ်သည်။ ကြိုတင်ငွေပေးချေမှုကတ်စနစ်က ယနေ့ထက်တိုင် အကောင်အထည်မပေါ်သေးပေ။ ရန်ကုန်တိုင်းဒေသကြီး၏ သယ်ယူပို့ဆောင်သွားလာရေးတွင် ငွေအကြွေရှားပါးမှုက ဖြေရှင်းရန်ကြန့်ကြာနေသော ပုစ္ဆာတစ်ပုဒ်နှယ်။

"ရန်ကုန်မြို့မှာ တစ်ချိန်က ဘီအမ်ကားတွေ၊ တကယ့်ကို ဂျုံးဂျုံးကျနေတဲ့ ကားစုတ်တွေ၊ လက်ယာကပ်မောင်းမှာ ဘယ်ဘက်က ဆင်းနေရတဲ့ တံခါးပေါက်တွေကို ပြန်ပိတ်ပြီး လက်ယာဘက်ကို အပေါက်သစ်တွေ ဖောက်ထားရတဲ့ ကားမျိုးတွေကိုတော့ တဖြည်းဖြည်း ရန်ကုန်မြို့ရဲ့မြင်ကွင်းတွေထဲကနေ လျော့ပါးသွားနေတယ်ဆိုတာကတော့ လက်တွေ့ပြသနေတာပဲ ဖြစ်ပါတယ်။ ဒီအခြေအနေတွေကို တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီ့အပြင် သယ်ယူပို့ဆောင်ရေး စနစ်နဲ့ ပတ်သက်ပြီး ရန်ကုန်မြို့တွင်း အများပြည်သူသွားလာနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေး လုပ်ငန်းကဏ္ဍနယ်ပယ်ကို တိုးမြှင့်ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ဩဂုတ် ၂၄ ရက်က ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒုတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များ သတင်းစာရှင်းလင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ဝိုင်ဘီအက်စ်ကို မွေးဖွားခဲ့သည်။ တစ်ဦးချင်း ပိုင်ဆိုင်မှုကို အခြေခံစုဖွဲ့တည်ဆောက်မှုအစား အများပိုင်ကုမ္ပဏီဖွဲ့ကာ စနစ်တကျစီမံပြေးဆွဲနိုင်သော စနစ်တစ်ရပ်ကို ဖော်ဆောင်ခဲ့သည်။ ဝိုင်ဘီအက်စ်စနစ်သစ် စတင်စဉ်ကာလက တစ်ဦးချင်းပုဂ္ဂလိကပိုင်ယာဉ်အများစုနှင့် ကုမ္ပဏီပိုင်ယာဉ်များအား စုပေါင်း၍ ကုမ္ပဏီနှင့် ယာဉ်လိုင်းအဖွဲ့ပေါင်း ၂၆ ဖွဲ့ဖြင့် ယာဉ်ခရီး စဉ်လမ်းပေါင်း (၇၆)လမ်းတွင် ယာဉ်အစီးရေ ၃၉၅၆ စီးဖြင့် ပြေးဆွဲခဲ့သည်။ ထိုစဉ်က ခရီးသည် ၁ ဒသမ ၃ သန်းကျော် သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

ရန်ကုန်လူထု အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လုံခြုံစိတ်ချပြီး သက်သောင့်သက်သာဖြစ်စေမည့် ယာဉ်အစီးရေတစ်ထောင်ကျော်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြည်းဆည်းပေးခဲ့သည်။ ကုမ္ပဏီပိုင်ယာဉ်များ ဖြစ်ပေါ်လာစေရေးအတွက် အားပေးမှုကြောင့် အိုးမီနီဖိုးကတ်စ်နှင့် လူထုမိတ်ဆွေကုမ္ပဏီတို့က ယာဉ်အစီးရေတစ်ထောင် ဖြည့်တင်းပြေးဆွဲခဲ့ကြသည်။ ဇန္ဒူလကုမ္ပဏီလီမိတက်(ပါရမီ)နှင့် အခြားကုမ္ပဏီများကလည်း ခေတ်မီစီးတီးဘတ်ယာဉ်သစ်များ ဝယ်ယူပြေးဆွဲခဲ့ကြသည်။ ထိုသို့ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့် တစ်နှစ်ကျော်ကာလအတွင်း ပုဂ္ဂလိကပိုင်ယာဉ်များနေရာတွင် ကုမ္ပဏီပိုင် စီးတီးဘတ်စ်ယာဉ်ကြီးများအများစုဖြင့် အစားထိုးပြေးဆွဲနိုင်ခဲ့သည်။

ရန်ကုန်မြို့တော်ကြီး၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဝိုင်ဘီအက်စ်စနစ်ပြောင်းလဲပြီး တစ်နှစ်ကျော်ကာလဖြစ်သည့် ၂၀၁၈ ခုနှစ် မတ်လ၌ ကုမ္ပဏီနှင့် ယာဉ်လိုင်းအဖွဲ့ပေါင်း ၂၅ ဖွဲ့မှ နေ့စဉ်ယာဉ်အစီးရေ ၄၅၀၀ ခန့်ဖြင့် ခရီးစဉ်လမ်းပေါင်း ၁၀၃ လမ်းတွင် တစ်လလျှင် ခရီးသွားပြည်သူ ၅၂ သန်းကျော်၊ ခရီးသွားပြည်သူ ၁ ဒသမ ၇ သန်းအား သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

> "ဝိုင်ဘီအက်စ်၏ ရပ်တည်မှုက အချိန်ကာလတစ်ခုရောက်သည့်တိုင်အောင် ငွေအကြွေပြဿနာက အခက်အခဲရှိနေဆဲပင် ဖြစ်သည်။ ကြိုတင်ငွေပေးချေမှု ကတ်စနစ်က ယနေ့ထက်တိုင် အကောင်အထည် မပေါ်သေး"



ဝိုင်ဘီအက်စ်စနစ်သစ်တွင် ယာဉ်အိုယာဉ်ဟောင်းများကို အများပြည်သူသယ်ယူပို့ဆောင်မှုအခန်းကဏ္ဍမှ လျှော့ချခဲ့ရာ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ၁၉၉၆၊ ၁၉၉၇၊ ၁၉၉၈ ခုနှစ် ထုတ်လုပ်သော ခရီးသည်တင်မော်တော်ယာဉ်များအား ယာဉ်လိုင်းများတွင် ပြေးဆွဲခြင်းမှ ရပ်ဆိုင်းခဲ့သည်။

မြို့တော်ရန်ကုန်ရှိ ခရီးသည်တင်ယာဉ်ကြီးများ မောင်းနှင်သွားလာမှုတွင် ထိန်းသိမ်းကြပ်မတ်ရန် နေရာပြစနစ်တပ်ဆင်၍ ရန်ကုန်ဘတ်စ်အော်ပရေတာများက ယာဉ်များစည်းကမ်းတကျရှိရေး ကြီးကြပ်နိုင်ခဲ့သည်။ ယာဉ်ပေါ်တွင် စီစီတီဗွီများ တပ်ဆင်ခြင်းဖြင့် ခရီးသွားများအတွက် ပိုမိုကောင်းမွန်သော လုံခြုံရေးဝန်ဆောင်မှုကို ပေးနိုင်ခဲ့သည်။ ထို့ပြင် အသံဖိုင်စနစ်တပ်ဆင်၍ ရောက်ရှိမှတ်တိုင်အသိပေးခြင်းကို စမ်းသပ်လျက်ရှိသည်။ တိုင်ကြားမှုလက်ခံဌာနဖွင့်လှစ်၍ ပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ မော်တော်ယာဉ်အသုံးပြုစစ်ဆေးရေးအဖွဲ့ သုံးဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ ဝန်ထမ်းများပါဝင်သော စစ်ဆေးရေးအဖွဲ့ ၁၀ ဖွဲ့ဖြင့်လည်း စည်းကမ်းဖောက်ဖျက်မှုများအား အရေးယူခဲ့သည်။

ရန်ကုန်မြို့တွင် ကုန်သေတ္တာတင်ကာ မောင်းနှင်သွားလာနေသည့် ကုန်တင်ယာဉ်ကြီးများနှင့် ပတ်သက်၍ "သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး ကုန်သေတ္တာကားတွေကို ညဘက်မှာထွက်ဖို့အတွက်လည်း ဆောင်ရွက်ခဲ့ပါတယ်။ တစ်ခါတုန်းက ရန်ကုန်မြို့ထဲမှာ ကုန်သေတ္တာကားတွေဟာ နေ့ခင်းပိုင်းကိုပါ ဝင်ထွက်သွားလာနေတာဖြစ်တဲ့အတွက် ယာဉ်ကြောပိတ်ဆို့မှုတွေကို ပိုပြီးဖြစ်စေပါတယ်။ ဒါကြောင့်မို့လို့ ညဘက်မှာပဲ မြို့တွင်းမှာရှိတဲ့ ဆိပ်ကမ်းတွေကို ကုန်စည်စီးဆင်းနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ နေ့ခင်းမှာ အရေးပေါ်သယ်ယူဖို့ လိုအပ်တယ်ဆိုရင်လည်း ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနေ့သဘော်နဲ့ မဖြစ်မနေပါမှဖြစ်မယ်။ ဒီကုန်စည်ဟာ ဆိပ်ကမ်းကိုရောက်မှ ဖြစ်မယ်ဆိုရင်လည်း အထူးအစီအစဉ်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးခဲ့တာတွေ ရှိပါတယ်။ ရန်ကုန်မြို့ထဲမှာ အများပြည်သူ သွားလာဖို့ လွယ်ကူချောမွေ့နိုင်ဖို့ ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဩဂုတ် ၂၄ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယခုအခါ မြို့ပြအင်္ဂါရပ်နှင့်ညီစေရန် ဝိုင်ဘီအက်စ်မှတ်တိုင်အသစ်များကို ပြန်လည်ဆောက်လုပ်လျက်ရှိသည်။ ရန်ကုန်ဘူတာကြီး၊ လေဆိပ်၊ အဝေးပြေးကားဂိတ်များသို့ တစ်ဆက်တစ်စပ်တည်း ဝိုင်ဘီအက်စ်ဖြင့် ခရီးနှင်နိုင်နေပြီဖြစ်သည်။ ရထားနှင့် ကားများတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေသစ်ကို အသံဖိုင်စနစ်ဖြင့် ဖွင့်လှစ်ပေးနိုင်ပါက မြို့ပြဥပဒေသစ်များသည် ပြည်သူ့နားသို့ အလျင်အမြန် စီးမျောဝင်ရောက်နိုင်ပေလိမ့်မည်။ တစ်စီးတလေ ကျန်ရှိသော လက်ကျန် ဘတ်စ်ကားဟောင်းကြီးများမှလွဲ၍ ကျန်ဝိုင်ဘီအက်စ်အားလုံးက အေးအေးလူလူဖြင့် ခရီးသွားလိုသူတို့ကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ ရန်ကုန်မြို့ပတ်ရထားများ၊ ရန်ကုန်ဝါးတားဘတ်စ်နှင့် ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှုတို့တွင် တစ်ပြေးညီအသုံးချနိုင်သော ကြိုတင်ငွေဖြည့်ကတ်စနစ်များ ပေါ်ပေါက်လာပါက ရန်ကုန်မြို့ပြခရီးသွားတို့အတွက် ငွေအကြွေအခက်အခဲကို တစ်ခန်းရပ်နိုင်မည် ဖြစ်ပါကြောင်း . . .။ ။

# ရန်ကုန်မြို့ပြ၏ ကျက်သရေဆောင် ဆင်ဖြူတော်ဥယျာဉ်

**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

ရန်ကုန်မြို့၏ ရတနာဆင်ဖြူတော်ဥယျာဉ်သို့ နိုင်ငံခြားသား ဧည့်သည်များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ဝင်ရောက်လေ့လာလျက်ရှိသည်။ နိုင်ငံတော်၏ ဆင်ဖြူရတနာဖြစ်၍ ဝင်ကြေးကောက်ခံမှုမရှိသည့်အတွက် ပြည်တွင်း ပြည်ပမှ ဆင်ဖြူတော်သုံးစီးကို လာရောက်ကြည့်ရှုသူတို့ဖြင့် တနင်္ဂနွေနေ့ရုံးပိတ်ရက်တွင် စည်ကားလျက်ရှိသည်။ မိဘများက သားသမီးများကို ကျောက်တော်ကြီးဘုရားဖူးပြီးပါက ဆင်ဖြူတော်ဥယျာဉ်သို့ ပို့ဆောင်ပြသလျက်ရှိရာ ဆင်ကတာကို တွေ့မြင်သည်နှင့် ကလေးများမှာ ပျော်ရွှင်လျက်ရှိနေကြသည်။ အင်းစိန်မြို့နယ် မင်းဓမ္မလမ်းရှိကျောက်တော်ကြီးဘုရားကို ဖူးပြီးပါက နိုင်ငံခြားသားဧည့်သည်အချို့မှာ အနီးတွင်ရှိသော ဆင်ဖြူတော်ဥယျာဉ်သို့ လာရောက်လေ့လာ ကြည့်ရှုကြမြဲ ဖြစ်သည်။ အချို့ဧည့်သည်များမှာ ဧည့်လမ်းညွှန်နှင့်အတူ ကားများဖြင့် တိုက်ရိုက်လာရောက်လေ့လာသူများလည်း ရှိသည်။ မြန်မာတို့ အမြတ်တနိုးတန်ဖိုးထားသော ဆင်ဖြူတော်ကို ထိုင်းနိုင်ငံမှ ဧည့်သည်များလည်း စိတ်ဝင်တစား လာရောက်ကြည့်ရှုကာ အစားအစာများကျွေး၍ ဆုတောင်းကြလေ့ရှိသည်။ ရှေးမင်းများလက်ထက်က ဆင်ဖြူတော်သည် တိုင်းပြည်၏ လက်ရုံးနှင့် ဘုန်းတန်ခိုးကို ပြသခြင်းဖြစ်၍ အရှေ့တောင်အာရှတွင် ဆင်ကို အမြတ်တနိုးတန်ဖိုးထားခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ အထူးသဖြင့် မြန်မာမင်းများသည် ဆင်ဖြူတော်ကို အမြတ်တနိုး တန်ဖိုးထားလေ့ရှိသည်။

ရတနာဆင်ဖြူတော်ဥယျာဉ်ဝင်ပေါက်မှ ကျောက်တော်ကြီးဘုရားကို လှမ်းမြင်ရပြီး မင်းဓမ္မလမ်းပေါ်တွင် YBS ယာဉ်လိုင်းပြေးဆွဲသည့်အတွက် ဆင်ဖြူတော်ဥယျာဉ်သို့ လာရောက်ကြည့်ရှုလေ့လာကြသည့် ပြည်သူတို့အတွက် အဆင်ပြေလျက်ရှိသည်။ ၁၀ ပေခန့် အကျယ်ရှိသော အုတ်လမ်းအတိုင်း နှစ်မိနစ်ခန့်ဝင်ရောက်ပါက ဆင်ဖြူတော်ကြည့်ရှုရာအဆောင်ကို ရောက်ရှိပြီး ဆင်ဖြူတော်သုံးစီး၏သမိုင်းကြောင်းနှင့် ဆင်ဖြူတော်ကြန်အင်လက္ခဏာကို ဖော်ပြထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဆင်ဖြူတော်ကြည့်ရှုရာအဆောင်နှင့် ဆင်ဖြူတော်သုံးစီးထားရှိရာ အဆောင်ကြားတွင် ပေ ၈၀×၁၅၀ အကျယ်ရှိသော မြက်ခင်းပြင်ကို ထားရှိပြီး ဆင်ဖြူတော်ကို ကြံနှင့်အသီးအနှံများ ကျွေးလိုပါက ဆင်ဦးစီးများကိုယ်တိုင် ယူဆောင်၍ ကျွေးမွေးလေ့ရှိသည်ကို တွေ့ရသည်။ ဆင်ဖြူတော်ဟူသော စကားနှင့်အညီ ကြန်အင်လက္ခဏာပြည့်စုံမှုကြောင့် နိုင်ငံခြားသားများ လာရောက်လေ့လာခြင်းဖြစ်မည်။ ထိုင်းနိုင်ငံသားများ အများဆုံးလာရောက်လေ့လာလျက်ရှိပြီး ဝိုင်းဝန်းဆုတောင်းပြီး အစာကျွေးလေ့ရှိသည်ကို တွေ့ရသည်။

ဆင်ဖြူတော်သုံးစီးတွင် ပထမဆုံးစတင်ဖွင့်လှစ်ပြသခဲ့သော ဆင်ဖြူတော်မှာ စွယ်စုံအထီးဖြစ်သော ရာဇဂဟသီရိပစ္စယ ဂဇရာဇာဆင်တော်ဖြစ်သည်။ ရှစ်နှစ်သားအရွယ်တွင် ရောက်ရှိခဲ့ပြီး ထိုဆင်ဖြူတော်အထီးဖြင့် ဆင်ဖြူတော်ဥယျာဉ်ကို ၂၀၀၁ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် ဆင်ဖြူတော်အဆောင်ကြီး တည်ဆောက်မှု ပြီးစီးခဲ့၍ ဆက်လက်ရောက်ရှိလာသော ဆင်ဖြူတော်နှစ်စီးဖြင့် ဆင်ဖြူတော်သုံးစီးကို ၂၀၀၂ ခုနှစ်တွင် တင့်တယ်လှပစွာဖြင့် ထားရှိကာ အခမ်းအနားဖြင့် ဆင်ဖြူတော်အပ်နှင်းပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ဆင်ဖြူတော်ကို သစ်တောဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။



ဆင်ဖြူတော်သုံးစီး၏ ကျန်းမာရေးကို စောင့်ရှောက်လျက်ရှိသည့် တိရစ္ဆာန်ဆရာဝန် ဒေါက်တာခင်မောင်ဝင်း

ဆင်ဖြူတော်သုံးစီး၏ ကျန်းမာရေးကို အနီးကပ်စောင့်ရှောက်လျက်ရှိသော တိရစ္ဆာန်ဆရာဝန် ဒေါက်တာခင်မောင်ဝင်းက "ဆင်ဖြူတော်ဆိုတာ မြင့်မြတ်မင်္ဂလာရှိတဲ့ အကြောင်းအရာတစ်ခုဖြစ်ပေါ်ဖို့ အတိတ်နိမိတ်ပေးတယ်လို့ သက်သေထားတာပါ။ မြတ်စွာဘုရား ပဋိသန္ဓေတည်တဲ့အခါမှာ မိခင်ရဲ့ဝမ်းကြာတိုက်မှာ ဆင်ဖြူတော်ကိန်းဝပ်တယ်လို့ အိပ်မက်မက်တာကြောင့် ကောင်းကျိုးမင်္ဂလာဖြစ်တဲ့အတွက် ဆင်ဖြူတော်ကို မြန်မာဘုရင်တွေ မြတ်နိုးတန်ဖိုးထားခဲ့ကြတာပါ။ ဆင်ဖြူတော်ပေါ်ခြင်းဟာ နောင်တစ်ချိန်မှာ မြင့်မြတ်တဲ့ပုဂ္ဂိုလ်ပေါ်လိမ့်မယ်ဆိုတဲ့ အတိတ်နိမိတ်လို့ ရှေးမင်းတွေက ယူဆကြပါတယ်။ ဆင်ဖြူတော်နဲ့ သာမန်ဆင်ဟာ လုံးဝမတူကွဲပြားပါတယ်။ မျက်လုံး၊ ခြေသည်း၊ လက်သည်း၊ အသားအရောင်ကအစ ကွဲပြားပါတယ်။ ဆင်ဖြူတော်လက္ခဏာ ကြန်အင်ရှစ်ချက်ရှိပါတယ်။ အခုဆင်ဖြူတော်ကိုတွေ့လို့ ရှေးကအတိုင်း ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်။ ဆင်ဖြူတော်ရောက်ရှိပြီးနောက်ပိုင်းမှာ ကောင်းတဲ့အဆင့် မရောက်သေးပေမယ့် ပြောင်းလဲမှုတွေဖြစ်လာတဲ့ သဘောကို တွေ့ရပါတယ်။ မြန်မာဘုရင်တွေယုံကြည်ခဲ့သလို ကောင်းတဲ့ အတိတ်နိမိတ်တွေ ဖော်ဆောင်မှာပါ"ဟု ပြောကြားသည်။

## ရာဇဂဟသီရိပစ္စယ ဂဇရာဇာဆင်ဖြူတော်-အထီး

ရန်ကုန်မြို့သို့ ပထမဆုံးစတင်ရောက်ရှိသော ဆင်ဖြူတော်ဖြစ်ပြီး ၂၀၀၁ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ရောက်ရှိသော စွယ်စုံအထီးဖြစ်သည်။ ရှစ်နှစ်သားတွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ အသက်(၂၅)နှစ်ရှိပြီဖြစ်ပြီး အရပ်အမြင့်မှာ ကိုးပေနှင့် လုံးပတ်မှာ ၁၃ ပေ ၇ လက်မဖြစ်သည်။ ကျောပြင်သည် ဆင်ဖြူတော်တို့ လက္ခဏာအတိုင်း ငှက်ပျောကိုင်းပုံသဏ္ဌာန်ဖြစ်သည်။ စွယ်စုံဖြစ်သောကြောင့် ဘယ်ဘက်/ညာဘက်လုံးပတ်မှာ ၁၂ လက်မ၊ အလျားမှာ ၂ ပေ ၁၁ လက်မစီရှိပြီး တစ်နှစ်လျှင် အစွယ် လေးလက်မရှည်ထွက်သောကြောင့် ထိပ်ပိုင်းကို ဖြတ်ထားရသည်။ နားရွက်ကြီးပြီး မျက်လုံးမှာ ပုလဲရောင်ဖြစ်သည်။ အမြီးအရှည် ၅ ပေ ၉ လက်မရှိပြီး ဖြောင့်စင်းသွယ်တန်း၍ တံခါးပိတ်အမျိုးအစားဖြစ်သည်။ ရှေ့ခြေသည်းငါးခုစီနှင့် နောက်ခြေသည်းမှာ လေးခုစီဖြစ်သည်။ အသားအရေမှာ မိုးရာသီတွင် ပန်းရောင်သန်းသည့် အဖြူရောင်၊ ဆောင်းရာသီတွင် အုန်းခွံရောင်သန်းသည့် အဖြူရောင်ဖြစ်သည်။ အမွေးအမှင်မှာ အဖြူရောင်ဖြစ်ပြီး ဆင်ဖြူတော်အထီးကို ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အထက်နန်းရာအုပ်စုမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

## သိင်္ဂီမာလာဆင်ဖြူတော်-အမ

ရန်ကုန်မြို့သို့ ဒုတိယရောက်ရှိသော ဆင်ဖြူတော်ဖြစ်ပြီး ၂၀၀၂ ခုနှစ် မေ ၅ ရက် တွင်ရောက်ရှိ၍ ခြေထောက်တွင် ဒဏ်ရာပါရှိသောကြောင့် လှော်ကားဥယျာဉ်တွင် တစ်လကုသပျောက်ကင်းခဲ့ရာ ဆင်ဖြူတော်ဥယျာဉ်သို့ မေလတွင် ရောက်ရှိခဲ့သည်။ဆင်ဖြူတော်၏အသက်မှာ (၄၁)နှစ်ဖြစ်ပြီး အရပ်မှာ ၇ ပေ ၉ လက်မခွဲရှိ၍ လုံးပတ်မှာ ၁၂ ပေရှိသည်။ ကျောပြင်မှာ ငှက်ပျောကိုင်းပုံသဏ္ဌာန်ဖြစ်ပြီး အစွယ်မှာသစ်ခွံထိုးအရွယ် စွယ်စုံဖြစ်သည်။ နားရွက်မှာ ကြီးမားကျယ်ပြန့်၍ ကြေးစည်ပုံသဏ္ဌာန်ရှိသည်။ ပုလဲရောင်တောက်ပသော မျက်လုံးရှိကာ အမြီးအရှည်မှာ အလျား ၃ ပေ ၇ လက်မရှိသည်။ ခြေသည်းမှာ ရှေ့နောက် လေးခုစီပါရှိပြီး ခွာအိုးမှာပန်းနုရောင်ရှိသည်။ အသားအရေမှာ ပန်းနုရောင်ဖြစ်၍ ရေနှင့်ထိပါက ပို၍တောက်ပြောင်သော ပန်းနုရောင်သို့ ပြောင်းလဲသွားသည်။ အမွေးအမှင်မှာ အဖြူရောင်ရှိပြီး ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကိုင်းကြီးချောင်းဖျားမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

## ရတီမာလာဆင်ဖြူတော်-အမ

ရန်ကုန်မြို့သို့ နောက်ဆုံးရောက်ရှိသော ဆင်ဖြူတော်ဖြစ်ပြီး ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ရောက်ရှိခဲ့သည်။ အသက်မှာ(၂၀)ရှိ၍ အရပ်မှာ ၇ ပေ ၅ လက်မ အမြင့်ရှိကာ လုံးပတ်မှာ ၁၀ ပေ ၈ လက်မဖြစ်သည်။ ငှက်ပျောကိုင်းကျောကုန်းပုံသဏ္ဌာန်ရှိပြီးအစွယ်မှာ သစ်ခွံထိုးအရွယ်စွယ်စုံဖြစ်သည်။ ကြေးစည်ပုံနားရွက်ရှိ၍ မျက်လုံးမှာပုလဲရောင်တောက်ပလျက် အမြီးအရှည်မှာ အလျား ၄ ပေ ၄ လက်မရှိသည်။ ရှေ့ခြေသည်းငါးစုံနှင့် နောက်ခြေသည်းမှာ လေးစုံရှိပြီး အသားအရေမှာ ပန်းနုရောင်ဖြစ်သည်။ အမွေးအမှင်မှာ အဖြူရောင်ဖြစ်ကာ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကင်းချောင်းဖျားမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယခုအခါ အင်းစိန်မြို့ ကျောက်တော်ကြီးဘုရားအနီး မင်းဓမ္မလမ်းမကြီးဘေးရှိ ရတနာဆင်ဖြူတော်ဥယျာဉ်တော်တွင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသလျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် တရုတ်ပြည်မှ ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်မြို့ကမ္ဘာအေးလှိုင်ဂူသို့ ပင့်ဆောင်ရာ၌ သိင်္ဂီမာလာဆင်ဖြူတော်မှာ မုခ်ဦးဝမှ ဦးခိုက်ကြိုဆိုကာ ပန်းရထားနောက်မှ လိုက်ပါပို့ဆောင်ကုသိုလ်ရယူခဲ့သော ဆင်ဖြူတော်ဖြစ်၍ မြန်မာပြည်အတွက် ဂုဏ်တင့်စေခဲ့ပေသည်။

ဆင်ဖြူတော်ဟူသည် ရှေးအစဉ်အဆက်ပညာရှိများက မျက်လုံးပုလဲရောင်၊ ခွာအဖြူရောင်၊ ငှက်ပျောကိုင်းသဏ္ဌာန် ကျောကုန်းနှင့် ကျွဲဖြူကဲ့သို့ အမွေးရောင်ရှိပြီး အမြီးမှာ တံခါးပိတ်ပုံဖြစ်သည်။ စွယ်စုံပါရှိရမည်ဖြစ်ပြီး သာမန်ဆင်များထက် နားရွက်ကြီးလေ့ရှိကြောင်း မိန့်ဆိုထားသည်။ ရှေးမြန်မာမင်းများ လက်ထက်တွင် မင်းကျင့်တရား(၁၀)ပါးနှင့်ညီညွတ် ပြည့်စုံသောကာလများ၌ ဆင်ဖြူတော်များ ပေါ်ထွန်းလေ့ရှိပြီး ဆန်စပါး၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ပေါ်ကြွယ်ဝပြီး ဘေးဥပဒ်အန္တရာယ်ကင်းစင်ပပျောက်ကာ နိုင်ငံအေးချမ်းသာယာလေ့ရှိသည်ဟု ရှေးပညာရှိများ မိန့်ဆိုခဲ့သည်ကို မှတ်တမ်းများတွင် တွေ့ရှိရမည်ဖြစ်သည်။ ယခုလို မြန်မာပြည်တွင် ဆင်ဖြူတော်ပေါ်ထွန်းလာခြင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာပြီး ဘေးဥပဒ်အန္တရာယ်များ ကင်းစင်ပပျောက်မည့် အတိတ်ကောင်း၊ နိမိတ်ကောင်းများသာဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။



ရန်ကုန်မြို့ရှိ ရတနာဆင်ဖြူတော်ဥယျာဉ်၌ ဆင်ဖြူတော်များကို လာရောက်ကြည့်ရှုသူများ။



> **ဝယ်မယ့်ဝယ်တော့ ရန်ကုန်လိုင်စင်ပဲ ယူတော့မှာပေါ့။ ဆောင်ရမယ့်အခွန်အခလည်း သက်သာသွားမယ်ဆိုရင် အားလုံးက စောင့်ကြမယ့်သူတွေများပါတယ်။ အသစ်မစီးဘဲ အဟောင်းတွေထဲက အသန့်ရှာစီးမယ့်သူတွေအတွက်လည်း ရန်ကုန်လိုင်စင်လာပြီးသွားရင် အခုထက် ဈေးကျသွားမယ်လို့ မျှော်လင့်ရတယ်**
>
> **ကားဈေးကွက်ကျွမ်းကျင်သူတစ်ဦး**

# ရန်ကုန်လိုင်စင်မျှော်ရင်း

## အရောင်းအဝယ်ရှားပါးလာနေသည့် ရန်ကုန်ကားဈေးကွက်

.............. **မင်းသော်** ..............

ရန်ကုန်လိုင်စင်ကို YVQC စနစ်ဖြင့် ချထားပေးမည်ဟု သတင်းစကားများ ထွက်ပေါ်လာခြင်းကြောင့် ကားဈေးကွက်အတွင်း အရောင်းအဝယ်များ အတော်အေးစက်သွားခဲ့ကြောင်း ကားလောကအတွင်းက သိရှိရသည်။

"ကားဈေးတွေကတော့ အရင်အတိုင်း တန့်နေပါတယ်။ ဒါပေမယ့် ရန်ကုန်လိုင်စင်ကို YVQC စနစ်နဲ့ ချပေးမယ်ဆိုပြီး သတင်းတွေ ထွက်လာပါတယ်။ ဒါကြောင့် လက်ရှိအရောင်းအဝယ်က အေးစက်သွားတာ။ အောက်တိုဘာလအတွင်းမှာ အကောင်အထည်ဖော်မယ်ဆိုပြီး သတင်းတွေကြားရတယ်။ အဲဒီလို သတင်းထွက်နေတာကတော့ ခဏခဏပဲ။ ဒီတစ်ခါတော့ အတည်ဖြစ်မယ်ထင်ပါတယ်။ အခုလို ရန်ကုန်လိုင်စင်ချထားမယ်ဆိုရင် ကားသစ်တွေနဲ့ စတီကားတွေ အရောင်းအဝယ်ပိုပြီး အေးလောက်တယ်"ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုမျက်မှန် (ကိုအောင်မျိုးခိုင်) က ပြောသည်။

ပြီးခဲ့သည့်သီတင်းပတ်က နယ်လိုင်စင်အချို့အရောင်းအဝယ်ဖြစ်ခဲ့ပြီး နယ်ဝယ်လက်များလည်းဆင်းကာ ဝယ်ယူမှုအားကောင်းခဲ့သော်လည်း ပြီးခဲ့သည့် ဩဂုတ် ၂၄ရက်က အောက်တိုဘာလအတွင်း ရန်ကုန်လိုင်စင်များ ချထားပေးမည်ဟု သတင်း ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

"ဒီနေ့ ရုံးဖွင့်ရက်တွေမှာတော့ အရောင်းအဝယ်က လုံးဝမရှိသလောက်ဖြစ်သွားတယ်။ ရန်ကုန်လိုင်စင် စောင့်ကြမယ့်သဘောရှိပါတယ်။ စတီကားတွေဆိုရင် အရောင်းအဝယ်လုံးဝမရှိသလောက်ပါပဲ"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

"ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစိုးရအဖွဲ့ရဲ့ နှစ်နှစ်တာအစီရင်ခံစာ တင်ပြတဲ့ ရှင်းလင်းပွဲမှာ ပြောခဲ့တာကြောင့် အခုလို အရောင်းအဝယ်တွေ အေးသွားတာပါ။ တကယ်ဖြစ်လာမယ်လို့လည်း ထင်ပါတယ်။ ဒါပေမယ့် ကားလောကက မှန်းသလို မဖြစ်တာလည်း ဖြစ်သွားတတ်တယ်။ ဒါကြောင့် အောက်တိုဘာလအထိတော့ စောင့်ကြည့်ရဦးမယ်"ဟု သူက ဆက်ပြောသည်။

ထို့ပြင် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းများမှာလည်း ဒေါ်လာဈေးနှုန်းမြင့်မားခြင်းကြောင့် ရပ်တန့်နေပြီး လက်ရှိတွင် ကားသန့်များ ကြိုက်ရောင်း ကြိုက်ဝယ်ဖြင့် အရောင်းအဝယ်ဖြစ်နေသည်ကိုလည်း မြင်တွေ့ရသည်။ "ဝယ်မယ့်ဝယ်တော့ ရန်ကုန်လိုင်စင်ပဲ ယူတော့မှာပေါ့။ ဆောင်ရမယ့်အခွန်အခလည်း သက်သာသွားမယ်ဆိုရင် အားလုံးက စောင့်ကြမယ့်သူတွေများပါတယ်။ အသစ်မစီးဘဲ အဟောင်းတွေထဲက အသန့်ရှာစီးမယ့်သူတွေအတွက်လည်း ရန်ကုန်လိုင်စင်လာပြီးသွားရင် အခုထက် ဈေးကျသွားမယ်လို့ မျှော်လင့်ရတယ်"ဟု ကားဈေးကွက် ကျွမ်းကျင်သူတစ်ဦးက ပြောသည်။ ။

**ယခုသီတင်းပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် အနီးစပ်ဆုံးဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| CRV | 2010 | ရန်ကုန် | 2000cc | အပြင်ဈေး | ၅၉၀ |
| RVR | 2011 | ရန်ကုန် | 1800cc | အပြင်ဈေး | ၃၉၀ |
| Vitz | 2011 | နယ် | 1300cc | အပြင်ဈေး | ၁၄၈ |
| Crown | 2010 | ရန်ကုန် | 3000cc | အပြင်ဈေး | ၆၅၅ |
| Civic | 2007 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၀ |
| Insight | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၁၉ |
| Probox | 2010 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၆၀ |
| Fit | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၈၅ |
| AD Van | 2010 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၄၀ |
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၇၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

---

**အချပ်ပို (က) မှ**

အားကစားကွင်းဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ"၊ "အဆောက်အအုံဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ"၊ "အခွန်အခ စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ"၊ "လမ်း၊ တံတား၊ စကြံနှင့် ရေမြောင်းများဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ"၊ "ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ"၊ ရေနုတ်မြောင်းများဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ"၊ "မိလ္လာနှင့် ရေဆိုးသိမ်းဆည်းသန့်စင်စွန့်ပစ်ခြင်းဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ"၊ "ကျန်းမာရေးဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ"၊ "ဈေးများဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ"၊ "တိရစ္ဆာန်မွေးမြူခြင်း၊ အသားထုတ်လုပ်ခြင်း၊ ရောင်းချခြင်းဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ"၊ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆန့်ကျင်ရေးဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ"၊ "စီမံခန့်ခွဲရေးဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ" ဟု ခေါင်းစဉ်ကြီး ၁၃ ရပ်ကို တွေ့ရှိရသည်။

ဤနေရာတွင် မြို့တော်သူ မြို့တော်သားများအနေဖြင့် ဥပဒေအရ ဖောက်ဖျက်ကျူးလွန်ပါက အရေးယူရန်သာရှိပြီး ဌာနဆိုင်ရာအနေဖြင့် အခွန်ထမ်းမြို့တော်သူ မြို့တော်သားများအပေါ် တာဝန်မကျေပွန်မှု၊ ပျက်ကွက်မှုများရှိပါက တင်ပြရန် သို့မဟုတ် တိုင်ကြားရန် "သိကောင်းစရာများ" အဖြစ် ဖော်ပြပါရှိခြင်း မရှိသည်ကို ဝေဖန်မှုများရှိနေခဲ့သည်။

သို့သော် ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းက ကြည့်မြင်တိုင်မြို့နယ် အထက(၁) မြဝတ်ရည်ခန်းမ၌ ပြုလုပ်သော ရှင်းလင်းပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေသစ် ရေးဆွဲရာတွင် ပါဝင်ခဲ့သူ လသာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်က "ဥပဒေလို့ပြောရင် အချို့လူတွေက ဆိုကြပါတယ်။ ဒီဥပဒေက ပြည်သူလူထုကို ဖိနှိပ်တာပဲ၊ ပြည်သူလူထုကို နှိပ်ကွပ်တာပဲလို့ စဉ်းစားကြတယ်၊ ပြောလေ့ရှိကြတယ်။ ဒါပေမယ့် ဒီဥပဒေသစ်မှာ ပြည်သူတွေကို အကာအကွယ်ပေးထားတဲ့အချက်တွေရှိပါတယ်။ ဥပမာ- အိမ်တစ်လုံးဆောက်မယ်ဆိုပါတော့ သတ်မှတ်ထားတဲ့ကာလ ပြဋ္ဌာန်းထားတဲ့အချက်တွေနဲ့အညီ ဌာနကို လျှောက်ထားရပါမယ်။ ဌာနကလည်း ရက်ပေါင်း ၆၀ အတွင်း လျှောက်ထားသူထံ ပြန်လည်အကြောင်းကြားရပါမယ်။ သတ်မှတ်စည်းကမ်းများနဲ့အညီ လျှောက်ထားပါလျက် ဌာနက အကြောင်းမပြန်ဘူးဆိုရင် ဘာလုပ်မလဲ၊ ရပ်ထားရမှာလား။ ဆက်ဆောက်ရမှာပဲ၊ စည်းကမ်းနဲ့အညီ လျှောက်ထားပါလျက် ဌာနကအကြောင်းမပြန်ရင် အဲဒီလျှောက်ထားချက်က ဥပဒေနဲ့အညီ လျှောက်ထားခြင်းဖြစ်တယ်လို့ မှတ်ယူပြီး ဆောက်လုပ်ခွင့်ရှိသည်ဟု မှတ်ယူရပါမယ်" ဟု ရှင်းလင်းမှုတွင် ထည့်သွင်းပြောကြားခဲ့သည်။

တစ်ဖန် ၂၀၁၈ စည်ပင်ဥပဒေသစ်တွင် ကော်မတီကို ၁၁ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး မြို့တော်ဝန်(သို့မဟုတ်) ဥက္ကဋ္ဌကို နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးမည်ဖြစ်ပြီး လေးဦးကို အစိုးရအဖွဲ့က ခန့်အပ်မည်ဖြစ်သည်ဟု ဖော်ပြထားသည်။

ကော်မတီတွင် အများပြည်သူများက ရွေးချယ်တင်မြှောက်သူ ခြောက်ဦးပါရှိမည်ဖြစ်ပြီး ရွေးချယ်ခံရသူ ခြောက်ဦးအနက်မှ တစ်ဦးသည် ဒုတိယဥက္ကဋ္ဌဖြစ်လာမည်ဖြစ်သည်။ ဒီမိုကရေစီသဘောအရ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်ဦးရေ ပိုမိုများပြားစေခြင်းဖြစ်သည်။

တစ်ဖန် ဆန္ဒမဲပေးရာတွင် ၂၀၁၃ ခုနှစ်က အိမ်ထောင်စုတစ်စုလျှင် တစ်ဦးသာ ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး ယခုဥပဒေသစ်တွင် အသက် (၁၈)နှစ်ပြည့်သူ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးခွင့်ရှိလာမည်ဖြစ်သည်။ ထို့အပြင် အသက် ၂၅ နှစ်ပြည့်ပြီး ဥပဒေပါ အရည်အချင်းနှင့် ကိုက်ညီသူတိုင်း ကော်မတီဝင်အဖြစ် ယှဉ်ပြိုင်အရွေးခံခွင့် ရှိလာမည်ဖြစ်သည်။

စည်ပင် ရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည်ဟု သိရသည်။ ကော်မတီ၏ သက်တမ်းသည် နိုင်ငံတော်သမ္မတ၏ သက်တမ်းနှင့် အညီဟု ဆိုထားခြင်းအတွက် နောက်ရွေးချယ်ခံ ပြည်သူ့ကိုယ်စားလှယ်များသည် သုံးနှစ်ခံ ကော်မတီများသာ ဖြစ်ပေဦးမည်။ ဥပဒေသစ်ရေးဆွဲနေခြင်းကြောင့် နှောင့်နှေးမှုများ ရှိခဲ့သော်လည်း နောက်တစ်ကြိမ် သက်တမ်း အရွေးချယ်ခံ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများအတွက် သက်တမ်းပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်မိသည်။

မြို့နယ်များတွင်လည်း မြို့နယ်စည်ပင်သာယာရေးကော်မတီများ အပြောင်းအလဲဖြစ်လာနိုင်ပြီး ပြည်သူများက ရွေးချယ်သော ပုဂ္ဂိုလ်မှာ ဥက္ကဋ္ဌဖြစ်လာမည်ဖြစ်ပြီး ထပ်မံ၍ အဖွဲ့ဝင်နှစ်ယောက်ပါဝင်လာမည်ဖြစ်သည်။ ဌာနဆိုင်ရာအနေဖြင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး(EO) က အတွင်းရေးမှူးအဖြစ် တာဝန်ယူရမည်ဖြစ်ပြီး မြို့နယ် ထွေ/အုပ် ဒုတိယဦးစီးမှူးက အဖွဲ့ဝင်အဖြစ် ပါဝင်လာကြမည်ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်၏ ရှင်းလင်းပြောကြားချက်အရ ယခင် မြို့နယ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနကြီးများ၊ ကော်မတီဝင်များထံ အဆင့်ဆင့် တောင်းခံခဲ့ရသော်လည်း ယခု ဥပဒေသစ်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ လုပ်ပိုင်ခွင့်၊ ဘဏ္ဍာငွေသုံးစွဲခွင့်နှင့် ပတ်သက်ပြီး လွတ်လွတ်လပ်လပ် တင်ပြတောင်းခံခွင့်ကို ကော်မတီက ပေးရမည်ဖြစ်ပြီး တစ်ဖက်ကလည်း ဥပဒေအရ ထိန်းချုပ်မှု၊ ထိန်းညှိမှုများရှိပြီး လက်တွေ့တွင် အလွဲသုံးစားပြုလုပ်မှုများ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်အပေါ် မလျော်ဩဇာသုံးပါက ၎င်းပုဂ္ဂိုလ်အား နိုင်ငံ့ဝန်ထမ်းဥပဒေအရ ဖြစ်စေ၊ အခြားသော တည်ဆဲဥပဒေအရ ဖြစ်စေ အရေးယူသွားမည်ဟု ရှင်းလင်းမှုတွင် ထည့်သွင်းပြောကြားခဲ့သည်။

သို့သော် ပြည်သူအများ လက်တွေ့ခံစားနေရသော ကိစ္စအချို့အပေါ် တက်ရောက်လာသူတစ်ဦးက တရားဝင်မဟုတ်သော်လည်း ရင်တွင်းဖြစ်စကားကို ဆိုခဲ့သည်။

"ခက်တာက အောက်ခြေမှာ၊ ရပ်ကွက်တွေမှာ တကယ်ဖြစ်နေတာတွေကိုပြောရရင် အများကြီးပဲ။ ဌာနဆိုင်ရာတွေအနေနဲ့ ပြည်သူတွေအပေါ် တာဝန်မကျေပွန်တာ၊ ပျက်ကွက်တာတွေ ဥပမာ ရပ်ကွက်ထဲ လမ်းခါတ်မီးတိုင်တွေ မလင်းတဲ့ကိစ္စဟိုဌာနလိုလို ဒီဌာနလိုလိုနဲ့ ဘော်လီဘောပုတ်ပြီး ကြန့်ကြာနေတာတွေ၊ ပြည်သူတွေက အမှောင်ထဲမှာ စမ်းတဝါးဝါး သွားနေရတာတွေ၊ နောက် ဌာနတစ်ခုက ခါတ်ကြိုးနဲ့ မလွတ်တဲ့ သစ်ကိုင်း၊ သစ်ခက်တွေ ခုတ်တယ်။ ပလက်ဖောင်းပေါ်၊ ရပ်ကွက်တွေထဲမှာဆို အများပြည်သူသွားတဲ့ လမ်းပေါ်ဒီအတိုင်းထားခဲ့တယ်။ တော်တော်နဲ့ လာမသိမ်းဘူး။ အနီးနားက မနေနိုင်လို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ညှိပြီး ငွေကောက်ပြီး ကားငှားသယ်ပြီး သွားပစ်ရတဲ့ အခြေအနေတွေက အခုထိရှိနေတယ်။ တာဝန်ယူမှု တာဝန်ခံမှုတွေ လျော့နည်းတာကို ပြည်သူတွေကပဲ ခံနေရတယ်" ဟု ဆိုသွားသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ဗဟန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်က လမ်းမီးများ လင်းရေး ဆောင်ရွက်ရာတွင် YESC နှင့် YCDC ဌာနနှစ်ခုတို့က လုပ်ငန်းလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဌာနတစ်ခုတည်းမှသာ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိ မေးမြန်းမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှု လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်နီလာကျော်က "ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့ ညှိနှိုင်းပြီး လမ်းမီးများ ထွန်းညှိခြင်းလုပ်ငန်းကို လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ တာဝန်ပေးအပ်သွားရန် ညှိနှိုင်းလျက်ရှိကြောင်း" ပြန်လည်ဖြေကြားမှုအပေါ် ပြည်သူများက ယနေ့တိုင် စောင့်မျှော်နေဆဲဖြစ်သည်။

ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက အမှာစကားပြောကြားရာတွင် "အချို့ကိစ္စတွေက ဌာနဆိုင်ရာတစ်ခုတည်းကို အပြစ်ပုံချလို့ မရပါဘူး။ ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အခု စည်ပင်ဥပဒေသစ်ကို မသိလို့ နားမလည်လို့ အပြစ်ဒဏ်ခံရတာမျိုး မဖြစ်ကြရအောင် လေ့လာကြပါ။ ဖတ်ကြပါလို့ အထူးပဲတိုက်တွန်းလိုပါတယ်"ဟု ဆိုထားသည်။

ယခုအခါ မြို့တော်ကြီး သာယာလှပသန့်ရှင်းစေရေးအတွက် အဓိက ဦးဆောင်ဆောင်ရွက်ရမယ့် ကော်မတီတွင် အများက တင်မြှောက်သော ကိုယ်စားလှယ်က အများစုပါဝင်လာပြီ ဖြစ်သည်။ မိမိတို့ ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်ကော်မတီဝင်များနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သည်။

ထို့အပြင် လသာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်က "ငါတို့မြို့ကောင်းချင်ရင်၊ ငါတို့ဥပဒေကောင်းချင်ရင်၊ ငါတို့ကိုယ်တိုင် ဒီဥပဒေထဲ ပါဝင်နိုင်တဲ့အခွင့်အလမ်းတွေ ရှိပါတယ်"ဟု ဖွင့်ဟမှုကို အခမ်းအနားအပြီး အိမ်အပြန်လမ်းတစ်လျှောက် နားထဲတွင် စွဲထင်လာခဲ့သည်။ ။